# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁ - ခန္ဓဝိဘင်္ဂ

(ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် ခန္ဓဝိဘင်းအခန်း)

### ၁ - သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း)

ခန္ဓာငါးပါး

၁ - ရူပက္ခန္ဓ (ရုပ်အစု)

ရူပက္ခန္ဓာ (ရုပ် ၁၁-မျိုး)

(၁) အတိတ်ရုပ်
(၂) အနာဂတ်ရုပ်
(၃) ပစ္စုပ္ပန်ရုပ်
(၄) အဇ္ဈတ္တရုပ်
(၅) ဗဟိဒ္ဓရုပ်
(၆) ကြမ်းတမ်းသော ဩဠာရိကရုပ်
(၇) နူးညံ့သိမ်မွေ့သော သုခုမရုပ်
(၈) ဟီနရုပ်
(၉) ပဏီတရုပ်
(၁၀) ဒူရေရုပ်
(၁၁) သန္တိကေရုပ်

၂ - ဝေဒနာက္ခန္ဓ (ခံစားမှုအစု)

ဝေဒနာက္ခန္ဓာ (ဝေဒနာ ၁၁-မျိုး)

(၁) အတိတ်ဝေဒနာ
(၂) အနာဂတ်ဝေဒနာ
(၃) ပစ္စုပ္ပန်ဝေဒနာ
(၄) အဇ္ဈတ္တဝေဒနာ
(၅) ဗဟိဒ္ဓဝေဒနာ
(၆) (၇) ဩဠာရိကဝေဒနာနှင့် သုခုမဝေဒနာ
(၈) (၉) ဟီနဝေဒနာနှင့် ပဏီတဝေဒနာ
(၁၀) ဒူရေဝေဒနာ
(၁၁) သန္တိကေဝေဒနာ

# ၁ - ခန္ဓဝိဘင်္ဂ

## ၁ - သုတ္တန္တဘာဇနီယ

၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

သညာက္ခန္ဓာ (သညာ ၁၁-မျိုး)

(၁) အတိတ်သညာ
(၂) အနာဂတ်သညာ
(၃) ပစ္စုပ္ပန်သညာ
(၄) အဇ္ဈတ္တသညာ
(၅) ဗဟိဒ္ဓသညာ
(၆) (၇) ဩဠာရိကသညာနှင့် သုခုမသညာ
(၈) (၉) ဟီနသညာနှင့် ပဏီတသညာ
(၁၀) ဒူရေသညာ
(၁၁) သန္တိကေသညာ

၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

သင်္ခါရက္ခန္ဓာ (သင်္ခါရ ၁၁-မျိုး)

(၁) အတိတ်သင်္ခါရ
(၂) အနာဂတ်သင်္ခါရ
(၃) ပစ္စုပ္ပန်သင်္ခါရ
(၄) အဇ္ဈတ္တသင်္ခါရ
(၅) ဗဟိဒ္ဓသင်္ခါရ
(၆) (၇) ဩဠာရိကသင်္ခါရနှင့် သုခုမသင်္ခါရ
(၈) (၉) ဟီနသင်္ခါရနှင့် ပဏီတသင်္ခါရ
(၁၀) ဒူရေသင်္ခါရ
(၁၁) သန္တိကေသင်္ခါရ

၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

ဝိညာဏက္ခန္ဓာ (ဝိညာဏ် ၁၁-မျိုး)

(၁) အတိတ်ဝိညာဏ်
(၂) အနာဂတ်ဝိညာဏ်
(၃) ပစ္စုပ္ပန်ဝိညာဏ်
(၄) အဇ္ဈတ္တဝိညာဏ်
(၅) ဗဟိဒ္ဓဝိညာဏ်
(၆) (၇) ဩဠာရိကဝိညာဏ်နှင့် သုခုမဝိညာဏ
(၈) (၉) ဟီနဝိညာဏ်နှင့် ပဏီတဝိညာဏ်
(၁၀) ဒူရေဝိညာဏ်
(၁၁) သန္တိကေဝိညာဏ်

# ၁ - ခန္ဓဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယ

(အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း)

ခန္ဓာငါးပါး

ဧကကနည်း ၄၃-ပါး

ဒုကနည်း ၁၀၄-ပါး

(နှစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး)

| | |
|---|---|
| ပကိဏ္ဏကဒုကနည်း ၁၄-ပါး | ဓာတု ဒုကနည်း ၁၀-ပါး |
| ဝတ္ထုဒုကနည်း ၂၅-ပါး | ဣန္ဒြိယ ဒုကနည်း ၈-ပါး |
| အာရမ္မဏဒုကနည်း ၂၅-ပါး | သုခုမရူပဒုကနည်း ၁၂-ပါး |
| အာယတန ဒုကနည်း ၁၀-ပါး | |

တိကနည်း ၁၀၃-ပါး

(သုံးပါးစီပြားသောနည်းအားဖြင့် ဟောကြားသော တိကနည်း ၁၀၃-ပါး)

| | |
|---|---|
| ပကိဏ္ဏကတိကနည်း ၁၃-ပါး | ဓာတုတိကနည်း ၁၀-ပါး |
| ဝတ္ထုတိကနည်း ၂၅-ပါး | ဣန္ဒြိယတိကနည်း ၈-ပါး |
| အာရမ္မဏတိကနည်း ၂၅-ပါး | သုခုမတိကနည်း ၁၂-ပါး |
| အာယတနတိကနည်း ၁၀-ပါး | |

စတုက္ကနည်း ၂၂-ပါး

(လေးပါးစီပြားသော နည်းအားဖြင့် ဟောကြားသော စတုက္ကနည်း ၂၂-ပါး)

ငါးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ပဉ္စက' နည်း

ခြောက်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဆက္က' နည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'သတ္တက' နည်း

ရှစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'အဋ္ဌက' နည်း

ကိုးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'နဝက' နည်း

ဆယ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဒသက' နည်း

တစ်ဆယ့်တစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဧကာဒသက' နည်း

# ၁ - ခန္ဓဝိဘင်

## ခ ၂ - ဝေဒနာက္ခန္ဓာ (ခံစားမှုအစု)

**ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)**

(ဒုက်၅၀-ကို မူတည်၍ တိက် ၁၉-ခုကို မူလီသွင်းသောနည်း)

**၁ - သဟေတုက ဒုကမူ-တိကမူလီ ၁၉-နည်း**

(၁) သဟေတုကဒုက်ကို မူထားပြီးလျှင် ကုသလတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး

| | | | | |
|---|---|---|---|---|
| ဧကကနည်း | တိကနည်း | ပဉ္စကနည်း | သတ္တကနည်း | နဝကနည်း |
| ဒုကနည်း | စတုက္ကနည်း | ဆက္ကနည်း | အဌကနည်း | ဒသကနည်း |

(၂) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဝိပါကတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး

(၃) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဥပါဒိဏ္ဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သံကိလိဋ္ဌတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဝိတက်တိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနဟေတုတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အာစယဂါမိတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သေက္ခတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၀) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၁) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၂) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဟီနတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၃) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မိစ္ဆတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မဂ္ဂါရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဥပ္ပန္နတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(၁၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

# ၁ - ခန္ဓဝိဘင်္ဂ

## ၁ ၂ - ဝေဒနာက္ခန္ဓာ (ခံစားမှုအစု)

၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

(ဤ၌ (၁) ဟေတုသမ္ပယုတ္တဒုက်ကို မူတည်ပြီးလျှင် ကုသလတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး (မှ) (၁၉) ဟေတုသမ္ပယုတ္တဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါးထိ ဟောရန်ဖြစ်သော်လည်း ကျယ်မည်စိုး၍ အကျဉ်ချုံး ဟောထားသည်။ ကျန်သော ဒုကမူ-တိကမူလီ များကိုလည်း ဤနည်းအတူသိပါလေ)

၃ - နဟေတု သဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

၄ - လောကိယဒုကမူ-တိကမူလီ ၁၉-နည်း

၅ - ကေနစိဝိညေယျဒုကမူ-တိကမူလီ ၁၉-နည်း

၆ - သာသဝဒုကမူ-တိကမူလီ ၁၉-နည်း

၇ - အာသဝသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိကမူလီ ၁၉-နည်း

၉ - သံယောဇနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၂ - ဂန္ထနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၅ - ဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၈ - ယောဂနိယဒုကမူ-တိကမူလီ ၁၉-နည်း

၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၂၀ - ယောဂဝိပ္ပယုတ္တယောနိယဒုကမူ-တိကမူလီ ၁၉-နည်း

၂၁ - နီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း

၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း

၂၄ - ပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၁ ၂ - ဝေဒနာက္ခန္ဓာ (ခံစားမှုအစု)


၂၇ - ဥပါဒိန္နဒုကမူ-တိကမူလီ ၁၉-နည်း

၂၈ - ဥပါဒါနိယဒုကမူ-တိကမူလီ ၁၉-နည်း

၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိကမူလီ ၁၉-နည်း

၃၁ - သံကိလေသိကဒုကမူ-တိကမူလီ ၁၉-နည်း

၃၂ - သံကိလိဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

၃၃ - ကိလေသာသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

၃၄ - ကိလေသာဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိကမူလီ ၁၉-နည်း

၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိကမူလီ ၁၉-နည်း

၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိကမူလီ ၁၉-နည်း

၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

၃၉ - သဝိတက္ကဒုကမူ-တိကမူလီ ၁၉-နည်း

၄၀ - သဝိစာရဒုကမူ-တိကမူလီ ၁၉-နည်း

၄၁ - သပ္ပီတိကဒုကမူ-တိကမူလီ ၁၉-နည်း

၄၂ - ပီတိသဟဂတဒုကမူ-တိကမူလီ ၁၉-နည်း

၄၃ - ကာမာဝစရဒုကမူ-တိကမူလီ ၁၉-နည်း

၄၄ - ရူပါဝစရဒုကမူ-တိကမူလီ ၁၉-နည်း

၄၅ - အရူပါဝစရဒုကမူ-တိကမူလီ ၁၉-နည်း

၄၆ - ပရိယာပန္နဒုကမူ-တိကမူလီ ၁၉-နည်း

၄၇ - နိယျာနိကဒုကမူ-တိကမူလီ ၁၉-နည်း

၄၈ - နိယတဒုကမူ-တိကမူလီ ၁၉-နည်း

၄၉ - သဥတ္တရဒုကမူ-တိကမူလီ ၁၉-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ခ ၂ - ဝေဒနာက္ခန္ဓာ (ခံစားမှုအစု)

၅၀ - သရဏဒုကမူ-တိကမူလီ ၁၉-နည်း

(၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

(၂) သရဏဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

(၃) သရဏဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း

(အမှတ် (၄) 'သရဏဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း'မှ အမှတ် (၁၈) 'သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း' အထိ ပေယျာလ လုံးဝချန်ခဲ့သည်။)

(၁၉) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း

တိကမူ-ဒုကမူလီ

(တိက် ၁၉-ခုကို မူတည်ပြီးလျှင် ဒုက် ၅၀-ကို မူလီသွင်းသောနည်း)

၁ - ကုသလတိကမူ-ဒုက် ၅၀-မူလီ

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၀-တို့ကို မူလီသွင်းသောနည်း)

(၁) ကုသလတိက်ကို မူတည်ပြီးလျှင် သဟေတုကဒုက်ကို မူလီသွင်းသော ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

(၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(၃) ကုသလတိကမူ-နဟေတုသဟေတုကဒုကမူလီ ၁၀-နည်း

(၄) ကုသလတိကမူ-လောကိယဒုကမူလီ ၁၀-နည်း

(၅) ကုသလတိကမူ-ကေနစိဝိညေယျဒုကမူလီ ၁၀-နည်း

(၆) ကုသလတိကမူ-သာသဝဒုကမူလီ ၁၀-နည်း

(၇) ကုသလတိကမူ-အာသဝသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(၈) ကုသလတိကမူ-အာသဝသဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀-နည်း

(အမှတ် (၉) ကုသလတိကမူ-သညောဇနိယဒုကမူလီမှ အမှတ် (၄၉) ကုသလတိကမူ-သဥတ္တရဒုကမူလီ အထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။)

(၅၀) ကုသလတိကမူ-သရဏဒုကမူလီ ၁၀-နည်း

------

# ၁ - ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း

၂ - ဝိပါကတိကမူ-ဒုက် ၅၀-မူလီ

(ဝိပါကတိက်ကို မူတည်၍ ဒုက်၅၀ ကိုမူလီသွင်းသောနည်း)

(၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ပ။ ဒသကနည်း)

(အမှတ် (၂) ဝိပါကတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီမှ အမှတ် (၅၀) ဝိပါကတိကမူ-
သရဏဒုကမူလီအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။)

၃ - ဥပါဒိဏ္ဏတိကမူဒုက် ၅၀မူလီ

(ဥပါဒိန္နတိက်ကိုမူတည်၍ဒုက်၅၀ကိုမူလီသွင်းသောနည်း)

(၁) ဥပါဒိန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၄ - သံကိလိဋ္ဌတိကမူ-ဒုက် ၅၀-မူလီ

(၁) သံကိလိဋ္ဌတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၅ - ဝိတက္ကတိကမူ-ဒုက် ၅၀-မူလီ

(၁) ဝိတက္ကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၆ - ဒဿနတိကမူ-ဒုက် ၅၀-မူလီ

(၁) ဒဿနတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၇ - ဒဿနဟေတုတိကမူ-ဒုက် ၅၀-မူလီ

(၁) ဒဿနဟေတုတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၈ - အာစယဂါမိတိကမူ-ဒုက် ၅၀-မူလီ

(၁) အာစယဂါမိတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၉ - သေက္ခတိကမူ-ဒုက် ၅၀-မူလီ

(၁) သေက္ခတိကမူ သဟေတုကဒုကမူလီ ၁၀-နည်း

၁၀ - ပရိတ္တတိကမူ-ဒုက် ၅၀-မူလီ

(၁) ပရိတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၁ - ပရိတ္တာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

(၁) ပရိတ္တာ ရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၂ - ဟီနတိကမူ-ဒုက် ၅၀-မူလီ

(၁) ဟီနတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း

၁၃ - မိစ္ဆတ္တတိကမူ-ဒုက် ၅၀-မူလီ

(၁) မိစ္ဆတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၄ - မဂ္ဂါရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

(၁) မိစ္ဆတ္တတိကမူ-သဟေတုကဒုမူလီ ၁၀-နည်း

၁၅ - ဥပ္ပန္နတိကမူ-ဒုက် ၅၀-မူလီ

(၁) ဥပ္ပန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၆ - အတီတတိကမူ-ဒုက် ၅၀-မူလီ

(၁) အတီတတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၇ - အတီတာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

(၁) အတီတာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၈ - အဇ္ဈတ္တတိကမူ-ဒုက် ၅၀-မူလီ

(၁) အဇ္ဈတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

၁၉ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

(၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်း

(၄) အဇ္ဈတ္တာရမ္မဏတိကမူ-လောကိယဒုကမူလီ ၁၀-နည်း

(၅) အဇ္ဈတ္တာရမ္မဏတိကမူ-ကေနစိဝိညေယျဒုကမူလီ ၁၀-နည်း

(၆) အဇ္ဈတ္တာရမ္မဏတိကမူ-သာသဝဒုကမူလီ ၁၀-နည်း

(၇) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(၈) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀-နည်း

(၉) အဇ္ဈတ္တာရမ္မဏတိကမူ-သံယောဇနိယဒုကမူလီ ၁၀-နည်း

(အဇ္ဈတ္တာရမ္မဏတိကမူကို ဒုက်ဖြင့် အကျယ်ပြရာ၌လည်း ဒုက်အမှတ် (၁၀) သံယောဇနသမ္ပယုတ္တ-ဒုကမူလီမှ အမှတ် (၄၉) သဥတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့ပြန်သည်)

(၅၀) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ဥဘတောဝမုကနည်း

(တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခုတို့ကို တစ်ပုံစီထား၍ပွားသော ဥဘတောဝမုကနည်း)

(၁) သဟေတုကဒုက်နှင့် ကုသလတိက်တစ်ပုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

(၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝိပါကတိက်တစ်ပုံ ၁၀-နည်း

(၃) နဟေတု သဟေတုကဒုက်နှင့် ဥပါဒိဏ္ဏတိက်တစ်ပုံ ၁၀-နည်း

(၄) လောကိယဒုက်နှင့်သံကိလိဋ္ဌတိက်တစ်ပုံ ၁၀-နည်း

(၅) ကေနစိဝိညေယျဒုက်နှင့်သဝိတက္ကတိက်တစ်ပုံ ၁၀-နည်း

(၆) သာသဝဒုက်နှင့် ဒဿနတိက်တစ်ပုံ ၁၀-နည်း

(၇) အာသဝသမ္ပယုတ္တဒုက်နှင့် ဒဿနဟေတုတိက်တစ်ပုံ ၁၀-နည်း

(၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် အာစယဂါမိတိက်တစ်ပုံ ၁၀-နည်း

(၉) သံယောဇနိယဒုက်နှင့် သေက္ခတိက်တစ်ပုံ ၁၀-နည်း

(၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် ပရိတ္တတိက်တစ်ပုံ ၁၀-နည်း

(၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်ပုံ ၁၀-နည်း

(၁၂) ဂန္ထနိယဒုက်နှင့် ဟီနတိက်တစ်ပုံ ၁၀-နည်း

(၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် မိစ္ဆတ္တတိက်တစ်ပုံ ၁၀-နည်း

(၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်ပုံ ၁၀-နည်း

(၁၅) ဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်ပုံ ၁၀-နည်း

(၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် အတီတတိက်တစ်ပုံ ၁၀-နည်း

(၁၇) ဩဃဝိပ္ပယုတ္တဩဃနိယဒုက်နှင့် အတီတာရမ္မဏတိက်တစ်ပုံ ၁၀-နည်း

(၁၈) ယောဂနိယဒုက်နှင့်အဇ္ဈတ္တတိက်တစ်ပုံ ၁၀-နည်း

(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်ပုံ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

## (များသောအပြားရှိသောနည်း)

(တိက် ၁၉-ခုကို ဘုံလေးပါးတို့ဖြင့်ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း ၁၉-နည်း)

**(၁) ကုသလတိက် သတ္တကနည်း**

**(၂) ဝိပါကတိက်သတ္တကနည်း**

(အမှတ် (၃) ဥပါဒိန္နတိက် သတ္တကနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ ချန်ထားသည်)

**(၁၉) အဇ္ဈတ္တာရမ္မတိက်သတ္တကနည်း**

# ၁ - ခန္ဓဝိဘင်္ဂ

## စတုဝီသတိဝိဓနည်း

(တိက် ၁၉-ခုကို ဖဿခြောက်ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိဓနည်း ၁၉-နည်း)

**(၁) ကုသလတိက် စတုဝီသတိဝိဓနည်း**

**(၂) ဝိပါကတိက် စတုဝီသတိဝိဓနည်း**

(အမှတ် (၃) ဥပါဒိန္နတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်း အထိ ပေယျာလ လုံးဝ ချန်ထားခဲ့သည်။)

**(၁၉) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း**

# ၁ - ခန္ဓဝိဘင်္ဂ

## တိံသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကိုဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း)။

# ၁ - ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓနည်း

(တိက် ၁၉-ခုကို ဘုံ လေးပါး ဖဿ ၆-ပါး တို့ဖြင့်ဝေဖန်၍ ဟောသည့် များသောအပြားရှိသော ဗဟုဝိဓနည်း ၁၉-နည်း)

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး**

**(၂) ဝိပါကတိက် ဗဟုဝိဓနည်း ၄၈-ပါး**

(အမှတ် (၃) ဥပါဒိန္နတိက် ဗဟုဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံးဝချန်ထားခဲ့သည်။)

**(၁၉) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး**

------

# ၁ - ခန္ဓဝိဘင်္ဂ

## ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

(ဒုက် ၅၂-ခုကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်းသောနည်း)

၁ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ပ။ ဒသကနည်း]

(၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

(၃) သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

(၄) သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း

(၅) သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

(၆) သဟေတုကဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

(၇) သဟေတုကဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

(၈) သဟေတုကဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(၉) သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

(၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

(၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

(၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

(၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တနိယတတိကမူလီ ၁၀-နည်း

(၁၆) သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

(၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

(၁၈) သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း

(၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

(၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

(၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

## ၁ - ခန္ဓဝိဘင်္ဂ

### ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

[ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ပ။ ဒသကနည်း]

၃ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄ - လောကီယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇ - အာသဝသမ္ပယုတ္တဒုကမူ - တိက် ၂၁-ခု မူလီ ၂၁-နည်း

၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၉ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၂ - ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၅ - ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၈ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၀ - ယောဂဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၁ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၄ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

၂၇ - ဥပါဒိဏ္ဏုပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၈ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၁ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၂ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၃ - ကိလေသ သမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၉ - သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၀ - သဝိစာရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁နည်း

၄၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၃ - သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၄ - ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၇ - အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၈ - ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၁ - သဉတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

**ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)**

**၅၂ - သရဏဒုကမူ၊ တိက် ၂၁-ခု မူလီ ၂၁-နည်း**

**(၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း**

[ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**(၂) သရဏဒုကမူ ဝေဒနာတိကမူလီ ၁၀-နည်း**

**(၃) သရဏဒုကမူ ဝိပါကတိကမူလီ ၁၀-နည်း**

(အမှတ် (၄) သရဏဒုကမူ ဥပါဒိန္နုပါဒါနိယတိကမူလီမှ အမှတ် (၂၀) သရဏဒုကမူ အဇ္ဈတ္တတိကမူလီအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်)

**(၂၁) သရဏဒုကမူ အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း**

# ၁ - ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း (တိကမူ-ဒုကမူလီ)

(တိက်တို့ကို မူတည်၍ ဒုက်တို့ကို မူလီသွင်းသောနည်း)

**၁ - ကုသလတိက်ကိုမူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း**

**(၁) ကုသလတိကမူ သဟေတုကဒုကမူလီ ၁၀-နည်း**

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**(၂) ကုသလတိကမူ ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း**

(အမှတ် (၃) ကုသလတိကမူ-နဟေတု သဟေတုကဒုကမူလီမှ အမှတ် (၅၁) ကုသလတိကမူ သဉတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။)

**၅၂ - ကုသလတိကမူ သရဏဒုကမူလီ ၁၀-နည်း**

**၂ - ဝေဒနာတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း**

**(၁) ဝေဒနာတိကမူ - သဟေတုကဒုကမူလီ ၁၀-နည်း**

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**၃ - ဝိပါကတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း**

**(၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း**

(အမှတ် (၄) ဥပါဒိန္နတိကမူ- ဒုက် ၅၂-ခု မူလီမှ အမှတ် ၂၀-အဇ္ဈတ္တတိကမူ ဒုက် ၅၂-ခု မူလီအထိ (တိကမူ ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

**၂၁ - အဇ္ဈတ္တာရမ္မဏတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း**

**(၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း**

**(၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း**

(အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတုသဟေတုကဒုကမူလီမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏ တိကမူ-သဉတ္တရ ဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။)

**(၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း**

# ၁ - ခန္ဓဝိဘင်္ဂ

## ဥဘတောဝဍ္ဎနကနည်း

(တိက်၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎနကနည်း ၂၁- နည်း)

(၁) သဟေတုကဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

(၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝေဒနာတိက်တစ်စုံ ၁၀-နည်း

(၃) နဟေတု သဟေတုကဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀-နည်း

(၄) လောကိယဒုက်နှင့် ဥပါဒိန္နတိက်တစ်စုံ ၁၀-နည်း

(၅) ကေနစိဝိညေယျဒုက်နှင့် သံကိလိဋ္ဌတိက်တစ်စုံ ၁၀-နည်း

(၆) သာသဝဒုက်နှင့် ဝိတက်တိက်တစ်စုံ ၁၀-နည်း

(၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက်တစ်စုံ ၁၀-နည်း

(၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀-နည်း

(၉) သံယောဇနိယဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀-နည်း

(၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀-နည်း

(၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀-နည်း

(၁၂) ဂန္ထနိယဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀-နည်း

(၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀-နည်း

(၁၅) ဩဃနိယဒုက်နှင့် မိစ္ဆတ္တတိက်တစ်စုံ ၁၀-နည်း

(၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၁၇) ဩဃဝိပ္ပယုတ္တဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

(၁၈) ယောဂနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၂၀) ယောဂဝိပ္ပယုတ္တယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

(၂၁) နီဝရဏိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

------

# ၁ - ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

(များသော အပြားအားဖြင့် ဟောသော ‘ဗဟုဝိဓဝါရ’ နည်း ၂၁-နည်း)

### သတ္တကနည်း

(တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီ ဟောသော သတ္တကနည်း)

**(၁) ကုသလတိက် သတ္တကနည်း**

**(၂) ဝေဒနာတိက် သတ္တကနည်း**

(အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း**

### စတုဝီသတိဝိဓနည်း

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသောစတုဝီသတိဝိဓနည်း ၂၁-နည်း)

**(၁) ကုသလတိက် စတုဝီသတိဝိဓနည်း**

**(၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း**

(အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်းအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း**

### တိံသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း)

### ဗဟုဝိဓနည်း

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ဟောသော များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း)

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး**

**(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး**

(အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး**

# ၁ - ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

### ဒုကမူလကနည်း (ဒုကမူ - တိကမူလီ)

(ဒုက် ၈၂ - ခုကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်းသောနည်း)

၁ - ဟေတုဒုကမူ တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) ဟေတုဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

(၂) ဟေတုဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

(၃) ဟေတုဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

(၄) ဟေတုဒုကမူ - ဥပါဒိဏ္ဏတိကမူလီ ၁၀-နည်း

(၅) ဟေတုဒုကမူ - သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

(၆) ဟေတုဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

(၇) ဟေတုဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

(၈) ဟေတုဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(၉) ဟေတုဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(၁၀) ဟေတုဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

(၁၁) ဟေတုဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(၁၂) ဟေတုဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

(၁၃) ဟေတုဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

(၁၄) ဟေတုဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

(၁၅) ဟေတုဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း

(၁၆) ဟေတုဒုကမူ - မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

(၁၇) ဟေတုဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

(၁၈) ဟေတုဒုကမူ-အတီတတိကမူလီ ၁၀-နည်း

(၁၉) ဟေတုဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

(၂၀) ဟေတုဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

(၂၁) ဟေတုဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

ဒုကမူလကနည်း (ဒုကမူ - တိကမူလီ)

၂ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

၃ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄ - ဟေတုသဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅ - ဟေတု ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇ - လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၈ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၉ - အာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၀ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၁ - အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၂ - အာသဝ သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၃ - အာသဝ အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၄ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၅ - သံယောဇနဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၆ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၇ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၈ - သံယောဇန သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၉ - သံယောဇန သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၀ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၁ - ဂန္ထဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၂ - ဂန္ထနိယဒုကမူ-တိက် ၂၁ - ခု မူလီ ၂၁-နည်း

၂၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၄ - ဂန္ထဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၅ - ဂန္ထဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၁၀-နည်း

၂၆ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၇ - ဩဃဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

ဒုကမူလကနည်း (ဒုကမူ - တိကမူလီ)

၂၈ - ဩဠာရိကနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၉ - ဩဠာရိကသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၀ - ဩဠာရိက ဩဠာရိကနိယဒုကမူ - တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၁ - ဩဠာရိက ဩဠာရိကသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၂ - ဩဠာရိကဝိပ္ပယုတ္တဩဠာရိကနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၃ - ယောဂဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၄ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၅ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၆ - ယောဂ ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၇ - ယောဂ ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၈ - ယောဂ ဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၉ - နီဝရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၀ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၁ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၂ - နီဝရဏ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၃ - နီဝရဏ နီဝရဏသမ္ပယုတ္တယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၄ - နီဝရဏ ဝိပ္ပယုတ္တ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၅ - ပရာမာသဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၆ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၇ - ပရာမာသသမ္ပယုတ္တဒုကမူ - တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၈ - ပရာမာသ ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၉ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၀ - ဥပါဒိန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၁ - ဥပါဒါနဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၂ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၃ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၄ - ဥပါဒါန ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

ဒုကမူလကနည်း (ဒုကမူ - တိကမူလီ)

၅၅ - ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၆ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၇ - ကိလေသဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၈ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၉ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၀ - ကိလေသ သမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၁ - ကိလေသ သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၂ - ကိလေသ သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၃ - ကိလေသ ကိလေသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၅ - ဒဿနေန ပဟာတဗ္ဗ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆၉ - သဝိတက္က ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၀ - သဝိစာရ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၃ - သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၄ - ဥပေက္ခာသဟဂတ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၇ - အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၈ - ပရိယာပန္န ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၈၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၈၁ - သဉတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၄ - သဒ္ဒါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

### ဒုကမူလကနည်း (ဒုကမူ - တိကမူလီ)

၈၂ - သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

(၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

(အမှတ် (၃) သရဏဒုကမူ-ဝိပါကတိကမူလီမှ အမှတ် (၂၀) သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ အထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။)

(၂၁) သရဏဒုကမူ - အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

### တိကမူလကနည်း

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၈၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း)

၁ - ကုသလတိကမူ-ဒုက် ၈၂-ခု မူလီ ၈၂-နည်း

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၈၂-ခုကို မူလီသွင်း၍ ဟောသော ၈၂-နည်း)

(၁) ကုသလတိကမူ-ဟေတုဒုကမူလီ ၁၀-နည်း

(အမှတ် (၂) ကုသလတိကမူ- သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၈၁) ကုသလတိကမူ-သဥတ္တရ ဒုကမူလီ ၁၀-နည်းအထိ (ကုသလတိကမူ ၈၀-နည်းကို) ပေယျာလ လုံး၀ချန်ခဲ့သည်။)

(၈၂) ကုသလတိကမူ-သရဏ ဒုကမူလီ ၁၀-နည်း

၂၁ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၈၂-ခုမူလီ ၈၂-နည်း

(၁) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုဒုကမူလီ ၁၀-နည်း

(အမှတ် (၂) အဇ္ဈတ္တာရမ္မဏတိကမူ- သဟေတုက ဒုကမူလီ ၁၀-နည်းမှ အမှတ် (၈၁) အဇ္ဈတ္တာရမ္မဏတိက မူ-သဥတ္တရဒုကမူလီ ၁၀-နည်း အထိ (အဇ္ဈတ္တာရမ္မဏတိကမူ ၈၀-နည်းကို) ပေယျာလ လုံး၀ချန်ခဲ့သည်။)

(၈၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ဥဘတောဝဓုကနည်း

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝဓုကနည်း)

(၁) ဟေတုဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀-နည်း

(၂) သဟေတုကဒုက်နှင့် ဝေဒနာတိက်တစ်စုံ ၁၀-နည်း

(၃) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀-နည်း

(၄) ဟေတု သဟေတုကဒုက်နှင့် ဥပါဒိဏ္ဏတိက်တစ်စုံ ၁၀-နည်း

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်နှင့် သံကိလိဋ္ဌတိက်တစ်စုံ ၁၀-နည်း

(၆) နဟေတု သဟေတုကဒုက်နှင့် သဝိတက္ကတိက်တစ်စုံ ၁၀-နည်း

(၇) လောကိယဒုက်နှင့် ပီတိတိက်တစ်စုံ ၁၀-နည်း

(၈) ကေနစိဝိညေယျဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀-နည်း

(၉) အာသဝဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀-နည်း

(၁၀) သာသဝဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀-နည်း

(၁၁) အာသဝသမ္ပယုတ္တဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀-နည်း

(၁၂) အာသဝသာသဝဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀-နည်း

(၁၃) အာသဝ အာသဝသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၁၄) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀-နည်း

(၁၅) သံယောဇနဒုက်နှင့် မိစ္ဆတ္တနိယတတိက်တစ်စုံ ၁၀-နည်း

(၁၆) သံယောဇနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၁၇) သံယောဇနသမ္ပယုတ္တဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

(၁၈) သံယောဇန သံယောဇနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

(၁၉) သံယောဇန သံယောဇနသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၂၀) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

(၂၁) ဂန္ထဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

(များသော အပြားအားဖြင့် ဟောသော ဗဟုဝိဓဝါရနည်း ၂၁-နည်း)

## သတ္တကနည်း

**(တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း ၂၁-နည်း)**

**(၁) ကုသလတိက် သတ္တကနည်း**

**(၂) ဝေဒနာတိက် သတ္တကနည်း**

(အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း**

## စတုဝီသတိဝိဓနည်း

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း)

**(၁) ကုသလတိက် စတုဝီသတိဝိဓနည်း**

**(၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း**

(အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိဓ နည်းအထိ (စတုဝီ-သတိဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း**

## တိံသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-ဖြင့် ဟောသော တိံသဝိဓနည်း)

## ဗဟုဝိဓနည်း

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း)

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး**

**(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး**

(အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်း တို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး**

# ၁ - ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

### ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

(ဒုက် ၅၂-ခုကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း)

၁ - သဟေတုကဒုကမူ တိက် ၂၁-ခု မူလီ ၂၁-နည်း

(၁) သဟေတုကဒုကမူ ကုသလတိကမူလီ ၁၀-နည်း

(၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

(၃) သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

(၄) သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း

(၅) သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

(၆) သဟေတုကဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

(၇) သဟေတုကဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

(၈) သဟေတုကဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(၉) သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

(၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

(၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

(၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

(၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း

(၁၆) သဟေတုကဒုကမူ - မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

(၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

(၁၈) သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း

(၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

(၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

(၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

### ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄ - လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၆ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၇ - အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၉ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၂ - ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၅ - ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၈ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၀ - ယောဂဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၁ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၄ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၇ - ဥပါဒိဏ္ဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၂၈ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၁ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၂ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၃ - ကိလေသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ- တိက် ၂၁-ခု မူလီ ၂၁-နည်း

၃၉ - သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၀ - သဝိစာရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၃ -သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၄ - ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၇-အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၈ - ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၄၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

၅၁ - သဥတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

### ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

**၅၂ - သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း**

**(၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း**

**(၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း**

**(၃) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း**

(အမှတ် (၄) သရဏဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်းမှ အမှတ် (၂၀) သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်းအထိ (သရဏဒုကမူ ၁၇-နည်းတို့ကို) ပေယျာလ လုံးဝ ချန်ခဲ့သည်။)

**(၂၁) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း**

# ၁ - ခန္ဓဝိဘင်္ဂ

### တိကမူလကနည်း (တိကမူ-ဒုကမူလီ)

(တိက်၂၁- ခုကို မူတည်ပြီးလျှင် ဒုက် ၅၂ - ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း)

**၁ - ကုသလတိကမူ-ဒုက် ၅၂-ခု မူလီ**

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ဟောသောနည်း ၅၂-နည်း)

**(၁) ကုသလတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း**

**(၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း**

(အမှတ် (၃) ကုသလတိကမူ-နဟေတု သဟေတုက ဒုကမူလီ ၁၀-နည်းမှ အမှတ် (၅၁) ကုသလ တိကမူ သဉ္စတ္တရဒုကမူလီ ၁၀-နည်းအထိ (ကုသလတိကမူ ၄၉-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

**(၅၂) ကုသလတိကမူ-သရဏဒုကမူလီ ၁၀-နည်း**

**၂ - ဝေဒနာတိကမူ-ဒုက် ၅၂-ခု မူလီ**

(ဝေဒနာတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

**(၁) ဝေဒနာတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း**

# ၁ - ခန္ဓဝိဘင်္ဂ

## ၃ - ဝိပါကတိကမူ-ဒုက် ၅၂-ခု မူလီ

(ဝိပါကတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

### (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(အမှတ် (၄) ဥပါဒိဏ္ဏတိကမူ-ဒုက်-၅၂-ခု မူလီမှ အမှတ် (၂၀) အဇ္ဈတ္တတိကမူ-ဒုက် ၅၂-ခု မူလီ အထိ (တိကမူ ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

## ၂၁ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၂-ခု မူလီ ၅၂-နည်း

### (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

### (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏ တိကမူ-သဥတ္တရဒုကမူလီ ၁၀-နည်း အထိ (အဇ္ဈတ္တာရမ္မဏတိကမူ ၄၉-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

### (၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်

## ဥဘတောဝမှုကနည်း

(တိက် ၂၁- ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝမှုကနည်း ၂၁-နည်း)

(၁) သဟေတုကဒုက်နှင့် ကုသလတိက် တစ်စုံ ၁၀-နည်း

(၂) ဟေတုသမ္ပယုတ္တဒုက်နှင့်ဝေဒနာတိက် တစ်စုံ ၁၀-နည်း

(၃) နဟေတုသဟေတုကဒုက်နှင့်ဝိပါကတိက် တစ်စုံ ၁၀-နည်း

(၄) လောကိယဒုက်နှင့် ဥပါဒိဏ္ဏတိက် တစ်စုံ ၁၀-နည်း

(၅) ကေနစိဝိညေယျဒုက်နှင့် သံကိလိဋ္ဌတိက် တစ်စုံ ၁၀-နည်း

(၆) သာသဝဒုက်နှင့် သဝိတက္ကတိက် တစ်စုံ ၁၀-နည်း

(၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက် တစ်စုံ ၁၀-နည်း

(၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဒဿနတိက် တစ်စုံ ၁၀-နည်း

(၉) သံယောဇနိယဒုက်နှင့် ဒဿနဟေတုတိက် တစ်စုံ ၁၀-နည်း

(၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် အာစယဂါမိတိက် တစ်စုံ ၁၀-နည်း

(၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် သေက္ခတိက် တစ်စုံ ၁၀-နည်း

(၁၂) ဂန္ထနိယဒုက်နှင့် ပရိတ္တတိက် တစ်စုံ ၁၀-နည်း

(၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက် တစ်စုံ ၁၀-နည်း

(၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် ဟီနတိက် တစ်စုံ ၁၀-နည်း

(၁၅) ဩဃနိယဒုက်နှင့် မိစ္ဆတ္တတိက် တစ်စုံ ၁၀-နည်း

(၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက် တစ်စုံ ၁၀-နည်း

(၁၇) ဩဃဝိပ္ပယုတ္တဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

(၁၈) ယောဂနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

(၂၀) ယောဂဝိပ္ပယုတ္တယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

(၂၁) နီဝရဏိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

# ၁ - ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

(များသောအပြားအားဖြင့် ဟောသော ဗဟုဝိဓဝါရနည်း ၂၁-နည်း)

## သတ္တကနည်း

(တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့်ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း)

**(၁) ကုသလတိက် သတ္တကနည်း**

**(၂) ဝေဒနာတိက် သတ္တကနည်း**

(အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ (သတ္တကနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ထားခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း**

## စတုဝီသတိဝိဓနည်း

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄ -ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း)

**(၁) ကုသလတိက် စတုဝီသတိဝိဓနည်း**

**(၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း**

(အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်းအထိ (စတုဝိ သတိဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝိသတိဝိဓနည်း**

## တိံသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိံသဝိဓနည်း)

## ဗဟုဝိဓနည်း

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့်

များသော အပြားရှိသော ဗဟုဝိဓ နည်း ၂၁-နည်း)

**(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး**

**(၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး**

(အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝ ချန်ခဲ့သည်။)

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး**

# ၁ - ခန္ဓဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆက

(အမေးအဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်း)

**ခန္ဓာငါးပါး**

(ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း)

**၁ - တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း**

**(၁) ကုသလတိက် အမေးပုစ္ဆာ**

(တိက်အမှတ် ၂-မှ ၂၂-အထိ ပေယျာလ ချန်ထားခဲ့သည်။)

**၂ - ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း**

(ဒုက်အမှတ် ၁-မှ ၉၉-အထိ ပေယျာလ ချန်ထားခဲ့သည်)

**(၁၀၀) သရဏဒုက် အမေးပုစ္ဆာ**

**ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း**

**၁ - တိကဝိဇ္ဇနာ** (ခန္ဓာ ၅-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ
(၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ
(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ
(၄) ဥပါဒိဏ္ဏတိက် အဖြေဝိသဇ္ဇနာ
(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ
(၆) ဝိတက္ကတိက် အဖြေဝိသဇ္ဇနာ
(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ
(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ
(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ
(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ
(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ
(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ
(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ
(၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ
(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ
(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ
(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ
(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ
(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ

# ၁ - ခန္ဓဝိဘင်

## ၂ - ဒုကဝိသဇ္ဇနာ

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတု သဟေတုကဒုက်
(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်
(၆) နဟေတု သဟေတုကဒုက်

၂ - စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယဒုက်
(၁၃) ကေနစိဝိညေယျဒုက်

၃ - အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

၄ - သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၂၀) သံယောဇနဒုက်
(၂၁) သံယောဇနိယဒုက်
(၂၂) သံယောဇနသမ္ပယုတ္တဒုက်
(၂၃) သံယောဇန သံယောဇနိယဒုက်
(၂၄) သံယောဇန သံယောဇနသမ္ပယုတ္တဒုက်
(၂၅) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်

၅ - ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၂၆) ဂန္ထဒုက်
(၂၇) ဂန္ထနိယဒုက်
(၂၈) ဂန္ထသမ္ပယုတ္တဒုက်
(၂၉) ဂန္ထ ဂန္ထနိယဒုက်
(၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်
(၃၁) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်

# ၁ - ခန္ဓဝိဘင်္ဂ

၆ - ဩဠာရိကာဒိဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

၇ - ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆကဒုက်တို့သည် အာသဝဂေါစ္ဆကဒုက်နှင့် အလုံးစုံတူသည်။)

၈ - နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၄၄) နီဝရဏဒုက်

(၄၅) နီဝရဏိယဒုက်

(၄၆) နီဝရဏသမ္ပယုတ္တဒုက်

(၄၇) နီဝရဏ နီဝရဏိယဒုက်

(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်

(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက်

၉ - ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေ ဝိသဇ္ဇနာ

(၅၀) ပရာမာသဒုက်

(၅၁) ပရာမဋ္ဌဒုက်

(၅၂) ပရာမာသသမ္ပယုတ္တဒုက်

(၅၃) ပရာမာသ ပရာမဋ္ဌဒုက

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက်

၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေ ဝိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက်

(၅၆) စိတ္တဒုက်

(၅၇) စေတသိကဒုက်

(၅၈) စိတ္တသမ္ပယုတ္တဒုက်

(၅၉) စိတ္တသံသဋ္ဌဒုက်

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(၆၁) စိတ္တသဟဘုဒုက်

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(၆၆) အဇ္ဈတ္တိကဒုက်

(၆၇) ဥပါဒါဒုက်

(၆၈) ဥပါဒိန္နဒုက်

၁၁ - ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၆၉) ဥပါဒါနဒုက်

(၇၀) ဥပါဒါနိယဒုက်

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက်

(၇၂) ဥပါဒါန ဥပါဒါနိယဒုက်

(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်

(၇၄) ဥပါဒါန ဝိပ္ပယုတ္တဥပါဒါနိယဒုက်

# ၁ - ခန္ဓဝိဘင်္ဂ

၁၂ - ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေ ဝိသဇ္ဇနာ

(၇၅) ကိလေသဒုက်
(၇၆) သံကိလေသိကဒုက်
(၇၇) သံကိလိဋ္ဌဒုက်
(၇၈) ကိလေသသမ္ပယုတ္တဒုက်
(၇၉) ကိလေသ သံကိလေသိကဒုက်
(၈၀) ကိလေသ သံကိလိဋ္ဌဒုက်
(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက်
(၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက်

၁၃ - ပိဋ္ဌိဒုက် ၁၈-ခု အဖြေ ဝိသဇ္ဇနာ

(၈၃) ဒဿနေန ပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက်
(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့်

'ခန္ဓဝိဘင်း' မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁ - ခန္ဓဝိဘင်္ဂ

## (ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် ခန္ဓဝိဘင်းအခန်း)

### ၁ - သုတ္တန္တဘာဇနီယ

### (သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း)

**ခန္ဓာငါးပါး**

၁။ ခန္ဓာငါးပါးတို့ကား- ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ' တို့တည်း။

### ၁ - ရူပက္ခန္ဓ (ရုပ်အစု)

**ရူပက္ခန္ဓာ (ရုပ် ၁၁-မျိုး)**

၂။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ရုပ်အစု 'ရူပက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီး 'အတီတ'ရုပ်၊ ဖြစ်လတ္တံ့ 'အနာဂတ' ရုပ်၊ ဖြစ်ဆဲ 'ပစ္စုပ္ပန္န' ရုပ်၊ အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ' ရုပ်၊ အပသန္တာန်၌ဖြစ်သော 'ဗဟိဒ္ဓ' ရုပ်၊ ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်၊ နူးညံ့သိမ်မွေ့သော 'သုခုမ' ရုပ်၊ ယုတ်ညံ့သော 'ဟီန' ရုပ်၊ မြင့်မြတ်သော 'ပဏီတ' ရုပ်၊ ဝေးသော (အသိခက်သော) 'ဒူရေ' ရုပ်၊ နီးသော (သိလွယ်သော) 'သန္တိကေ' ရုပ် တည်းဟူသော အလုံးစုံသော အကြင် ရုပ်သည် ရှိ၏။ ထို (အားလုံးသော ရုပ် ၁၁-မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤသဘောကို ရုပ်အစု 'ရူပက္ခန္ဓာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၁) အတိတ်ရုပ်

၃။ ထို (၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်ပြီးရုပ် 'အတိတ်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟု ဆိုအပ်သော အကြင်ရုပ်သည် လွန်ပြီးဖြစ်၏ (အတီတံ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓံ)၊ ကင်းပြီးဖြစ်၏ (ဝိဂတံ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတံ)၊ ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်၏ (အတ္ထင်္ဂတံ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတံ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာ ဝိဂတံ)၊ လွန်ပြီးဖြစ်၏ (အတီတံ)၊ လွန်ပြီးသော အတိတ်တရားအစု အဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေနသင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ဖြစ်ပြီးရုပ် 'အတိတ်ရုပ်'ဟု ဆိုအပ်၏။

## (၂) အနာဂတ်ရုပ်

ထို (၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်လတ္တံ့ရုပ် 'အနာဂတ်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟု ဆိုအပ်သော အကြင် ရုပ်သည် မဖြစ်ပေါ်သေး (အဇာတံ)၊ မထင်ရှားသေး (ထင်ရှားမရှိသေး) (အဘူတံ)၊ ကောင်းစွာ မဖြစ်မရှိသေး (လုံးဝ မဖြစ်မရှိသေး) (အသဉ္ဇာတံ)၊ မဖြစ်သေး (အနိဗ္ဗတ္တံ)၊ အသစ် မဖြစ်သေး (အနဘိနိဗ္ဗတ္တံ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတံ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နံ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (လုံးဝမဖြစ်ပေါ်သေး) (အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတံ)၊ ကောင်းစွာ မပေါ်ပေါက်သေး (လုံးဝမပေါ်ပေါက်သေး) (အသမုဋ္ဌိတံ)၊ မရောက်လာသေး (အနာဂတံ)၊ မရောက်လာသေးသော အနာဂတ် တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတံ)။ ဤ(ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ဖြစ်လတ္တံ့ရုပ် 'အနာဂတ်ရုပ်' ဟု ဆိုအပ်၏။

## (၃) ပစ္စုပ္ပန်ရုပ်

ထို (၁၁-မျိုးသောရုပ်တို့) တွင် အဘယ်ရုပ်သည် ဖြစ်ဆဲရုပ် 'ပစ္စုပ္ပန်ရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟု ဆိုအပ်သော အကြင် ရုပ်သည် ဖြစ်ဆဲဖြစ်၏ (ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတံ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတံ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတံ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နံ)၊ ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတံ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နံ)၊ ယခု ဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေနသင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ဖြစ်ဆဲရုပ် 'ပစ္စုပ္ပန်ရုပ်' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၄) အဇ္ဈတ္တရုပ်

၄။ ထို(ရုပ်၁၁-မျိုးတို့)တွင် အဘယ်ရုပ်သည် အတွင်းသန္တာန်၌ ဖြစ်သောရုပ် 'အဇ္ဈတ္တရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟု ဆိုအပ်သောအကြင် ရုပ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကံ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ[၁])။ ဤ(ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို အတွင်းသန္တာန်၌ဖြစ်သောရုပ် 'အဇ္ဈတ္တရုပ်' ဟု ဆိုအပ်၏။

## (၅) ဗဟိဒ္ဓရုပ်

ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် အပသန္တာန်၌ဖြစ်သောရုပ် 'ဗဟိဒ္ဓရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟု ဆိုအပ်သောအကြင် ရုပ်သည် ထိုထိုတစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ(ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို အပသန္တာန်၌ ဖြစ်သောရုပ် 'ဗဟိဒ္ဓရုပ်' ဟု ဆိုအပ်၏။

၁။ ဤနေရာ၌ ရုပ်အားလုံးသည်ပင် 'ဥပါဒိန္န' ဖြစ်သည်ဟု ဆိုလိုသည်၊ ထို့ကြောင့် 'ဥပါဒိန္န' ပုဒ်၏ အနက်ကို 'ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏'ဟု မြန်မာပြန် ဆိုရမည်ဖြစ်သည်၊ ဥပါဒိန္နတိက် အဖွင့်၌ 'ဥပါဒိန္န' ပုဒ်၏ အဓိပ္ပါယ်ကို 'ကမ္မဇ' ဟု ဖွင့်သည်၊ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် တရားအားလုံးကိုလည်း 'ဥပါဒိန္န' ဟု ခေါ်သည်ဟု ဖွင့်ပြသေးသည်။ (စာပိုဒ် ၁၀၅၀၊ အဋ္ဌသာလိနီ၊ မူလဋီကာ)။

## (၆) ကြမ်းတမ်းသော ဩဠာရိကရုပ်

၅။ ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် ကြမ်းတမ်းသော ရုပ် 'ဩဠာရိကရုပ်' မည်သနည်း။

မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတနရုပ်'၊ ကြားသိစိတ် သောတဝိညာဏ်ဖြစ်ရာ နားအကြည် 'သောတာယတနရုပ်'၊ နံသိစိတ် ဃာနဝိညာဏ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတနရုပ်'၊ လျက်သိစိတ် ဇိဝှါဝိညာဏ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတနရုပ်'၊ ထိသိစိတ် ကာယဝိညာဏ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတနရုပ်'။

မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတနရုပ်'၊ ကြားသိစိတ် 'သောတ ဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတနရုပ်'၊ နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန ရုပ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတနရုပ်'၊ ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း တွေ့ထိမှု 'ဖောဋ္ဌဗ္ဗာယတနရုပ်' သည် ရှိ၏။ ဤ (ဆိုခဲ့ပြီးသော ရုပ် ၁၂-ပါး) ကို ကြမ်းတမ်းသောရုပ် 'ဩဠာရိကရုပ်' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၇) နူးညံ့သိမ်မွေ့သော သုခုမရုပ်

ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် နူးညံ့သိမ်မွေ့ သောရုပ် ‘သုခုမရုပ်’ မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု ‘ဣတ္ထိန္ဒြေရုပ်’၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု ‘ပုရိသိန္ဒြေရုပ်’၊ အသက်ရှင်ကြောင်း၌ အစိုးတရ စောင့်ရှောက်မှု ‘ဇီဝိတိန္ဒြေရုပ်’၊ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သော ကိုယ်အမူအရာ ‘ကာယဝိညတ်ရုပ်’၊ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သော နှုတ်မြွက်မှု အမူအရာ ‘ဝစီဝိညတ်ရုပ်’၊ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော ဟင်းလင်း) သဘော ‘အာကာသဓာတုရုပ်’၊ (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှု ‘လဟုတာရုပ်’၊ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှု ‘မုဒုတာရုပ်’၊ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) ‘ကမ္မညတာရုပ်’၊ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ ‘ဥပစယရုပ်’၊ (နိပ္ဖန္န) ရုပ်၏ ကြီးပွားဆဲ အစဉ် ‘သန္တတိရုပ်’၊ (နိပ္ဖန္န) ရုပ်၏ ယိုယွင်းရင့်ရော် လျော့ပါးမှု ‘ဇရတာရုပ်’၊ (နိပ္ဖန္န) ရုပ်၏ ချုပ်ပျက်၍ မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) ‘အနိစ္စတာရုပ်’၊ ဖွဲ့စည်းမှုသဘော ‘အာပေါရုပ်’၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏ တည်ရာ ဆောင်ထားတတ်သော သဘော ‘ဟဒယဝတ္ထုရုပ်’၊ အလုပ်အလွေး ပြုအပ်သော အစားအစာ ‘ကဗဠီကာရအာဟာရရုပ်’ သည် ရှိ၏။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို နူးညံ့သိမ်မွေ့သော ရုပ် ‘သုခုမရုပ်’ ဟု ဆိုအပ်၏။

## (၈) ဟီနရုပ်

၆။ ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် ယုတ်ညံ့သောရုပ် ‘ဟီနရုပ်’ မည်သနည်း။

အဆင်း ‘ရူပ’၊ အသံ ‘သဒ္ဒ’၊ အနံ့ ‘ဂန္ဓ’၊ အရသာ ‘ရသ’၊ တွေ့ထိမှု (အတွေ့) ‘ဖောဋ္ဌဗ္ဗ’ ဟု ဆိုအပ်သော အကြင် ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထီမဲ့မြင်အားဖြင့် သိအပ်၏ (ဥညာတံ)၊ ရှုတ်ချသောအားဖြင့် သိအပ်၏ (အဝညာတံ)၊ ပစ်ပယ်အပ်၏, စက်ဆုပ်အပ်၏ (ဟီဠိတံ)၊ နှိပ်စက်အပ်၏ (နှိပ်ချကဲ့ရဲ့အပ်၏) (ပရိဘူတံ)၊ အလေးမပြုအပ် (အရိုအသေမပြုအပ်) (အစိတ္တီကတံ)၊ ယုတ်ညံ့၏ (ဟီနံ)၊ ယုတ်ညံ့၏ဟု သိအပ်၏ (ဟီနမတံ)၊ ယုတ်ညံ့၏ဟု သမုတ်အပ်၏ (ဟီနသမ္မတံ)၊ မလိုချင်အပ် (အနိဋ္ဌံ)၊ မနှစ်သက်အပ် (အကန္တံ)၊ စိတ်နှလုံး၌ မသက်ဝင်အပ် (မနှစ်လိုအပ်) (အမနာပံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို ယုတ်ညံ့သော ရုပ် ‘ဟီနရုပ်’ ဟု ဆိုအပ်၏ (အကုသိုလ် ကမ္မဇရုပ်[၁])။

## (၉) ပဏီတရုပ်

ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် မြင့်မြတ်သောရုပ် ‘ပဏီတရုပ်’ မည်သနည်း။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဟု ဆိုအပ်သော အကြင် ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထီမဲ့မြင်အားဖြင့် မသိအပ် (မထီမဲ့မြင်ပြုအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနုညာတံ)၊ ရှုတ်ချသောအားဖြင့် မသိအပ် (ရှုတ်ချအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနဝညာတံ)၊ မပစ်ပယ်အပ်, မစက်ဆုပ်အပ် (အဟီဠိတံ)၊ မနှိပ်စက်အပ် (မနှိပ်ချ မကဲ့ရဲ့အပ်) (အပရိဘူတံ)၊ အလေးပြုအပ် (ရိုသေအပ်၏) (စိတ္တီကတံ)၊ မြင့်မြတ်၏ (ပဏီတံ)၊ မြင့်မြတ်၏ဟု သိအပ်၏ (ပဏီတမတံ)၊ မြင့်မြတ်၏ဟု သမုတ်အပ်၏ (ပဏီတသမ္မတံ)၊ လိုချင်အပ်၏ (ဣဋ္ဌံ)၊ နှစ်သက်အပ်၏ (ကန္တံ)၊ စိတ်နှလုံး၌ သက်ဝင်၏ (နှစ်လိုဖွယ်ဖြစ်၏) (မနာပံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို မြင့်မြတ်သောရုပ် ‘ပဏီတရုပ်’ ဟု ဆိုအပ်၏ (ကုသိုလ်ကမ္မဇရုပ်[၂])။

တစ်နည်းကား၊ ထိုထိုရုပ်ကို စွဲ၍ စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ယုတ်ညံ့သောရုပ် 'ဟီနရုပ်' နှင့် မြင့်မြတ်သောရုပ် 'ပဏီတရုပ်'[၃] ကို မှတ်အပ်၏။

၁၊၂၊၃။ ဤနေရာ၌ အကုသိုလ် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို 'ဟီနရုပ်' ဟု လည်းကောင်း၊ ကုသိုလ်ကံကြောင့် ဖြစ်သော ကမ္မဇရုပ်ကို 'ပဏီတရုပ်' ဟု လည်းကောင်း အရကောက်အားဖြင့် ဦးစားပေး၍ ပြထားခြင်းမှာ ပဓာန နည်းအားဖြင့်သာ ပြခြင်းဖြစ်သည်၊ စင်စစ်မှာ အားလုံးသော စတုဇရုပ်များကိုပင် ယူနိုင်သည်ဟု ဆိုထားသည် (သမ္မောဟဝိနောဒနီ စာမျက်နှာ ၉)။

## (၁၀) ဒူရေရုပ်

၇။ ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် ဝေးသောရုပ် (အသိခက်သောရုပ်) 'ဒူရေရုပ်' မည်သနည်း။

ဣတ္ထိန္ဒြေရုပ်။ပ။ ကဗဠီကာရအာဟာရရုပ်တို့တည်း (သုခုမရုပ် ၁၆-ပါး)။

ထို့ပြင်လည်း အကြင်ရုပ်သည် မနီးရာ၌ ရှိ၏ (အနာသန္နေ)၊ မကပ်ရာ၌ ရှိ၏ (အနုပကဋ္ဌေ)၊ ဝေးရာ၌ ရှိ၏ (ဒူရေ)၊ အနီး မဟုတ်ရာ၌ ရှိ၏ (အသန္တိကေ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို 'ဒူရေရုပ်' ဟု ဆိုအပ်၏။

## (၁၁) သန္တိကေရုပ်

ထို (ရုပ် ၁၁-မျိုးတို့) တွင် အဘယ်ရုပ်သည် နီးသောရုပ် (သိလွယ်သောရုပ်) 'သန္တိကေရုပ်' မည်သနည်း။

စက္ခာယတနရုပ်။ပ။ ဖောဋ္ဌဗ္ဗာယတနရုပ်တို့တည်း (ဩဠာရိကရုပ် ၁၂-ပါး)။

ထို့ပြင်လည်း အကြင် ရုပ်သည် နီးရာ၌ ရှိ၏ (အာသန္နေ)၊ ကပ်ရာ၌ ရှိ၏ (ဥပကဋ္ဌေ)၊ မဝေးရာ၌ ရှိ၏ (အဝိဒူရေ)၊ အနီး၌ ရှိ၏ (သန္တိကေ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို 'သန္တိကေရုပ်' ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုရုပ်ကို စွဲ၍ စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ဝေးသောရုပ် 'ဒူရေရုပ်' နှင့် နီးသောရုပ် 'သန္တိကေရုပ်' ကို မှတ်အပ်၏။

# ခန္ဓဝိဘင်္ဂ

## ၂ - ဝေဒနာက္ခန္ဓ (ခံစားမှုအစု)

### ဝေဒနာက္ခန္ဓာ (ဝေဒနာ ၁၁-မျိုး)

၈။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီးခံစားမှု 'အတိတ်ဝေဒနာ'၊ ဖြစ်လတ္တံ့ခံစားမှု 'အနာဂတ်ဝေဒနာ'၊ ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန် ဝေဒနာ'၊ အတွင်းသန္တာန်၌ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ'၊ အပသန္တာန်၌ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓ ဝေဒနာ'၊ ကြမ်းတမ်းသော ခံစားမှု 'ဩဠာရိကဝေဒနာ'၊ နူးညံ့သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ'၊ ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'၊ မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ'၊ ဝေးသော ခံစားမှု 'ဒူရေ ဝေဒနာ'၊ နီးသော ခံစားမှု 'သန္တိကေဝေဒနာ' တည်းဟူသော အလုံးစုံသော အကြင် ခံစားမှု ဝေဒနာသည် ရှိ၏။ ထို(အားလုံးသော ခံစားမှု 'ဝေဒနာ' ၁၁-မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' ဟု ဆိုအပ်၏။

### (၁) အတိတ်ဝေဒနာ

၉။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်ပြီးခံစားမှု 'အတိတ်ဝေဒနာ' မည် သနည်း။

ချမ်းသာခံစားမှု 'သုခဝေဒနာ'၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'၊ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု (အလယ်အလတ်ခံစားမှု) 'အဒုက္ခမသုခဝေဒနာ' ဟု ဆိုအပ်သော အကြင်ခံစားမှု ဝေဒနာသည် လွန်ပြီး ဖြစ်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာ ဝိဂတာ)၊ လွန်ပြီး ဖြစ်၏ (အတီတာ)၊ လွန်ပြီး သော အတိတ်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ' အပေါင်း) ကို ဖြစ်ပြီးခံစားမှု 'အတိတ်ဝေဒနာ' ဟု ဆိုအပ်၏။ (ပဒ အမှတ် ၃-ရှု။)

### (၂) အနာဂတ်ဝေဒနာ

ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ' သည် ဖြစ်လတ္တံ့ခံစားမှု 'အနာဂတ်ဝေဒနာ' မည် သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင် ဝေဒနာသည် မဖြစ်ပေါ် သေး (အဇာတာ)၊ မထင်ရှားသေး (အဘူတာ)၊ ကောင်းစွာ မဖြစ်မရှိသေး (အသဥ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး (အနာဂတာ)၊ မရောက်လာသေးသော အနာဂတ် တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ' အပေါင်း) ကို ဖြစ်လတ္တံ့ ခံစားမှု 'အနာဂတ်ဝေဒနာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၃) ပစ္စုပ္ပန်ဝေဒနာ

ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ' သည် ဖြစ်ဆဲ ခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ' မည် သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင် ခံစားမှု 'ဝေဒနာ' သည် ဖြစ်ဆဲဖြစ်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲ ဖြစ်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲ ဖြစ်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတာ)၊ ယခု ဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နာ)၊ ယခု ဖြစ်ပေါ်ဆဲ ဖြစ်သော ပစ္စုပ္ပန် တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ' အပေါင်း) ကို ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ' ဟု ဆိုအပ်၏။ (ရုပ်ပစ္စုပ္ပန်-ပဒ ၃-ကြည့်။)

## (၄) အဇ္ဈတ္တဝေဒနာ

၁၀။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ် 'ဝေဒနာ' သည် အတွင်းသန္တာန်၌ ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ' မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင် ဝေဒနာသည် ထိုထို သတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ' အပေါင်း) ကို အတွင်းသန္တာန်၌ ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ' ဟု ဆိုအပ်၏။ (ပဒအမှတ် ၄-ကြည့်။)

## (၅) ဗဟိဒ္ဓဝေဒနာ

ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ဝေဒနာသည် အပသန္တာန်၌ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ' မည် သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင် ဝေဒနာသည် ထိုထို တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တစ်ပါး သောပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကာ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ် ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ' အပေါင်း) ကို အပသန္တာန်၌ ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၆) (၇) ဩဠာရိကဝေဒနာနှင့် သုခုမဝေဒနာ

၁၁။ ထို(ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ဝေဒနာသည် ကြမ်းတမ်းသော ခံစားမှု 'ဩဠာရိက ဝေဒနာ' နှင့် နူးညံ့သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ခံစားမှု 'အကုသိုလ်ဝေဒနာ' သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု 'ကုသိုလ်ဝေဒနာ' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု 'အဗျာကတဝေဒနာ' သည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာသည် ကြမ်းတမ်း၏၊ အဗျာကတဝေဒနာ သည် နူးညံ့သိမ်မွေ့၏။

ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာသည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ အဒုက္ခမသုခဝေဒနာသည် နူးညံ့သိမ်မွေ့ ၏။

သမာပတ် မဝင်စားသူ၏ ဝေဒနာသည် ကြမ်းတမ်း၏၊ သမာပတ် ဝင်စားသူ၏ ဝေဒနာသည် နူးညံ့ သိမ်မွေ့၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာသည် နူးညံ့သိမ်မွေ့၏။

တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာ တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ကြမ်းတမ်းသော ခံစားမှု 'ဩဠာရိကဝေဒနာ' နှင့် နူးညံ့ သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ' ကို မှတ်အပ်၏။

## (၈) (၉) ဟီနဝေဒနာနှင့် ပဏီတဝေဒနာ

၁၂။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ဝေဒနာ' သည် ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ' နှင့် မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှု 'အကုသိုလ်ဝေဒနာ' သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု 'ကုသိုလ်ဝေဒနာ' နှင့် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု 'အဗျာကတဝေဒနာ' သည် မြင့်မြတ်၏၊ (တစ်နည်းကား) ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာသည် ယုတ်ညံ့၏၊ အဗျာကတဝေဒနာသည် မြင့်မြတ်၏။

ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏၊ (တစ်နည်း ကား) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊ အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏။

သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ယုတ်ညံ့၏၊ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် မြင့်မြတ် ၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေ တတ်သည့် 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာသည် မြင့်မြတ်၏။

တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ' နှင့် မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ' ကို မှတ်အပ်၏။

## (၁၀) ဒူရေဝေဒနာ

၁၃။ ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ်ဝေဒနာသည် ဝေးသော ခံစားမှု 'ဒူရေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏၊ ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

ကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏၊ အကုသိုက်ဝေဒနာနှင့်အဗျာကတဝေဒနာတို့သည် ကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

အဗျာကတဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာတို့မှ ဝေးကုန်၏။ ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာတို့သည် အဗျာကတဝေဒနာမှ ဝေးကုန်၏။

ဒုက္ခဝေဒနာသည် သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် ဒုက္ခဝေဒနာမှ ဝေးကုန်၏။

သုခဝေဒနာသည် ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏၊ ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် သုခဝေဒနာမှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာသည် သုခဝေဒနာနှင့်ဒုက္ခဝေဒနာတို့မှ ဝေး၏၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့သည် အဒုက္ခမသုခဝေဒနာမှ ဝေးကုန်၏။

သမာပတ်မဝင်စားသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသူ၏ ဝေဒနာမှ ဝေး၏၊ သမာပတ်ဝင်စားသူ၏ဝေဒနာသည် သမာပတ်မဝင်စားသူ၏ ဝေဒနာမှ ဝေး၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာမှ ဝေး၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော ဝေဒနာမှ ဝေး၏။ ဤ (ဆိုခဲ့ပြီးသော 'ဝေဒနာ' အပေါင်း) ကို ဝေးသော ခံစားမှု 'ဒူရေဝေဒနာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၁၁) သန္တိကေဝေဒနာ

ထို (ဝေဒနာ ၁၁-မျိုးတို့) တွင် အဘယ် 'ဝေဒနာ' သည် နီးသော ခံစားမှု 'သန္တိကေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် နီး၏၊ ကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် နီး၏၊ အဗျာကတဝေဒနာသည် အဗျာကတဝေဒနာနှင့် နီး၏။

ဒုက္ခဝေဒနာသည် ဒုက္ခဝေဒနာနှင့် နီး၏၊ သုခဝေဒနာသည် သုခဝေဒနာနှင့် နီး၏၊ အဒုက္ခမသုခဝေဒနာသည် အဒုက္ခမသုခဝေဒနာနှင့် နီး၏။

သမာပတ် မဝင်စားသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသူ၏ ဝေဒနာနှင့် နီး၏၊ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသူ၏ ဝေဒနာနှင့် နီး၏။

အာသဝ၏ အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော ဝေဒနာနှင့် နီး၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာနှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော 'ဝေဒနာ' အပေါင်း) ကို နီးသောခံစားမှု 'သန္တိကေဝေဒနာ' ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ၍ နှိုင်းရှည့်၍) ဝေးသောခံစားမှု 'ဒူရေဝေဒနာ' နှင့် နီးသောခံစားမှု 'သန္တိကေဝေဒနာ' ကို မှတ်အပ်၏။

# ခန္ဓဝိဘင်္ဂ

## ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

### သညာက္ခန္ဓာ (သညာ ၁၁-မျိုး)

၁၄။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် မှတ်သားမှုအစု 'သညာက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီးမှတ်သားမှု 'အတိက်သညာ'၊ ဖြစ်လတ္တံ့မှတ်သားမှု 'အနာဂတ်သညာ'၊ ဖြစ်ဆဲ မှတ်သားမှု 'ပစ္စုပ္ပန်သညာ'၊ အတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ'၊ အပသန္တာန်၌ ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ'၊ ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိကသညာ'၊ နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ'၊ ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ'၊ မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'၊ ဝေးသော မှတ်သားမှု 'ဒူရေသညာ'၊ နီးသော မှတ်သားမှု 'သန္တိကေသညာ' တည်းဟူသော အလုံးစုံသော အကြင် မှတ်သားမှု သညာသည် ရှိ၏။ ထို (အားလုံးသောသညာ ၁၁-မျိုးတို့) ကို တစ်ပေါင်းတည်း ပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို မှတ်သားမှုအစု 'သညာက္ခန္ဓာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၁) အတိက်သညာ

၁၅။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်ပြီး မှတ်သားမှု 'အတိက်သညာ' မည် သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (မြင်သိစိတ် 'စက္ခုဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (မျက်စိ အတွေ့ကြောင့် ဖြစ်သောသညာ) (စက္ခုသမ္ဖဿဇာသညာ[၁])၊ နားအကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ကြားသိစိတ် 'သောတဝိညာဉ်' ၌ ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတ သမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (နံသိစိတ် 'ဃာနဝိညာဉ်' ၌ ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု သညာ) (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒ နှင့်အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (လျက်သိစိတ် 'ဇိဝှါဝိညာဉ်' ၌ ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှုသညာ) (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ထိသိစိတ် 'ကာယဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှုသညာ) (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံ တို့ တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ကြံသိစိတ် 'မနောဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု သညာ) (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင် သညာသည် လွန်ပြီးဖြစ်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏ (ဝိဂတာ)၊ ဖောက်ပြန် ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာဝိဂတာ)၊ လွန်ပြီးဖြစ်၏ (အတီတာ)၊ လွန်ပြီးသော အတိက် တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေနသင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော မှတ်သားမှု သညာအပေါင်း) ကို ဖြစ်ပြီး မှတ်သားမှု 'အတိက်သညာ' ဟု ဆိုအပ်၏။

------

၁။ 'စက္ခုသမ္ဖဿ' ကို သုတ္တန်နည်း, အဘိဓမ္မာနည်း, တိုက်ရိုက်နည်းတို့ဖြင့် အောက်ပါအတိုင်း မြန်မာဘာသာ ပြန်ဆို ထားပါသည်။ ထိုမြန်မာပြန်တို့ကို အချို့နေရာ၌ အားလုံးကို ဖော်ပြထားပါသည်၊ အချို့နေရာ၌မူ အချို့ကိုသာ ဖော်ပြထားပါသည်။

(က) မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ထိမှု

(ခ) မြင်သိစိတ် 'စက္ခုဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ'၊ မြင်သိစိတ် 'စက္ခုဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'

(ဂ) မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'

(ဃ) စက္ခုပသာဒ၌ မှီသော 'ဖဿ' (အချို့ ရှေးပညာရှိကြီးများ ပြန်ဆိုနည်း)

(င) 'စက္ခုသမ္ဖဿဇာသညာ' ကို မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' ဟု စသည်ဖြင့် ပြန်ဆိုထားသည်။ သောတသမ္ဖဿ, ဃာနသမ္ဖဿ, စသည်တို့၏ မြန်မာပြန် များကိုလည်း ဤနည်းအတိုင်းပင် ပြန်ဆိုထားပါသည်။

# ခန္ဓဝိဘင်္ဂ

## (၂) အနာဂတ်သညာ

ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်လတ္တံ့ မှတ်သားမှု ‘အနာဂတ်သညာ’ မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ကြောင့် ဖြစ်သောသညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့် ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့် ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့် ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင် သညာသည် မဖြစ်သေး (အဇာတာ)၊ မထင်ရှားသေး (ထင်ရှားမရှိသေး) (အဘူတာ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဉ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး (အနာဂတာ)၊ မရောက်လာသေးသော အနာဂတ်တရားအစု အဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသော မှတ်သားမှု သညာအပေါင်း) ကိုဖြစ်လတ္တံ့ ‘အနာဂတ်သညာ’ ဟု ဆိုအပ်၏။

## (၃) ပစ္စုပ္ပန်သညာ

ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်ဆဲ မှတ်သားမှု ‘ပစ္စုပ္ပန်သညာ’ မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင်သညာသည် ဖြစ်ဆဲဖြစ်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတာ)၊ ယခု ဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နာ)၊ ယခု ဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို ဖြစ်ဆဲမှတ်သားမှု ‘ပစ္စုပ္ပန်သညာ’ ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၄) အဇ္ဈတ္တသညာ

၁၆။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် အတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ' မည် သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော 'သညာ' (မြင်သိစိတ် 'စက္ခုဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော 'သညာ') (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကြားသိစိတ် 'သောတဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော 'သညာ') (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (နံသိစိတ် 'ဃာနဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (လျက်သိစိတ် 'ဇိဝှါဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ထိသိစိတ် 'ကာယဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (ကြံသိစိတ် 'မနောဝိညာဉ်' ၌ရှိသော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော 'သညာ') (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင် သညာသည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကို စွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏၊ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို အတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ' ဟု ဆိုအပ်၏။

## (၅) ဗဟိဒ္ဓသညာ

ထို(သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် အပသန္တာန်၌ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောသညာ (နှာခေါင်းအတွေ့ ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင် သညာသည် တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကာ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို အပသန္တာန်၌ ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ' ဟု ဆိုအပ်၏။

# ခန္ဓဝိဘင်္ဂ

## (၆) (၇) ဩဠာရိကသညာနှင့် သုခုမသညာ

၁၇။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိက သညာ' နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ' မည်သနည်း။

(ပဋိဃဒွါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာသည်[၁] ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိက သညာ' မည်၏၊ (မနောဒွါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာ[၂]သည် နူးညံ့သိမ်မွေ့သော မှတ်သား မှု 'သုခုမသညာ' မည်၏။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော မှတ်သားမှု 'အကုသိုလ်သညာ' သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော မှတ်သားမှု 'ကုသိုလ်သညာ' နှင့် ကုသိုလ် အကုသိုလ်ဟု မဟောအပ်သော မှတ်သားမှု 'အဗျာကတသညာ' သည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ကြမ်းတမ်း၏၊ အဗျာကတသညာသည် နူးညံ့ သိမ်မွေ့၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ကြမ်းတမ်း၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာသည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာသည် ကြမ်းတမ်း၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာသည် နူးညံ့သိမ်မွေ့၏။

သမာပတ် မဝင်စားသူ၏ သညာသည် ကြမ်းတမ်း၏၊ သမာပတ် ဝင်စားသူ၏ သညာသည် နူးညံ့ သိမ်မွေ့၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မှုးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာသည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံ မဟုတ်သော သညာသည် နူးညံ့သိမ်မွေ့၏။

တစ်နည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ၍ နှိုင်းရှည့်၍) ကြမ်းတမ်းသော မှတ်သားမှု 'ဩဠာရိကသညာ' နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ' ကို မှတ်အပ်၏။

------

၁။ ပဋိဃသမ္ဘဿဇာ သညာ = ပဉ္စဒွါရိကသညာ = ဩဠာရိကသညာ။
၂။ အဓိဝစန သမ္ဘဿဇာ သညာ = မနောဒွါရိကသညာ = သုခုမသညာ (သမ္မော-၄၊ နှာ-၁၈)

# ခန္ဓဝိဘင်္ဂ

## (၈) (၉) ဟီနသညာနှင့် ပဏီတသညာ

၁၈။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ' နှင့် မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်သညာ' သည် ယုတ်ညံ့၏၊ အပြစ် မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်သညာ' နှင့် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတသညာ' သည် မြင့်မြတ်၏၊ (တစ်နည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ယုတ်ညံ့၏၊ အဗျာကတသညာသည် မြင့်မြတ်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ယုတ်ညံ့၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင် ယှဉ်သောသညာသည် မြင့်မြတ်၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာ သည် ယုတ်ညံ့၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာသည် မြင့်မြတ်၏။

သမာပတ် မဝင်စားသူ၏ သညာသည် ယုတ်ညံ့၏၊ သမာပတ်ဝင်စားသူ၏ သညာသည် မြင့်မြတ်၏။ အာသဝ၏ အာရုံဖြစ်သော သညာသည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံ မဟုတ်သော သညာသည် မြင့်မြတ်၏။

တစ်နည်းကား ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ၍ နှိုင်းရှည့်၍) ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ' နှင့် မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ' ကို မှတ်အပ်၏။

## (၁၀) ဒူရေသညာ

၁၉။ ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် ဝေးသော မှတ်သားမှု 'ဒူရေသညာ' မည် သနည်း။

အကုသိုလ်သညာသည် ကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏၊ ကုသိုလ်သညာနှင့် အဗျာကတသညာတို့သည် အကုသိုလ်သညာမှ ဝေးကုန်၏။

ကုသိုလ်သညာသည် အကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏၊ အကုသိုလ်သညာနှင့် အဗျာကတသညာတို့သည် ကုသိုလ်သညာမှ ဝေးကုန်၏။

အဗျာကတသညာသည် ကုသိုလ်သညာနှင့် အကုသိုလ်သညာတို့မှ ဝေး၏။ ကုသိုလ်သညာနှင့် အကုသိုလ်သညာတို့သည် အဗျာကတသညာမှ ဝေးကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့မှ ဝေး၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သောသညာမှ ဝေးကုန်၏။

သုခဝေဒနာနှင့်ယှဉ်သော သညာသည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့မှ ဝေး၏၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် သုခဝေဒနာနှင့် ယှဉ်သောသညာမှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာသည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာမှ ဝေး၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာမှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ သညာသည် သမာပတ် ဝင်စားသူ၏ သညာမှ ဝေး၏၊ သမာပတ် ဝင်စားသူ၏ သညာသည် သမာပတ် မဝင်စားသူ၏ သညာမှ ဝေး၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာသည် အာသဝ၏ အာရုံ မဟုတ်သော သညာမှ ဝေး၏၊ အာသဝ၏ အာရုံ မဟုတ်သော သညာသည် အာသဝ၏ အာရုံဖြစ်သော သညာမှဝေး၏။ ဤ (ဆိုခဲ့ပြီးသော သညာ အပေါင်း) ကို ဝေးသော မှတ်သားမှု 'ဒူရေသညာ' ဟု ဆိုအပ်၏။

## (၁၁) သန္တိကေသညာ

ထို (သညာ ၁၁-မျိုးတို့) တွင် အဘယ်သညာသည် နီးသောမှတ်သားမှု 'သန္တိကေသညာ' မည်သနည်း။

အကုသိုလ်သညာသည် အကုသိုလ်သညာနှင့် နီး၏၊ ကုသိုလ်သညာသည် ကုသိုလ်သညာနှင့် နီး၏။ အဗျာကတသညာသည် အဗျာကတသညာနှင့် နီး၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏၊ သုခဝေဒနာနှင့် ယှဉ်သော သညာသည် သုခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောသညာသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏။

သမာပတ် မဝင်စားသူ၏ သညာသည် သမာပတ် မဝင်စားသူ၏ သညာနှင့် နီး၏၊ သမာပတ် ဝင်စားသူ၏ သညာသည် သမာပတ်ဝင်စားသူ၏ သညာနှင့် နီး၏။

အာသဝ၏ အာရုံဖြစ်သော သညာသည် အာသဝ၏ အာရုံဖြစ်သော သညာနှင့် နီး၏၊ အာသဝ ၏ အာရုံ မဟုတ်သော သညာသည် အာသဝ၏ အာရုံ မဟုတ်သော သညာနှင့် နီး၏။ ဤ (ဆိုခဲ့ပြီး သော သညာအပေါင်း) ကို နီးသော မှတ်သားမှု 'သန္တိကေသညာ' ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍ နှိုင်းရှည့်၍) ဝေးသော သညာ 'ဒူရေသညာ' နှင့် နီးသော သညာ 'သန္တိကေသညာ' ကို မှတ်အပ်၏။

# ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု)

### သင်္ခါရက္ခန္ဓာ (သင်္ခါရ ၁၁-မျိုး)

၂၀။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီး ပြုပြင်စီရင်မှု 'အတိက်သင်္ခါရ'၊ ဖြစ်လတ္တံ့ ပြုပြင်စီရင်မှု 'အနာဂတ်သင်္ခါရ'၊ ဖြစ်ဆဲ ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ'၊ အတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ'၊ အပသန္တာန်၌ဖြစ်သော ပြုပြင် စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ'၊ ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ'၊ နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ'၊ ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသင်္ခါရ'၊ မြင့်မြတ်သော ပြုပြင်စီရင်မှု 'ပဏီတသင်္ခါရ'၊ ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'၊ နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ' တည်းဟူသော အလုံးစုံသော ပြုပြင်စီရင်မှု သင်္ခါရတို့သည် ရှိကုန်၏။ ထို (အားလုံးသော ပြုပြင်စီရင်မှု သင်္ခါရ ၁၁-မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို ပြုပြင်စီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' ဟု ဆိုအပ်၏။

### (၁) အတိက်သင်္ခါရ

၂၁။ ထို (ပြုပြင်စီရင်မှု 'သင်္ခါရ' ၁၁-မျိုးတို့) တွင် အဘယ် သင်္ခါရတို့သည် ဖြစ်ပြီးသော ပြုပြင်စီရင်မှု 'အတိက်သင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)[၁]၊ နားအကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့် ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ) ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့သည် လွန်ပြီးဖြစ်ကုန်၏ (အတီတာ)၊ ချုပ်ပြီး ဖြစ်ကုန်၏ (နိရုဒ္ဓါ)၊ ကင်းပြီး ဖြစ်ကုန်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်ကုန်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီး ဖြစ်ကုန်၏ (ဥပ္ပဇ္ဇိတွာဝိဂတာ)၊ လွန်ပြီးဖြစ်ကုန်၏ (အတီတာ)၊ လွန်ပြီးသော အတိက်တရား အစုအဖို့ဖြင့် ရေတွက်အပ်ကုန်၏ (အတီတံသေန သင်္ဂဟိတာ)။ ဤ(ဆိုခဲ့ပြီးသောသင်္ခါရ) တို့ကို ဖြစ်ပြီးသော ပြုပြင်စီရင်မှု 'အတိက်သင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

## (၂) အနာဂတ်သင်္ခါရ

ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ် သင်္ခါရတို့သည် ဖြစ်လတ္တံ့သော ပြုပြင်စီရင်မှု 'အနာဂတ် သင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိ အတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတ သမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှု ကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ) ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့သည် မဖြစ်ကုန်သေး (အဇာတာ)၊ မထင်ရှားကုန်သေး (အဘူတာ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဉ္ဇာတာ)၊ မဖြစ်ကုန်သေး (အနိဗ္ဗတ္တာ)၊ အသစ် မဖြစ်ကုန်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှား မဖြစ်ကုန်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်ကုန်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်ကုန်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်ကုန်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်ကုန် သေး (အသမုဋ္ဌိတာ)၊ မရောက်လာကုန်သေး (အနာဂတာ)၊ မရောက်လာကုန်သေးသော အနာဂတ်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ' ) တို့ကို ဖြစ်လတ္တံ့သော ပြုပြင် စီရင်မှု 'အနာဂတ်သင်္ခါရ' ဟု ဆိုအပ်ကုန်၏။

## (၃) ပစ္စုပ္ပန်သင်္ခါရ

ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိ အတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံ သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတ သမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါ ပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှု ကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာ စေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့သည် ဖြစ်ဆဲဖြစ်ကုန်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်ကုန်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲ ဖြစ်ကုန်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်ကုန်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲ ဖြစ်ကုန်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှား ဖြစ်ဆဲဖြစ်ကုန်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲ ဖြစ်ကုန်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲ ဖြစ်ကုန်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲ ဖြစ်ကုန်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲ ဖြစ်ကုန်၏ (သမုဋ္ဌိတာ)၊ ယခု ဖြစ်ပေါ်ဆဲ ဖြစ်ကုန်၏ (ပစ္စုပ္ပန္နာ)၊ ယခု ဖြစ်ပေါ်ဆဲ ဖြစ်သော ပစ္စုပ္ပန်

တရားအစုအဖို့ဖြင့် ရေတွက်အပ်ကုန်၏ (ပစ္စုပ္ပန္နသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ') တို့ကို ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

၁။ အထူးသတိပြုရန်- 'သင်္ခါရ' ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ' ကို ပြဆိုထားသည်။ (သမ္မော-နှာ- ၁၉)

## (၄) အဇ္ဈတ္တသင်္ခါရ

၂၂။ ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် အတွင်းသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာ စေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ) ဟုဆိုအပ်သော အကြင် ပြုပြင် စီရင်မှု 'သင်္ခါရ' တို့သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ' ) တို့ကို အတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

## (၅) ဗဟိဒ္ဓသင်္ခါရ

ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် အပသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ' တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာ စေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ) ဟု ဆိုအပ်သော အကြင် ပြုပြင် စီရင်မှု 'သင်္ခါရ' တို့သည် တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (နိယကာ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏)

အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်ကုန်၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံ ဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ' ) တို့ကို အပသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓသင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

## (၆) (၇) ဩဠာရိကသင်္ခါရနှင့် သုခုမသင်္ခါရ

၂၃။ ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ'နှင့် နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ' တို့ မည်ကုန်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှု 'အကုသိုလ်သင်္ခါရ' တို့သည် ကြမ်းတမ်းကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ် သင်္ခါရ' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတသင်္ခါရ' တို့သည် နူးညံ့သိမ်မွေ့ ကုန်၏၊ (တစ်နည်းကား) ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အဗျာကတ သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာ တို့နှင့် ယှဉ်သော သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် နူးညံ့ သိမ်မွေ့ကုန်၏။

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ သမာပတ် ဝင်စားသူ၏ သင်္ခါရတို့ သည် နူးညံ့သိမ်မွေ့ကုန်၏။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် ကြမ်းတမ်းကုန်၏၊ အာသဝ၏ အာရ မဟုတ်သော သင်္ခါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။

တစ်နည်းကား၊ ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'ဩဠာရိကသင်္ခါရ' နှင့် နူးညံ့သိမ်မွေ့ သော ပြုပြင်စီရင်မှု 'သုခုမသင်္ခါရ' တို့ကို မှတ်အပ်ကုန်၏။

## (၈) (၉) ဟီနသင်္ခါရနှင့် ပဏီတသင်္ခါရ

၂၄။ ထို(သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသင်္ခါရ' နှင့် မြင့်မြတ်သော ပြုပြင်စီရင်မှု 'ပဏီတသင်္ခါရ' တို့ မည်ကုန်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်သင်္ခါရ' တို့သည် ယုတ်ညံ့ ကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ်သင်္ခါရ' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သည့် ပြုပြင်စီရင်မှု 'အဗျာကတသင်္ခါရ' တို့သည် မြင့်မြတ် ကုန်၏၊ ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ အဗျာကတသင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာ တို့နှင့် ယှဉ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်

ယှဉ်သော သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏၊

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် ယုတ်ညံ့ကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် မြင့်မြတ်ကုန်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် ယုတ်ညံ့ ကုန်၏၊ အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရတို့သည် မြင့်မြတ်ကုန်၏၊

တစ်နည်းကား၊ ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော 'ဟီနသင်္ခါရ' နှင့် မြင့်မြတ်သော 'ပဏီတသင်္ခါရ' တို့ကို မှတ်အပ်ကုန်၏။

၁။ အထူးသတိပြုရန်- 'သင်္ခါရ' ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ' ကို ပြဆိုထားသည်။ (ဝိဘင်းအပိုဒ်-၂၁, ၂၂)

## (၁၀) ဒူရေသင်္ခါရ

၂၅။ ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ဝေးသော အသိခက်သောပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ'တို့ မည်ကုန်သနည်း။

အကုသိုလ်သင်္ခါရတို့သည် ကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏၊ ကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏။

ကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏၊ အကုသိုလ် သင်္ခါရနှင့် အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရမှ ဝေးကုန်၏။

အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏။ ကုသိုလ်သင်္ခါရ နှင့် အကုသိုလ်သင်္ခါရတို့သည် အဗျာကတသင်္ခါရမှ ဝေးကုန်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာ နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာ နှင့် ယှဉ်သော သင်္ခါရတို့မှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် ဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် မဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရတို့မှ ဝေးကုန်၏၊ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံ ဖြစ်သော သင်္ခါရတို့မှ ဝေးကုန်၏။ ဤ(ဆိုခဲ့ပြီးသော သင်္ခါရ) တို့ကို ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ' တို့ ဟုဆိုအပ်ကုန်၏။

## (၁၁) သန္တိကေသင်္ခါရ

ထို (သင်္ခါရ ၁၁-မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ' တို့ မည်ကုန်သနည်း။

အကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့နှင့် နီးကုန်၏၊ ကုသိုလ်သင်္ခါရတို့သည် ကုသိုလ်သင်္ခါရတို့နှင့် နီးကုန်၏။ အဗျာကတသင်္ခါရတို့သည် အဗျာကတသင်္ခါရတို့နှင့် နီးကုန်၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏၊ သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏။

သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် မဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏၊ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် ဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံဖြစ်သော သင်္ခါရတို့နှင့် နီးကုန်၏၊ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့နှင့် နီးကုန်၏။ ဤ(ဆိုခဲ့ပြီးသောသင်္ခါရ) တို့ကို နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

တစ်နည်းကား ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသင်္ခါရ' နှင့် နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ' တို့ကို မှတ်အပ်ကုန်၏။

# ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

### ဝိညာဏက္ခန္ဓာ (ဝိညာဏ် ၁၁-မျိုး)

၂၆။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီးသော သိမှု 'အတိတ်ဝိညာဏ်'၊ ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်'၊ ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်'၊ အတွင်းသန္တာန်၌ ဖြစ်သော သိမှု 'အဇ္ဈတ္တဝိညာဏ်'၊ အပသန္တာန်၌ ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်'၊ ကြမ်းတမ်းသော သိမှု 'ဩဠာရိကဝိညာဏ်'၊ နူးညံ့သိမ်မွေ့သော သိမှု 'သုခုမ ဝိညာဏ်'၊ ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်'၊ မြင့်မြတ်သော သိမှု 'ပဏီတဝိညာဏ်'၊ ဝေးသော သိမှု 'ဒူရေ ဝိညာဏ်'၊ နီးသော သိမှု 'သန္တိကေဝိညာဏ်' တည်းဟူသော အလုံးစုံသော ဝိညာဏ်သည် ရှိ၏။ ထို (အားလုံးသော သိမှု ဝိညာဏ် ၁၁-မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို သိမှုအစု 'ဝိညာဏက္ခန္ဓာ' ဟု ဆိုအပ်၏။

### (၁) အတိတ်ဝိညာဏ်

၂၇။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်ပြီးသော သိမှု 'အတိတ်ဝိညာဏ်' မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'ဟု ဆိုအပ်သော အကြင် ဝိညာဏ်သည် လွန်ပြီးဖြစ်၏ (အတီတံ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓံ)၊ ကင်းပြီးဖြစ်၏ (ဝိဂတံ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတံ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတံ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတံ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတွာဝိဂတံ)၊ လွန်ပြီးဖြစ်၏ (အတီတံ)၊ လွန်ပြီးသော အတိတ်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဖြစ်ပြီးသော သိမှု 'အတိတ်ဝိညာဏ်' ဟု ဆိုအပ်၏။

### (၂) အနာဂတ်ဝိညာဏ်

ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင် ဝိညာဏ်သည် မဖြစ်ပေါ်သေး (အဇာတံ)၊ မထင်ရှားသေး (အဘူတံ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဉ္ဇာတံ)၊ မဖြစ်သေး (အနိဗ္ဗတ္တံ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တံ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတံ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နံ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတံ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတံ)၊ မရောက်လာသေး (အနာဂတံ)၊ မရောက်လာသေးသော အနာဂတ်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်' ဟု ဆိုအပ်၏။

## (၃) ပစ္စုပ္ပန်ဝိညာဏ်

ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင် ဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏ (ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတံ)၊ ကောင်းစွာဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတံ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတံ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နံ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတံ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နံ)၊ ယခုဖြစ်ပေါ်ဆဲ ဖြစ်သော ပစ္စုပ္ပန်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေနသင်္ဂဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်' ဟု ဆိုအပ်၏။

## (၄) အဇ္ဈတ္တဝိညာဏ်

၂၈။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် အတွင်းသန္တာန်၌ ဖြစ်သော သိမှု 'အဇ္ဈတ္တဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင် ဝိညာဏ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (အဇ္ဈတ္တံ)၊ ကိုယ်ကို စွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင် ဥစ္စာဖြစ်၏ (နိယကံ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို အတွင်းသန္တာန်၌ ဖြစ်သောသိမှု 'အဇ္ဈတ္တဝိညာဏ်' ဟု ဆိုအပ်၏။

## (၅) ဗဟိဒ္ဓဝိညာဏ်

ထို(ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် အပသန္တာန်၌ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင် ဝိညာဏ်သည် တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဇ္ဈတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို အပသန္တာန်၌ ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်' ဟု ဆိုအပ်၏။

## (၆) (၇) ဩဠာရိကဝိညာဏ်နှင့် သုခုမဝိညာဏ

၂၉။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ် သည် ကြမ်းတမ်းသော သိမှု 'ဩဠာရိက ဝိညာဏ်' နှင့် နူးညံ့ သိမ်မွေ့သော သိမှု 'သုခုမဝိညာဏ်' မည်သနည်း။

အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော သိမှု 'အကုသိုလ်ဝိညာဏ်' သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမှု 'ကုသိုလ်ဝိညာဏ်' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော သိမှု 'အဗျာကတဝိညာဏ်' တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တစ်နည်းကား) ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏၊ အဗျာကတ ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ကြမ်းတမ်း၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာ တို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် ကြမ်းတမ်း၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်သော ဝိညာဏ်သည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။

တစ်နည်းကား ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော သိမှု 'ဩဠာရိကဝိညာဏ်' နှင့် နူးညံ့သိမ်မွေ့သော သိမှု 'သုခုမဝိညာဏ်' ကို မှတ်အပ်၏။

## (၈) (၉) ဟီနဝိညာဏ်နှင့် ပဏီတဝိညာဏ်

၃၀။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်' နှင့် မြင့်မြတ်သော သိမှု 'ပဏီတဝိညာဏ်' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော သိမှု 'အကုသိုလ်ဝိညာဏ်' သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမှု 'ကုသိုလ်ဝိညာဏ်' နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော သိမှု 'အဗျာကတဝိညာဏ်' တို့သည် မြင့်မြတ်ကုန်၏၊ (တစ်နည်းကား) ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ယုတ်ညံ့ကုန်၏၊ အဗျာကတဝိညာဏ် သည် မြင့်မြတ်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် ယုတ်ညံ့၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် မြင့်မြတ်ကုန်၏။ (တစ်နည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ယုတ်ညံ့ ကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် မြင့်မြတ်၏။

သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် ယုတ်ညံ့၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် မြင့်မြတ်၏၊

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝိညာဏ်သည် မြင့်မြတ်၏၊

တစ်နည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်' နှင့် မြင့်မြတ်သော သိမှု 'ပဏီတဝိညာဏ်' ကို မှတ်အပ်၏။

## (၁၀) ဒူရေဝိညာဏ်

၃၁။ ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဝေးသော သိမှု 'ဒူရေဝိညာဏ်' မည်သနည်း။

အကုသိုလ်ဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့မှ ဝေး၏၊ ကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့သည် အကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။

ကုသိုလ်ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့မှ ဝေး၏၊ အကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့သည် ကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။

အဗျာကတဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့မှ ဝေး၏။ ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် အဗျာကတဝိညာဏ်မှ ဝေးကုန်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့မှ ဝေး၏၊ သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။

သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် ဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်မှ ဝေး၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံဖြစ်သော ဝိညာဏ်မှ ဝေး၏။ ဤ(ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဝေးသော သိမှု 'ဒူရေဝိညာဏ်' ဟု ဆိုအပ်၏။

## (၁၁) သန္တိကေဝိညာဏ်

ထို (ဝိညာဏ် ၁၁-မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် နီးသော သိမှု 'သန္တိကေဝိညာဏ်' မည် သနည်း။

အကုသိုလ်ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် နီး၏၊ ကုသိုလ်ဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် နီး၏။ အဗျာကတဝိညာဏ်သည် အဗျာကတဝိညာဏ်နှင့် နီး၏။

သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏၊ ဒုက္ခ ဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏။

သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်နှင့် နီး၏၊ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ်ဝင်စားသူ၏ ဝိညာဏ်နှင့် နီး၏။

အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံ ဖြစ်သော ဝိညာဏ်နှင့် နီး၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံ မဟုတ် သော ဝိညာဏ်နှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို နီးသော သိမှု 'သန္တိကေဝိညာဏ်' ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို နှိုင်းရှည့် ထောက်ဆခြင်းအားဖြင့်) ဝေးသော သိမှု 'ဒူရေဝိညာဏ်' နှင့် နီးသော သိမှု 'သန္တိကေဝိညာဏ်' ကို မှတ်အပ်၏။

**ခန္ဓာတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော**

**သုတ္တန္တဘာဇနီယနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယ

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း)

**ခန္ဓာငါးပါး**

၃၂။ ခန္ဓာငါးပါး တို့ကား- ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှုအစု 'ဝိညာဏက္ခန္ဓာ' တို့တည်း။

### ၁ - ရူပက္ခန္ဓာ

### ဧကကနည်း ၄၃-ပါး

### (တစ်ပါးစီပြားသောနည်းအားဖြင့် ဟောကြားအပ်သော ဧကကနည်း ၄၃-ပါး)

**ဧကကနည်း ၄၃-ပါး**

၃၃။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ရုပ်အစု 'ရူပက္ခန္ဓာ' မည်သနည်း။

တစ်ပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃-ပါး ဖြစ်၏။

ရုပ်အားလုံးသည်[၁]

(၁) အကြောင်းရင်းဟိတ် မမည် (န ဟေတု)။

(၂) အကြောင်းရင်းဟိတ် မရှိ (ဟိတ်နှင့် မယှဉ်) (အဟေတုက)။

(၃) အကြောင်းရင်းဟိတ်နှင့် မယှဉ် မရောနှော (ဟေတုဝိပ္ပယုတ္တ)။

(၄) (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော) အကြောင်းအရာတို့နှင့်တကွ (အကြောင်းတရားတို့ကြောင့်) ဖြစ်၏ (သပ္ပစ္စယ)။

(၅) (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းအရာတို့သည်) ပြုပြင် စီရင်အပ်၏ (သင်္ခတ)။

(၆) ဆန့်ကျင်ဘက် အကြောင်းအရာတို့ကြောင့် ဖောက်ပြန်တတ်၏ (ရူပ)။

(၇) ဖြစ်တတ် ပျက်တတ်သော လောက၌ အကျုံးဝင်၏ (လောကိယ)။

(၈) (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ် မူးယစ်မိုက်မဲစေတတ်သော အာသဝေါ တရားတို့၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (သာသဝ)။

(၉) သံယောဇဉ်တို့၏ အစီးအပွား (သံယောဇဉ်တို့၏ အာရုံ) ဖြစ်၏ (သံယောဇနိယ)။

(၁၀) (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ဂန္ထနိယ)။

(၁၁) (ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေမှု 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (ဩဃနိယ)။

(၁၂) (ဝဋ်ဆင်းရဲ၌) ယှဉ်စေမှု 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (ယောဂနိယ)။

(၁၃) ဈာန် မဂ် ဖိုလ်တို့ကို ပိတ်ပင်မှု 'နီဝရဏ' တို့၏ အာရုံဖြစ်၏ (နီဝရဏီယ)။

(၁၄) (မမြဲသည်ကို မြဲ၏ ဟု စသည်ဖြင့်) မှားသော အားဖြင့် သုံးသပ်မှု 'ပရာမာသ' ၏ (ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ပရာမဋ္ဌ)။

(၁၅) ပြင်းစွာ စွဲလမ်းမှု 'ဉပါဒါန်' ၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (လောကီတရား) (ဉပါဒါနိယ)။

(၁၆) ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်း စေတတ်သည့် 'ကိလေသာ' တို့၏ အာရုံဖြစ်၏ (သံကိလေသိက)။

(၁၇) ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ် (အဗျာကတ)။

(၁၈) အာရုံပြုခြင်း မရှိ (အာရုံကို ယူနိုင်သော သဘောမရှိ) (အနာရမ္မဏ)။

(၁၉) စိတ်၌ မယှဉ် (အစေတသိက)။

(၂၀) စိတ်နှင့် မယှဉ် (မပေါင်း မစပ် မရောနှော) (စိတ္တဝိပ္ပယုတ္တ)။

(၂၁) အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော သဘော) ရှိသည်လည်း မဟုတ် (နေဝဝိပါက နဝိပါကဓမ္မဓမ္မ)။

(၂၂) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ် ကုန်သည်ဖြစ်၍ (ကိလေသာနှင့် မယှဉ်မူ၍) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တရားတို့ကို ရခြင်းငှါသာ ထိုက်တန်၏ (ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏) (အသံကိလိဋ္ဌ သံကိလေသိက)။

(၂၃) ကြံစည်မှု 'ဝိတက်' နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ' နှင့်လည်းတကွ ဖြစ်သည် မဟုတ် (ဝိတက်, ဝိစာရတို့နှင့် မယှဉ်) (န သဝိတက္ကသဝိစာရ)။

(၂၄) ကြံစည်မှု 'ဝိတက်' မရှိမူ၍ သုံးသပ်မှု 'ဝိစာရ' မျှသာ ရှိသော တရားမဟုတ် (န အဝိတက္က ဝိစာရမတ္တ)။

(၂၅) ကြံစည်မှု 'ဝိတက်'လည်း မရှိ, သုံးသပ်မှု 'ဝိစာရ'လည်း မရှိ (အဝိတက္က အဝိစာရ)။

(၂၆) နှစ်သက်မှု 'ပီတိ' နှင့်တကွ ဖြစ်သည် မဟုတ် (ပီတိနှင့်မယှဉ်) (န ပီတိသဟဂတ)။

(၂၇) ချမ်းသာမှု 'သုခ' နှင့်တကွဖြစ်သည် မဟုတ် (သုခဝေဒနာနှင့် မယှဉ်) (န သုခသဟဂတ)။

(၂၈) လျစ်လျူရှုမှု 'ဉပေက္ခာ' နှင့်တကွ ဖြစ်သည် မဟုတ် (ဉပေက္ခာနှင့် မယှဉ်) (န ဉပေက္ခာ သဟဂတ)။

(၂၉) (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည် လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ် (နေဝဒဿ နေန န ဘာဝနာယ ပဟာတဗ္ဗ)။

(၃၀) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် (သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ်တို့ နှင့်လည်း မယှဉ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်တို့နှင့်လည်း မယှဉ်ချေ) (နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုက)။

(၃၁) ပဋိသန္ဓေစုတိသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ (ပဋိသန္ဓေကို ဖြစ်စေနိုင်သော တရားလည်း မဟုတ်, စုတိကို ဖြစ်စေနိုင်သော တရားလည်း မဟုတ်မူ၍) နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ် (နေဝ အာစယဂါမိ န အပစယဂါမိ)။

(၃၂) (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်ခုနစ်ယောက် (မဂ်ပုဂ္ဂိုလ် ၄-ယောက်, အောက်ဖိုလ် ၃-ယောက်) တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်သော) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ် (နေဝသေက္ခ နာသေက္ခ)။

(၃၃) နည်းပါးသော အာနုဘော် ရှိ၏ (ကာမတရားဖြစ်၏) (ပရိတ္တ)။

(၃၄) ကာမဘုံ၌ သက်ဝင်၍ ဖြစ်၏ (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်၏) (ကာမာဝစရ)။

(၃၅) ရူပဘုံ၌ သက်ဝင်၍ မဖြစ် (ရူပတဏှာ၏ ကျင်လည်ကျက်စားရာ မဟုတ်) (န ရူပါဝစရ)။

(၃၆) အရူပဘုံ၌ သက်ဝင်၍ မဖြစ် (အရူပတဏှာ၏ ကျင်လည်ကျက်စားရာ မဟုတ်) (န အရူပါဝစရ)။

(၃၇) ဝဋ်ဆင်းရဲ၌ အကျုံးဝင်၏ (ပရိယာပန္န)။

(၃၈) ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သည့် 'အပရိယာပန္န' တရားမဟုတ် (လောကုတ္တရာတရားမဟုတ်) (နော အပရိယာပန္န)။

(၃၉) စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော တရားလည်း မဟုတ်မူ၍ မိမိ၏ အခြားမဲ့၌ အကျိုး ပေးမြဲသော တရားလည်း မဟုတ် (အနိယတ)။

(၄၀) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ် (အနိယျာနိက)။

(၄၁) ဝိညာဉ်ခြောက်ပါးတို့ဖြင့် သိအပ်သည့် ဖြစ်ဆဲဖြစ်သော တရားဖြစ်၏ (ဥပ္ပန္နံ ဆဟိဝိညာဏေဟိ ဝိညေယျံ)။

(၄၂) (ဖြစ်ပြီးသည့်နောက် တည်တံ့ မနေခြင်းကြောင့်) မမြဲ (အနိစ္စ)။

(၄၃) အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ဇရာ' သည် လွှမ်းမိုးနှိပ်စက်အပ်၏ (ဇရာဘိဘူတ)။ ဤသို့ တစ်ပါးစီ ပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃-ပါး ဖြစ်၏။

**တစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဧကကနည်း ၄၃-ပါး ပြီး၏။**

၁။ ဓမ္မသင်္ဂဏီ မြန်မာပြန် ပဒ-၅၈၄၊ နှာ ၂၂၅-၂၂၇။

# ခန္ဓဝိဘင်္ဂ

## ဒုကနည်း ၁၀၄-ပါး

## (နှစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး)

**ဒုကနည်း ၁၀၄-ပါး**[၁]။ ။ နှစ်ပါးစီပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ၁၀၄-ပါး ဖြစ်၏။

၁။ ဓမ္မသင်္ဂဏီ ပဒ ၅၈၄၊ နှာ ၂၂၇-၂၃၃။

### ပကိဏ္ဏကဒုကနည်း ၁၄-ပါး

၁ (က) ။ ။ (မဟာဘုတ်ကို) မှီ၍ဖြစ်သော ရုပ်သည် ရှိ၏ (ဥပါဒါရုပ် ၂၄-ပါး)။

(ခ) ။ ။(ဥပါဒါရုပ် မှီသကဲ့သို့ မဟာဘုတ်ကို) မမှီမူ၍ ဖြစ်သော ရုပ်သည် ရှိ၏ (နောဥပါဒါရုပ်) (မဟာဘုတ်လေးပါး)။

၂ (က) ။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံသည်) အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သော ရုပ်သည် ရှိ၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သောရုပ်) (ဥပါဒိန္နရုပ်) (ကမ္မဇရုပ်)။

(ခ) ။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်) (အနုပါဒိန္နရုပ်)။

၃ (က) ။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် လည်း စွဲယူအပ်သည်ဖြစ်၍ ဥပါဒါန်[၁]တို့၏ အစီးအပွား (အာရုံ) လည်း ဖြစ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်သောရုပ်) (ဥပါဒိန္နုပါဒါနိယ ရုပ်) (ကမ္မဇရုပ်)။

(ခ) ။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်ကုန်မူ၍ လွန်စွာစွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အာရုံသာ ဖြစ်သော ရုပ်သည် ရှိ၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်သော စိတ္တဇ ရုပ်, ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ) (အနုပါဒိန္နုပါဒါနိယရုပ်)။

၄ (က) ။ ။ မြင်ခြင်းနှင့်တကွ ဖြစ်သော (မြင်အပ်သော သဘော ရှိသော) ရုပ်သည် ရှိ၏ (သနိဒဿနရုပ်) (မြင်အပ်သော ရူပါရုံ)။

(ခ) ။ ။ မြင်ခြင်းနှင့်တကွ မဖြစ်သော (မြင်အပ်သောသဘောမရှိသော) ရုပ်သည် ရှိ၏ (အနိဒဿနရုပ်) (ရူပါရုံမှတစ်ပါး အခြားသောရုပ်များ)။

၅ (က) ။ ။ ထိပါး (တိုက်ခိုက်) ခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) ရုပ်သည် ရှိ၏ (သပ္ပဋိဃရုပ်) (ဩဠာရိကရုပ်)။

(ခ) ။ ။ ထိပါး (တိုက်ခိုက်) ခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) ရုပ် သည် ရှိ၏ (အပ္ပဋိဃရုပ်) (သုခုမရုပ်)။

၆ (က) ။ ။ (ဆိုင်ရာကိစ္စ၌) အစိုးရသောရုပ်သည် ရှိ၏ (ဣန္ဒြိယရုပ်)။

(ခ) ။ ။ (ဆိုင်ရာကိစ္စ၌)အစိုးရသည်မဟုတ်သော (အစိုးမရသော) ရုပ်သည်ရှိ၏ (နဣန္ဒြိယရုပ်)။

၇ (က) ။ ။ ကြီးကျယ်ထင်ရှားသော ရုပ်သည် ရှိ၏ (မဟာဘူတရုပ်)။

(ခ) ။ ။ ကြီးကျယ်ထင်ရှားသည် မဟုတ်သော ရုပ်သည် ရှိ၏ (န မဟာဘူတရုပ်) (ဥပါဒါရုပ်)။

၈ (က) ။ ။ မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ဝိညတ္တိရုပ်)။

(ခ) ။ ။ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏
(နဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၉ (က) ။ ။ စိတ်လျှင် ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) ရုပ်သည် ရှိ၏
(စိတ္တသမုဋ္ဌာနရုပ်) (စိတ္တဇရုပ်)။

(ခ) ။ ။ စိတ်လျှင်ဖြစ်ကြောင်း မရှိသော (စိတ်ကြောင့်မဖြစ်သော) ရုပ်သည် ရှိ၏
(န စိတ္တသမုဋ္ဌာနရုပ်) (ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။

၁၀ (က) ။ ။ စိတ်နှင့်တကွဖြစ်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏
(စိတ္တသဟဘုရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ်နှစ်ခု)။

(ခ) ။ ။ စိတ်နှင့်တကွ ဖြစ်သည် မဟုတ်သော (စိတ်နှင့်တကွ မဖြစ်သော) ရုပ်သည် ရှိ၏
(န စိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၁ (က) ။ ။ စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏
(စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ် နှစ်ခု)။

(ခ) ။ ။ စိတ်သို့ အစဉ်လိုက်သည် မဟုတ် (စိတ်သို့ အစဉ်မလိုက်) သော ရုပ်သည် ရှိ၏
(န စိတ္တာနုပရိဝတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၂ (က) ။ ။ အတွင်းသန္တာန်၌ဖြစ်သော ရုပ်သည် ရှိ၏ (အဇ္ဈတ္တိကရုပ်) (ပသာဒရုပ်ငါးခု[၂])။

(ခ) ။ ။ အပသန္တာန်၌ဖြစ်သော ရုပ်သည် ရှိ၏ (ဗာဟိရရုပ်)
(ပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

၁၃ (က) ။ ။ ကြမ်းတမ်းသော ရုပ်သည် ရှိ၏ (ဩဠာရိကရုပ်) (ဩဠာရိကရုပ် တစ်ဆယ့်နှစ်ခု)။

(ခ) ။ ။ သိမ်မွေ့သောရုပ်သည် ရှိ၏ (သုခုမရုပ်) (သုခုမရုပ် ၁၆-ပါး)။

၁၄ (က) ။ ။ ဝေးသော (အသိခက်သော) ရုပ်သည် ရှိ၏ (ဒူရေရုပ်) (သုခုမရုပ်များ)။

(ခ) ။ ။ နီးကပ်သော (သိလွယ်သော) ရုပ်သည် ရှိ၏ (သန္တိကေရုပ်) (ဩဠာရိကရုပ်များ)။

**ပကိဏ္ဏကဒုကနည်း ၁၄-ပါး ပြီး၏။**

၁။ ဥပါဒါန်၏ တရားကိုယ်မှာ တဏှာ ဒိဋ္ဌိ ၂-ပါး ဖြစ်သည်။

၂။အဇ္ဈတ္တိကဟူ၍ အမည်ပေးထားခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းသန္တာန်၌ဖြစ်သော အကြောင်း တစ်ခုတည်းကြောင့်သာ ပေးထားခြင်း မဟုတ်၊ စင်စစ်မူကား (ကုသိုလ် အကုသိုလ်ကို ဖြစ်စေ နိုင်သည့်) ထူးခြားသော ကိစ္စသတ္တိများ ရှိ၍ ကိုယ်ခန္ဓာအား အလွန်အကျိုး အထူးပင် ကျေးဇူးများသောကြောင့် အဇ္ဈတ္တိက ဟူ၍ အမည်ပေးထားခြင်း ဖြစ်သည်၊ ထို့ကြောင့် ပသာဒ ရုပ်ငါးခုသည်သာ အဇ္ဈတ္တိက ဟူသော အမည်ကို ရ၍ ကျန်သော ဘာဝရုပ် ဇီဝိတရုပ် စသော ရုပ်များသည် အတွင်းသန္တာန်၌ ဖြစ်ကြ သော်လည်း အဇ္ဈတ္တိကဟူသော အမည်ကို မရကြချေ၊ ပသာဒရုပ် ငါးခုမှာ အတွင်းအကျဆုံး ရုပ်များ ဟု ဆိုလိုသည်။

# ခန္ဓဝိဘင်္ဂ

## ဝတ္ထု[၁]ဒုကနည်း ၂၅-ပါး[၂]

၁ (က) ။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာရုပ်သည် ရှိ၏ (စက္ခု သမ္ဖဿဿဝတ္ထု) (စက္ခုပသာဒ)။

(ခ) ။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ န ဝတ္ထု) (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၂-၄ (က) ။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

၅ (က) ။ ။ မြင်သိစိတ်၏ မှီရာတည်ရာရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ ဝတ္ထု) (စက္ခုပသာဒ)။

(ခ) ။ ။ မြင်သိစိတ်၏ မှီရာတည်ရာ မဟုတ်သောရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ န ဝတ္ထု) (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၆-၂၀ (က) ။ ။ ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ (သောတဝတ္ထုနည်း ၅-ပါး၊ ဃာနဝတ္ထုနည်း ၅-ပါး၊ ဇိဝှါဝတ္ထုနည်း ၅-ပါးတို့ကို ပေယျာလ ချန်ထားသည်)။

(ခ) ။ ။ ပေယျာလ

၂၁ (က) ။ ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ (ကာယ သမ္ဖဿဿဝတ္ထု) (ကာယပသာဒရုပ်)။

(ခ) ။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာတည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ န ဝတ္ထု) (ကာယပသာဒရုပ်မှ တစ်ပါးသော ရုပ်များ)။

၂၂-၂၄ (က) ။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) စေတနာ' ၏။ပ။ (ကျန် ကာယဝတ္ထုနည်း ၃-ပါးကို ပေယျာလ ချန်ထားသည်)။

၂၅ (က) ။ ။ ထိသိစိတ်၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ (ကာယဝိညာဏဿဝတ္ထု) (ကာယ ပသာဒရုပ်)။

(ခ) ။ ။ ထိသိစိတ်၏ မှီရာတည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏဿ န ဝတ္ထု) (ကာယပသာဒရုပ်မှ တစ်ပါးသော ရုပ်များ)။

**ဝတ္ထုဒုကနည်း ၂၅-ပါး ပြီး၏။**

၁။ တည်ရာ မှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ် (လယ်တီပရမတ္ထသံခိပ်)

၂။ ဝတ္ထုဒုကနည်းမှစ၍ သုခုမရူပဒုကနည်း ၁၁-ပါးအထိ (ဒုကနည်း ၆-မျိုးတို့ကို) ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထားသည်၊ သို့ရာတွင် ဝိဘင်း မြန်မာပြန်ကျမ်းကို လေ့လာသူများအတွက် ပြည့်စုံစေရန် ဒုကနည်း အားလုံးတို့ကို ထည့်သွင်းဖော်ပြလိုက် ပါသည်။ (ဓမ္မသင်္ဂဏီ မြန်မာပြန် စာပိုဒ်- ၅၈၄၊ နှာ ၂၂၉-၂၃၃- ရှုပါ)

# ခန္ဓဝိဘင်

## အာရမ္မဏ[၁]ဒုကနည်း ၂၅-ပါး

၁ (က) ။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ အာရမ္မဏ) (ရူပါရုံ)။

(ခ) ။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုသမ္ဖဿဿ နာရမ္မဏ) (ရူပါရုံမှ တစ်ပါးသော ရုပ်များ)။

၂-၄ (က) ။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

၅ (က) ။ ။ မြင်သိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ အာရမ္မဏ) (ရူပါရုံ)။

(ခ) ။ ။ မြင်သိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏဿ နာရမ္မဏ) (ရူပါရုံမှ တစ်ပါးသော ရုပ်များ)။

၆-၂၀ (က) ။ ။ ကြားသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ (သဒ္ဒါရုံနည်း ၅-ပါး၊ ရသာရုံနည်း ၅-ပါး။ ဂန္ဓာရုံနည်း ၅-ပါးတို့ကို ပေယျာလ ချန်ထားသည်)။

၆-၂၀ (ခ) ။ ။ ပေယျာလ

၂၁ (က) ။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ) ။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဖဿဿ နာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ရုပ်များ)။

၂၂-၂၄ (က) ။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏ ။ပ။ (ကျန် ဖောဋ္ဌဗ္ဗာရုံ ၃-နည်း ပေယျာလ)။

၂၅ (က) ။ ။ ထိသိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ) ။ ။ ထိသိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏဿ နာရမ္မဏ (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ရုပ်များ)။

**အာရမ္မဏဒုကနည်း ၂၅-ပါးပြီး၏။**

၁။ 'ဆွဲကိုင်, မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ' [လယ်တီပရမတ္ထသံခိပ်]။

# ခန္ဓဝိဘင်္ဂ

## အာယတန ဒုကနည်း ၁၀-ပါး

၁ (က) ။ ။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်ရုပ် 'စက္ခာယတန' သည် ရှိ၏ (စက္ခုပသာဒ)။

(ခ) ။ ။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် မဟုတ်သော ရုပ် 'န စက္ခာယတန' သည် ရှိ၏ (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၂ (က-ခ) ။ ။ ကြားသိစိတ်ဖြစ်ရာ နားအကြည်ရုပ် 'သောတာယတန'သည် ရှိ၏ (သောတပသာဒ)။ပ။ (န သောတာယတန)။

၃ (က-ခ) ။ ။ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်ရုပ် 'ဃာနာယတန'သည် ရှိ၏ (ဃာနပသာဒ)။ပ။ (န ဃာနာယတန)။

၄ (က-ခ) ။ ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည်ရုပ် 'ဇိဝှါယတန'သည် ရှိ၏ (ဇိဝှါပသာဒ)။ပ။ (န ဇိဝှါယတန)။

၅ (က) ။ ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်ရုပ် 'ကာယာယတန'သည် ရှိ၏ (ကာယပသာဒ)။

(ခ) ။ ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်မဟုတ်သော ရုပ် 'န ကာယာယတန'သည် ရှိ၏ (ကာယပသာဒမှ တစ်ပါးသော ရုပ်များ)။

၆ (က) ။ ။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်းရုပ် 'ရူပါယတန'သည် ရှိ၏ (ရူပါရုံ)။

(ခ) ။ ။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်းမဟုတ်သော ရုပ် 'န ရူပါယတန'သည် ရှိ၏ (ရူပါရုံမှ တစ်ပါးသော ရုပ်များ)။

၇ (က-ခ) ။ ။ ကြားသိစိတ်ဖြစ်ကြောင်း အသံရုပ် 'သဒ္ဒါယတန'သည် ရှိ၏ (သဒ္ဒါရုံ)။ပ။

၈ (က-ခ) ။ ။ နံသိစိတ်ဖြစ်ကြောင်း အနံ့ရုပ် 'ဂန္ဓာယတန'သည် ရှိ၏ (ဂန္ဓာရုံ)။ပ။

၉ (က-ခ) ။ ။ လျက်သိစိတ်ဖြစ်ကြောင်း အရသာရုပ် 'ရသာယတန'သည် ရှိ၏ (ရသာရုံ)။ပ။

၁၀ (က) ။ ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ရုပ် 'ဖောဋ္ဌဗ္ဗာယတန'သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။ပ။

(ခ) ။ ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ရုပ် မဟုတ်သောရုပ် 'န ဖောဋ္ဌဗ္ဗာယတန'သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ရုပ်များ)။

**အာယတန ဒုကနည်း ၁၀-ပါး ပြီး၏။**

# ခန္ဓဝိဘင်

## ဓာတု[၁] ဒုကနည်း ၁၀-ပါး

၁ (က) ။ ။ မြင်မှုသဘာဝရုပ်သည် ရှိ၏ (စက္ခုဓာတု) (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒ' ရုပ်)။

(ခ) ။ ။ မြင်မှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န စက္ခုဓာတု) (စက္ခုပသာဒမှ တစ်ပါးအခြားသော ရုပ်များ)။

၂ (က-ခ) ။ ။ ကြားမှု သဘာဝရုပ်သည် ရှိ၏ (သောတဓာတု) (ကြားတတ်သော သဘောရှိသော နားအကြည် 'သောတပသာဒ' ရုပ်)။ပ။

၃ (က-ခ) ။ ။ နံမှု သဘာဝရုပ်သည် ရှိ၏ (ဃာနဓာတု) (နံတတ်သော သဘောရှိသော နှာခေါင်းအကြည် 'ဃာနပသာဒ' ရုပ်)။ပ။

၄ (က-ခ) ။ ။ လျက်မှု သဘာဝရုပ်သည် ရှိ၏ (ဇိဝှါဓာတု) (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒ'ရုပ်)။ပ။

၅ (က) ။ ။ ထိမှု သဘာဝရုပ်သည် ရှိ၏ (ကာယဓာတု) (ထိခိုက်တတ်သော သဘောရှိသော ကိုယ်အကြည် 'ကာယပသာဒ' ရုပ်)။

(ခ) ။ ။ ထိမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န ကာယဓာတု) (ကာယပသာဒမှ တစ်ပါးအခြားသော ရုပ်များ)။

၆ (က) ။ ။ အဆင်းသဘာဝရုပ်သည် ရှိ၏ (ရူပဓာတု) (ရူပါရုံ)။

(ခ) ။ ။ အဆင်းသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န ရူပဓာတု) (ရူပါရုံမှတစ်ပါးအခြားသော ရုပ်များ)။

၇ (က-ခ) ။ ။ အသံသဘာဝရုပ်သည် ရှိ၏ (သဒ္ဒဓာတု) (သဒ္ဒါရုံ)။ပ။

၈ (က-ခ) ။ ။ အနံ့သဘာဝရုပ်သည် ရှိ၏ (ဂန္ဓဓာတု) (ဂန္ဓာရုံ)။ပ။

၉ (က-ခ) ။ ။ အရသာသဘာဝရုပ်သည် ရှိ၏ (ရသဓာတု) (ရသာရုံ)။ပ။

၁၀ (က) ။ ။ အတွေ့သဘာဝရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ) ။ ။ အတွေ့သဘော မဟုတ်သော ရုပ်သည် ရှိ၏ (န ဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးအခြားသောရုပ်များ)။

**ဓာတုဒုကနည်း ၁၀-ပါး ပြီး၏။**

၁။ 'သတ္တ, ဇီဝ၊ ကင်းစင်ပ၊ ဘာဝ တတ်တိုင်းဖြစ်' [လယ်တီ ပရမတ္ထသံခိပ်]။

# ခန္ဓဝိဘင်္ဂ

## ဣန္ဒြိယ[1] ဒုကနည်း ၈-ပါး

၁ (က) ။ ။ မြင်ခြင်း၌ အစိုးရမှု (ရှိသော) မျက်စိအကြည်ရုပ်သည် ရှိ၏ (စက္ခုန္ဒြိယ) (စက္ခုပသာဒ)။

(ခ) ။ ။ မြင်ခြင်း၌ အစိုးရမှု (ရှိသော) မျက်စိအကြည် မဟုတ်သော ရုပ်သည် ရှိ၏ (န စက္ခုန္ဒြိယ) (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၂ (က-ခ) ။ ။ ကြားခြင်း၌ အစိုးရမှု (ရှိသော) နားအကြည်ရုပ်သည် ရှိ၏ (သောတိန္ဒြိယ) (သောတပသာဒ) ။ပ။

၃ (က-ခ) ။ ။ နံခြင်း၌ အစိုးရမှု (ရှိသော) နှာခေါင်းအကြည်ရုပ်သည် ရှိ၏ (ဃာနိန္ဒြိယ) (ဃာနပသာဒ) ။ပ။

၄ (က-ခ) ။ ။ လျက်ခြင်း၌ အစိုးရမှု (ရှိသော) လျှာအကြည်ရုပ်သည် ရှိ၏ (ဇိဝှိန္ဒြိယ) (ဇိဝှါပသာဒ)။ပ။

၅ (က) ။ ။ ထိခြင်း၌ အစိုးရမှု (ရှိသော) ကိုယ်အကြည်ရုပ်သည် ရှိ၏ (ကာယိန္ဒြိယ) (ကာယ ပသာဒ)။

(ခ) ။ ။ ထိခြင်း၌ အစိုးရမှု (ရှိသော) ကိုယ်အကြည် မဟုတ်သော ရုပ်သည် ရှိ၏ (န ကာယိန္ဒြိယ) (ကာယပသာဒမှ တစ်ပါးသော ရုပ်များ)။

၆ (က) ။ ။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ဣတ္ထိန္ဒြိယ) (ဣတ္ထိဘာဝရုပ်)။

(ခ) ။ ။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု မဟုတ်သော ရုပ်သည် ရှိ၏ (န ဣတ္ထိန္ဒြိယ) (ဣတ္ထိဘာဝရုပ်မှ တစ်ပါးသော ရုပ်များ)။

၇ (က) ။ ။ ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ပုရိသိန္ဒြိယ) (ပုရိသဘာဝရုပ်)။

(ခ) ။ ။ ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု မဟုတ်သော ရုပ်သည် ရှိ၏ (န ပုရိသိန္ဒြိယ) (ပုမ္ဘာဝရုပ်မှ တစ်ပါးသော ရုပ်များ)။

၈ (က) ။ ။ အစိုးတရ စောင့်ရှောက်မှု (ရှိသော) ရုပ်သည် ရှိ၏ (ဇီဝိတိန္ဒြိယ) (ဇီဝိတရုပ်)။

(ခ) ။ ။ အစိုးတရ စောင့်ရှောက်မှု မဟုတ်သော ရုပ်သည် ရှိ၏ (န ဇီဝိတိန္ဒြိယ) (ဇီဝိတရုပ်မှ တစ်ပါးသော ရုပ်များ)။

**ဣန္ဒြိယဒုကနည်း ၈-ပါး ပြီး၏။**

၁။ 'ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စကိုယ်စီစီ' [လယ်တီ ပရမတ္ထသံခိပ်]။

# ခန္ဓဝိဘင်္ဂ

## သုခုမရူပဒုကနည်း ၁၂-ပါး

၁ (က) ။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ကာယဝိညတ္တိ) (ကာယဝိညတ်ရုပ်)။

(ခ) ။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (န ကာယဝိညတ္တိ) (ကာယဝိညတ်မှ တစ်ပါးသော ရုပ်များ)။

၂ (က) ။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ဝစီဝိညတ္တိ) (ဝစီဝိညတ်ရုပ်)။

(ခ) ။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (န ဝစီဝိညတ္တိ) (ဝစီဝိညတ်မှ တစ်ပါးသော ရုပ်များ)။

၃ (က) ။ ။ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝ ရုပ်သည် ရှိ၏ (အာကာသဓာတု) (ပရိစ္ဆေဒရုပ်)။

(ခ) ။ ။ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န အာကာသဓာတု) (ပရိစ္ဆေဒရုပ်မှ တစ်ပါးသော ရုပ်များ)။

၄ (က) ။ ။ ဖွဲ့စည်းမှု သဘာဝရုပ်သည် ရှိ၏ (အာပေါဓာတု)။

(ခ) ။ ။ ဖွဲ့စည်းမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (န အာပေါဓာတု) (အာပေါဓာတ်မှ တစ်ပါးသော ရုပ်များ)။

၅ (က) ။ ။ (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှုသဘော ရုပ်သည် ရှိ၏ (ရူပဿ လဟုတာ)။

(ခ) ။ ။ (နိပ္ဖန္န) ရုပ်၏ ပေါ့ပါးမှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န လဟုတာ) (ရူပဿလဟုတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၆ (က) ။ ။ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှုသဘော ရုပ်သည် ရှိ၏ (ရူပဿ မုဒုတာ)။

(ခ) ။ ။ (နိပ္ဖန္န) ရုပ်၏ နူးညံ့မှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န မုဒုတာ) (ရူပဿမုဒုတာ ရုပ်မှ တစ်ပါးသော ရုပ်များ)။

၇ (က) ။ ။ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှုသဘော) ရုပ်သည် ရှိ၏ (ရူပဿ ကမ္မညတာ)။

(ခ) ။ ။ (နိပ္ဖန္န) ရုပ်၏ အလုပ်၌ ခံ့မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု သဘော) မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န ကမ္မညတာ) (ရူပဿ ကမ္မညတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၈ (က) ။ ။ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ ရုပ်သည် ရှိ၏ (ရူပဿ ဥပစယ)။

(ခ) ။ ။ (နိပ္ဖန္န) ရုပ်၏ ဖြစ်ပေါ်လာစ မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န ဥပစယ) (ဥပစယရုပ်မှ တစ်ပါးသော ရုပ်များ)။

၉ (က) ။ ။ (နိပ္ဖန္န) ရုပ်၏ ကြီးပွားဆဲအစဉ် ရုပ်သည် ရှိ၏ (ရူပဿ သန္တတိ)။

(ခ)။ ။ (နိပ္ဖန္န) ရုပ်၏ ကြီးပွားဆဲအစဉ် မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န သန္တတိ) (သန္တတိရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၀ (က)။ ။ (နိပ္ဖန္န) ရုပ်၏ ယိုယွင်းရင့်ရော် လျော့ပါးမှုသဘော ရုပ်သည် ရှိ၏ (ရူပဿ ဇရတာ)။

(ခ)။ ။ (နိပ္ဖန္န) ရုပ်၏ ယိုယွင်းရင့်ရော် လျော့ပါးမှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န ဇရတာ) (ဇရတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၁ (က)[၁]။ ။ (နိပ္ဖန္န) ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) သဘောရုပ်သည် ရှိ၏ (ရူပဿ အနိစ္စတာ)။

(ခ)။ ။ (နိပ္ဖန္န) ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) သဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ န အနိစ္စတာ) (အနိစ္စတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၂ (က)။ ။ အလုတ်အလွေး ပြုအပ်သော အစာအာဟာရ ရုပ်သည် ရှိ၏ (ကဗဠီကာရအာဟာရ)။

(ခ)။ ။ အလုတ်အလွေး ပြုအပ်သော အစာအာဟာရ မဟုတ်သော ရုပ်သည် ရှိ၏ (နကဗဠီကာရ အာဟာရ) (အာဟာရရုပ်မှ တစ်ပါးသော ရုပ်များ)။

ဤသို့ နှစ်ဖို့ (နှစ်စု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

## သုခုမရူပဒုကနည်း ၁၂-ပါး ပြီး၏။

## နှစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး ပြီး၏။

၁။ ဝတ္ထုဒုကနည်းမှစ၍ သုခုမဒုကနည်း နံပါတ် ၁၁-အထိ ဒုကနည်း ၆-မျိုးကို ဝိဘင်းပါဠိတော်တွင် ပေယျာလ ချန်ထားခဲ့သည်၊ ယခုမြန်မာပြန်တွင် လေ့လာသူ သုတေသီတို့အတွက် ဖော်ထုတ်ရေးသား ထားသည်။
သုခုမရုပ် ၁၆-ပါး (သောဠသ) ဆိုရိုးဆိုစဉ်မှာ- "အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ (ရူပဿ) လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ" ဟု ဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## တိကနည်း ၁၀၃-ပါး

## (သုံးပါးစီပြားသောနည်းအားဖြင့် ဟောကြားသော တိကနည်း ၁၀၃-ပါး)

**တိကနည်း ၁၀၃-ပါး။** ။ သုံးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၁၀၃-ပါး) ဖြစ်၏။

## ပကိဏ္ဏကတိကနည်း ၁၃-ပါး

## (အဇ္ဈတ္တိက ဥပါဒါတိက်)

၁ (က) ။ ။ အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိကဥပါဒါရုပ်ဖြစ်သော ပသာဒရုပ်ငါးခု)။

(ခ) ။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မှီတတ်သော 'ဥပါဒါ' ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရဥပါဒါရုပ် ဖြစ်သော ဥပါဒါရုပ်များ)။

(ဂ) ။ ။ မမှီတတ်သော 'နော ဥပါဒါ' ရုပ်လည်း ရှိ၏ (မဟာဘုတ်လေးပါး)။

## (အဇ္ဈတ္တိက ဥပါဒိန္နတိက်)

၂ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ ကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) သာ ဖြစ်၏ (အတွင်းသန္တာန်၌လည်း ဖြစ်၍ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်သော အဇ္ဈတ္တိကဥပါဒိန္နရုပ် = ကမ္မဇပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏ အကျိုး ဖြစ်သော) 'ဥပါဒိန္န' ရုပ်လည်း ရှိ၏ (အပသန္တာန်၌လည်း ဖြစ်၍ ကံကြောင့်လည်းဖြစ်သော ပသာဒရုပ်မှ တစ်ပါး အခြားသော ဗာဟိရ ဥပါဒိန္နရုပ် = ဗာဟိရ ကမ္မဇရုပ်များ)။

(ဂ) ။ ။

တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇမဟုတ်သောရုပ်) လည်း ရှိ၏ (ကမ္မဇရုပ် မဟုတ်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)။

## (အဇ္ဈတ္တိက ဉပါဒိန္နုပါဒါနိယတိက်)

၃ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ (ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍ (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဉပါဒါန်' တရား[၁]တို့၏ အာရုံဖြစ်သော ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက ဉပါဒိန္နုပါဒါနိယရုပ် = ကမ္မဇပသာဒရုပ်)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်း ဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဉပါဒါန်' တရားတို့၏ အာရုံဖြစ်သော ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရဉပါဒိန္နုပါဒါနိယ = ကမ္မဇရုပ်များ)။

(ဂ) ။ ။

တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) လွန်စွာစွဲလမ်းတတ်သော 'ဉပါဒါန်' တရားတို့၏ အာရုံသာ ဖြစ်သော ရုပ်လည်း ရှိ၏ (ကမ္မဇရုပ် မဟုတ်သော ဗာဟိရ အနုပါဒိန္နုပါဒါနိယ= စိတ္တဇ, ဥတုဇ, အာဟာရဇရုပ် များ)[၂]။

## (အဇ္ဈတ္တိက အနိဒဿနတိက်)

၄ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုအတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော) 'အနိဒဿန' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိကအနိဒဿနရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ မမြင်အပ်သော ပသာဒရုပ်များ)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်အပ်သော သဘော ရှိသော 'သနိဒဿန' ရုပ်လည်း ရှိ၏၊ (ဗာဟိရသနိဒဿနရုပ်) (အပသန္တာန်၌ ဖြစ်၍ မြင်အပ်သော ရူပါရုံ)။

(ဂ) ။ ။

မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (ဗာဟိရအနိ ဒဿနရုပ်) (ရူပါရုံမှ တစ်ပါးသော အပသန္တာန်၌ ဖြစ်၍ မမြင်အပ်သော 'ဗာဟိရ' ရုပ်များ)။

## (အဇ္ဈတ္တိက သပ္ပဋိဃတိက်)

၅ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါး (တိုက်ခိုက်) ခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက သပ္ပဋိဃရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ ထိပါးတတ်သော သပ္ပဋိဃရုပ်= ပသာဒရုပ် ၅-ပါး)။

(ခ) ။ ။

အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဗာဟိရ သပ္ပဋိဃရုပ်) (ပသာဒ ရုပ်မှ တစ်ပါးသော အပသန္တာန်၌ ဖြစ်၍ ထိပါးတတ်သော ဩဠာရိကရုပ် ၇-ပါး = အာရုံငါးပါး)။

(ဂ) ။ ။

ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘော မရှိသော)'အပ္ပဋိဃ' ရုပ်လည်းရှိ၏ (ဗာဟိရ အပ္ပဋိဃရုပ်) (ထိခိုက်၍မရသောနူးညံ့သိမ်မွေ့သည့် သုခုမရုပ်)။

## (အဇ္ဈတ္တိက ဣန္ဒြိယတိက်)

၆ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ ဆိုင်ရာကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက ဣန္ဒြိယရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာ ကိစ္စ၌ အစိုးရသော ဣန္ဒြေထိုက်သော ပသာဒရုပ် ၅-ပါး)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာ ကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ' ရုပ်လည်း ရှိ၏ (ဗာဟိရ ဣန္ဒြိယရုပ်) (အပသန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာ ကိစ္စ၌ အစိုးရသော ဘာဝရုပ်, ဇီဝိတရုပ်)။

(ဂ) ။ ။

(မိမိဆိုင်ရာကိစ္စ၌) အစိုးရသည် မဟုတ်သော (အစိုးမရသော) 'န ဣန္ဒြိယရုပ်' လည်း ရှိ၏ (ဗာဟိရ န ဣန္ဒြိယရုပ်) (ပသာဒရုပ်ငါးခု၊ ဘာဝရုပ်နှစ်ခု၊ ဇီဝိတရုပ် ဟူသော ဣန္ဒြိယရုပ် ရှစ်ခုမှတစ်ပါး အခြားသော န ဣန္ဒြိယရုပ်များ)။

## (အဇ္ဈတ္တိက န မဟာဘူတတိက်)

၇ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ် မဟုတ်သော ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န မဟာဘူတရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မဟာဘုတ် မဟုတ်သော ပသာဒရုပ်ငါးပါး)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ်ရုပ်လည်း ရှိ၏ (ဗာဟိရ မဟာဘူတရုပ်) (အပသန္တာန်၌ ဖြစ်သော မဟာဘုတ် ၄-ပါး)။

(ဂ) ။ ။

မဟာဘုတ် မဟုတ်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န မဟာဘူတရုပ်) (အပသန္တာန်၌ ဖြစ်၍ မဟာဘုတ် မဟုတ်သော ဥပါဒါရုပ်များ)။

## (အဇ္ဈတ္တိက န ဝိညတ္တိတိက်)

၈ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒ ကို) သိစေတတ်သည့် အမူအရာ မဟုတ်သော 'န ဝိညတ္တိ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န ဝိညတ္တိရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်း မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သော 'ဝိညတ္တိ' ရုပ်လည်း ရှိ၏ (ဗာဟိရ ဝိညတ္တိရုပ်) (အပသန္တာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်းဖြစ်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ) ။ ။

(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာ မဟုတ်သော 'န ဝိညတ္တိ' ရုပ်လည်း ရှိ၏ (ဗာဟိရ န ဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော အပသန္တာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိစေတတ်သည့် အမူအရာမဟုတ်သော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာနတိက်)

၉ (က) ။ ။

အကြောင်အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့် မဖြစ်သော ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န စိတ္တသမုဋ္ဌာနရုပ်) (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်ကြောင့် ဖြစ်သည့် စိတ္တဇရုပ် မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြောင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့် ဖြစ်သော ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တသမုဋ္ဌာနရုပ်) (အပသန္တာန်၌လည်း ဖြစ်၍ စိတ်ကြောင့်လည်း ဖြစ်သော စိတ္တဇရုပ်)။

(ဂ) ။ ။

စိတ်ကြောင့် ဖြစ်သည် မဟုတ်သော (စိတ်ကြောင့် မဖြစ်သော) ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တသမုဋ္ဌာနရုပ်) (ပသာဒရုပ်မှ တစ်ပါးသော အပသန္တာန်၌ဖြစ်၍ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ် မဟုတ်သော ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။

## (အဇ္ဈတ္တိက န စိတ္တသဟဘုတိက်)

၁၀ (က) ။ ။

အကြောင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့်တကွ ဖြစ် သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'န စိတ္တသဟဘု' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န စိတ္တသဟဘုရုပ်) (အတွင်းသန္တာန်၌သာ ဖြစ်၍ စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြောင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့်တကွ ဖြစ်သော (စိတ်နှင့် အတူဖြစ်, အတူပျက်သော) 'စိတ္တသဟဘု' ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တသဟဘုရုပ်) (အပသန္တာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ) ။ ။

စိတ်နှင့်တကွ ဖြစ်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'န စိတ္တသဟဘု' ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိတိက်)

၁၁ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သည် မဟုတ်သော (စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော) 'န စိတ္တာ နုပရိဝတ္တိ' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက န စိတ္တာနုပရိဝတ္တိရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်, အတူပျက်ဖြစ်သော) 'စိတ္တာနုပရိဝတ္တိ' ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တာနုပရိဝတ္တိရုပ်) (အပသန္တာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက်သော ဝိညတ္တိရုပ် ၂-ခု)။

(ဂ) ။ ။

စိတ်သို့ အစဉ်လိုက်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) ရုပ်လည်း ရှိ၏ (ဗာဟိရ န စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့် အတူဖြစ်, အတူပျက်ဖြစ်သော ဝိညတ်ရုပ်မှ တစ်ပါး အခြားသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက ဩဠာရိကတိက်)

၁၂ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိက ဩဠာရိကရုပ်) (အတွင်းသန္တာန်၌ ဖြစ်သော ကြမ်းတမ်းသော ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ဗာဟိရ ဩဠာရိကရုပ်) (အပသန္တာန်၌ ဖြစ်၍ ကြမ်းတမ်းသော ပသာဒရုပ်မှ တစ်ပါးသော ဩဠာရိကရုပ်ခုနစ်ခု= အာရုံငါးပါး)။

(ဂ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဗာဟိရသုခုမရုပ်) (သိမ်မွေ့သော အာပေါစသော သုခုမ ရုပ် ၁၆-ပါး)။

## (အဇ္ဈတ္တိက သန္တိကေတိက်)

၁၃ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော ‘အဇ္ဈတ္တိက’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် နီးကပ်သော (သိလွယ်သော) ‘သန္တိကေ’ ရုပ်သာ ဖြစ်၏ (အဇ္ဈတ္တိကသန္တိကေရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ နီးကပ်သော (သိလွယ်သော) ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော ‘ဗာဟိရ’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) ‘ဒူရေ’ ရုပ်လည်း ရှိ၏ (ဗာဟိရဒူရေရုပ်) (အပသန္တာန်၌ ဖြစ်၍ ဝေးကွာသော (အသိခက်သော) အာပေါစသော ဒူရေရုပ်= သုခုမရုပ်များ)။

(ဂ) ။ ။

နီးကပ်သော (သိလွယ်သော) ‘သန္တိကေ’ ရုပ်လည်း ရှိ၏ (ဗာဟိရသန္တိကေရုပ်) (နီးကပ်သော သိလွယ်သော ပသာဒရုပ်မှ တစ်ပါးသော ‘သန္တိကေ’ ရုပ်= ဩဠာရိကရုပ် ခုနစ်ခု)။

### ပကိဏ္ဏကတိကနည်း ၁၃-ပါး ပြီး၏။

၁။ ဥပါဒါန်၏ တရားကိုယ်မှာ တဏှာဒိဋ္ဌိတို့ ဖြစ်သည်။

၂။ ဝိဘင်းပါဠိတော်၌ ပကိဏ္ဏကတိကနည်း ၃-နည်းနှင့် သုခုမတိကနည်း နောက်ဆုံးနည်း ၁-နည်းသာ ဖော်ပြထားသည်၊ ပကိဏ္ဏကတိကနည်း အမှတ် ၄-မှစ၍ သုခုမတိကနည်း အမှတ် ၁၁-အထိ ပေယျာလ ချန်ထား ခဲ့သည်၊ လေ့လာသူ သုတေသီတို့ အကျိုးငှါ ဤမြန်မာပြန်၌ ထည့်သွင်း ဖော်ပြလိုက်ပါသည်။ ပေယျာလချန်ထားခဲ့သော နည်းများမှာ ပကိဏ္ဏ ကတိက ၁၀-နည်း၊ ဝတ္ထုတိက ၂၅-နည်း၊ အာရမ္မဏတိက ၂၅-နည်း၊ အာယတနတိက ၁၀-နည်း၊ ဓာတုတိက ၁၀-နည်း၊ ဣန္ဒြိယတိက ၈-နည်း၊ သုခုမတိက ၁၁-နည်းတို့ ဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## ဝတ္ထုတိကနည်း ၂၅-ပါး[၁]

## (ဗာဟိရစက္ခုသမ္ဖဿဿ န ဝတ္ထုတိက်)

၁ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ မဟုတ်သော 'နဝတ္ထု' ရုပ် ဖြစ်၏ (ဗာဟိရ စက္ခု သမ္ဖဿဿ န ဝတ္ထုရုပ်) (ဝိသယရုပ်, သုခုမရုပ်ဟူသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ ဖြစ်သော 'ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ ဝတ္ထုရုပ်) စက္ခုပသာဒ။

(ဂ) ။ ။

မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ မဟုတ်သော 'န ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ န ဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒရုပ် ၄-ခု)။ (ဗာဟိရစက္ခုသမ္ဖဿဇာဝေဒနာ န ဝတ္ထုတိက် စသည်)

၂ (က-ခ-ဂ) - ၄ (က-ခ-ဂ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

## (ဗာဟိရစက္ခုဝိညာဏဿ နဝတ္ထုတိက်)

၅ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခု ဝိညာဏ်' ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သောရုပ် ဖြစ်၏ (ဗာဟိရစက္ခု ဝိညာဏဿ န ဝတ္ထုရုပ်) (ပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခု ဝိညာဏ်' ၏ မှီရာ တည်ရာ 'ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဝိညာဏဿ ဝတ္ထုရုပ်) (စက္ခု ပသာဒ)။

(ဂ) ။ ။

မြင်သိစိတ် 'စက္ခုဝိညာဏ်' ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဝိညာဏဿ န ဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ရုပ် ၄-ခု)။ (ဗာဟိရ သောတ သမ္ဖဿဿ နဝတ္ထုတိက် စသည်)

၆ (က-ခ-ဂ) - ၂၀ (က-ခ-ဂ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတ ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ နံသိစိတ် (ဃာနဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏။ပ။

## (ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထုတိက်)

၂၁ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယ ဝိညာဏ်' နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ် သောရုပ်ဖြစ်၏ (ဗာဟိရ ကာယသမ္ဖဿဿ န ဝတ္ထုရုပ်) (ပသာဒရုပ်ငါးခုမှ တစ်ပါးသော ရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ 'ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယ သမ္ဖဿဿ ဝတ္ထုရုပ်) (ကာယပသာဒ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ် သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယသမ္ဖဿဿ န ဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါ ပသာဒရုပ် ၄-ခု)။ (ဗာဟိရ ကာယသမ္ဖဿဇာ ဝေဒနာယ န ဝတ္ထုတိက် စသည်)

၂၂ (က-ခ-ဂ) - ၂၄ (က-ခ-ဂ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

## (ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထုတိက်)

၂၅ (က) ။ ။

အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သော ရုပ်ဖြစ်၏ (ဗာဟိရ ကာယဝိညာဏဿ န ဝတ္ထုရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ၏ မှီရာ တည်ရာ 'ဝတ္ထု' ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဝိညာဏဿ ဝတ္ထုရုပ်) (ကာယပသာဒ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) ၏ မှီရာ တည်ရာ 'ဝတ္ထု' မဟုတ်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဝိညာဏဿ န ဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄-ခု)။

**ဝတ္ထုတိကနည်း ၂၅-ပါး ပြီး၏။**

၁။ ဤနည်း၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဉ်တည်းဟူသော ဖဿပဥ္စမကကို မူလီသွင်း၍ ဟောထားသည်။

# ခန္ဓဝိဘင်္ဂ

## အာရမ္မဏတိကနည်း ၂၅-ပါး[၁]

## (အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ နာရမ္မဏတိက်)

၁ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏ (အဇ္ဈတ္တိက စက္ခုသမ္ဖဿဿ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံဖြစ်သော 'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခု သမ္ဖဿဿ အာရမ္မဏရုပ်) (ရူပါရုံ)။

(ဂ) ။ ။

မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံ မဟုတ်သော 'နာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခုသမ္ဖဿဿ နာရမ္မဏရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (စက္ခုသမ္ဖဿဇာဝေဒနာယ နာရမ္မဏတိက် စသည်)

၂ (က-ခ-ဂ) -၄ (က-ခ-ဂ) ။ ။

အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

## (အဇ္ဈတ္တိက စက္ခုဝိညာဏသ နာရမ္မဏတိက်)

၅ (က) ။ ။

(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) မြင်သိစိတ် (စက္ခုဝိညာဏ်) ၏ အာရုံ မဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏ (အဇ္ဈတ္တိက စက္ခုဝိညာဏသ နာရမ္မဏ ရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) ၏ အာရုံဖြစ်သော 'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခုဝိညာဏသ အာရမ္မဏရုပ်) (ရူပါရုံ)။

(ဂ) ။ ။

မြင်သိစိတ် (စက္ခုဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရ စက္ခုဝိညာဏသ နာရမ္မဏရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက သောတသမ္ဖဿသ နာရမ္မဏတိက်စသည်)

၆ (က-ခ-ဂ) -၂၀ (က-ခ-ဂ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'သောတသမ္ဖဿ' ၏။ပ။ နံသိစိတ် (ဃာနဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဃာနသမ္ဖဿ' ၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဇိဝှါ သမ္ဖဿ' ၏။ပ။

## (အဇ္ဈတ္တိက ကာယသမ္ဖဿသ နာရမ္မဏတိက်)

၂၁ (က) ။ ။

(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ' ၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏ (အဇ္ဈတ္တိက ကာယသမ္ဖဿသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဖဿ' ၏ အာရုံဖြစ်သော 'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယသမ္ဖဿသ အာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ၏ အာရုံ မဟုတ်သော 'နာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယသမ္ဖဿသ နာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက ကာယသမ္ဖဿဇာ ဝေဒနာယ နာရမ္မဏတိက်စသည်)

၂၂ (က-ခ-ဂ) ၂၄ (က-ခ-ဂ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' ၏။ပ။ မှတ်သားမှု 'သညာ' ၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ' ၏။ပ။

## (အဇ္ဈတ္တိက ကာယဝိညာဏဿ နာရမ္မဏတိက်)

၂၅ (က) ။ ။

(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်ဖြစ်၏ (အဇ္ဈတ္တိက ကာယဝိညာဏဿ နာရမ္မဏ ရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယ ဝိညာဏ်' ၏ အာရုံဖြစ်သော 'အာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယဝိညာဏဿ အာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ' ရုပ်လည်း ရှိ၏ (ဗာဟိရကာယ ဝိညာဏဿ နာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

### အာရမ္မဏတိကနည်း ၂၅-ပါး ပြီး၏။

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကို မူထား၍ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ် တည်းဟူသော ဖဿပဥ္စမကကို မူလီသွင်းပြီးလျှင် ဟောထားသည်။

# ခန္ဓဝိဘင်္ဂ

## အာယတနတိကနည်း ၁၀-ပါး

### (ဗာဟိရ န စက္ခာယတနတိက်)

၁ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န စက္ခာယတနရုပ်) (အပသန္တာန် ၌ ဖြစ်၍ စက္ခာယတန မမည်သော ဗာဟိရရုပ်များ) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခာယတနရုပ်) (စက္ခုပသာဒရုပ်)။

(ဂ) ။ ။

မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခာယတနရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒရုပ် ၄-ပါး)။

### (ဗာဟိရ န သောတာယတနတိက်)

၂ (က-ခ-ဂ) ။ ။

အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတ ဝိညာဏ်) ဖြစ်ရာ နားအကြည် 'သောတာယတန' မမည်သော ရုပ်ဖြစ်၏။ပ။

### (ဗာဟိရ န ဃာနာယတနတိက်)

၃ (က-ခ-ဂ) ။ ။

နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' မမည်သော ရုပ် ဖြစ်၏။ပ။

### (ဗာဟိရ န ဇိဝှါယတနတိက်)

၄ (က-ခ-ဂ) ။ ။

လျက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' မမည်သော ရုပ်ဖြစ်၏။ပ။

## (ဗာဟိရ န ကာယာယတနတိက်)

၅ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န ကာယာယတနရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယာယတ နရုပ်) (ကာယပသာဒ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န ကာယာယတနရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒ ရုပ် ၄-ပါး)။

## (အဇ္ဈတ္တိက န ရူပါယတနတိက်)

၆ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခု ဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပါယတနရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုအပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပါယတနရုပ်) (ရူပါရုံ)။

(ဂ) ။ ။

မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပါယတနရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န သဒ္ဒါယတနတိက်)

၇ (က-ခ-ဂ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မမည်သော ရုပ် ဖြစ်၏။ပ။

## (အဇ္ဈတ္တိက န ဂန္ဓာယတနတိက်)

၈ (က-ခ-ဂ) ။ ။

နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မမည်သော ရုပ်ဖြစ်၏။ပ။

## (အဇ္ဈတ္တိက န ရသာယတနတိက်)

၉ (က-ခ-ဂ) ။ ။

လျှက်သိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန' မမည်သော ရုပ်ဖြစ်၏။ပ။

## (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတနတိက်)

၁၀ (က) ။ ။

(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗာယတန ရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယ ဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗာယတန ရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ) ။ ။

ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဖောဋ္ဌဗ္ဗာယတနရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

**အာယတနတိကနည်း ၁၀-ပါး ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဓာတုတိကနည်း ၁၀-ပါး

### (ဗာဟိရ န စက္ခုဓာတုတိက်)

၁ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န စက္ခုဓာတုရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုဓာတုရုပ်) (စက္ခုပသာဒ)။

(ဂ) ။ ။

မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခုဓာတုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ရုပ် ၄-ပါး)။

### (ဗာဟိရ န သောတဓာတုတိက်)

၂ (က-ခ-ဂ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှုသဘော (ကြားတတ်သော နားအကြည်ဓာတ်) 'သောတဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

### (ဗာဟိရ န ဃာနဓာတုတိက်)

၃ (က-ခ-ဂ) ။ ။

နံမှုသဘော (နံတတ်သော နှာခေါင်းအကြည်ဓာတ်) 'ဃာနဓာတု'မမည်သော ရုပ်ဖြစ်၏။ပ။

### (ဗာဟိရ န ဇိဝှါဓာတုတိက်)

၄ (က-ခ-ဂ) ။ ။

လျက်မှုသဘော (လျက်တတ်သော လျှာအကြည်ဓာတ်) 'ဇိဝှါဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

## (ဗာဟိရ န ကာယဓာတုတိက်)

၅ (က) ။ ။

(အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န ကာယဓာတုရုပ်) (ပသာဒရုပ်မှ တစ်ပါးသောဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယဓာတုရုပ်) (ကာယပသာဒ)။

(ဂ) ။ ။

ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န ကာယဓာတုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄-ပါး)။

## (အဇ္ဈတ္တိက န ရူပဓာတုတိက်)

၆ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဓာတု) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်းသဘော 'ရူပဓာတု' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဓာတုရုပ်) (ရူပါရုံ)။

(ဂ) ။ ။

အဆင်းသဘော 'ရူပဓာတု' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဓာတုရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န သဒ္ဒဓာတုတိက်)

၇ (က-ခ-ဂ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသံသဘော 'သဒ္ဒဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

# ခန္ဓဝိဘင်္ဂ

## (အဇ္ဈတ္တိက န ဂန္ဓဓာတုတိက်)

၈ (က-ခ-ဂ) ။ ။ အနံ့သဘော 'ဂန္ဓဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

## (အဇ္ဈတ္တိက န ရသဓာတုတိက်)

၉ (က-ခ-ဂ) ။ ။ အရသာသဘော 'ရသဓာတု' မမည်သော ရုပ်ဖြစ်၏။ပ။

## (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတုတိက်)

၁၀ (က) ။ ။

(အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) အတွေ့သဘော (ထိတွေ့အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဖောဋ္ဌဗ္ဗဓာတုရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အတွေ့သဘော (ထိတွေ့အပ်ခြင်းသဘော) 'ဖောဋ္ဌဗ္ဗဓာတု' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗ ဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ) ။ ။

အတွေ့သဘော (ထိတွေ့အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဖောဋ္ဌဗ္ဗဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

**ဓာတုတိကနည်း ၁၀-ပါး ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဣန္ဒြိယတိကနည်း ၈-ပါး[၁]

## (ဗာဟိရ န စက္ခုန္ဒြိယတိက်)

၁ (က) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ န စက္ခုန္ဒြိယရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက စက္ခုန္ဒြိယရုပ်) (စက္ခုပသာဒ)။

(ဂ) ။ ။

မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န စက္ခုန္ဒြိယရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၄-ပါး)။ (ဗာဟိရ န သောတန္ဒြိယတိက်စသည်)

၂ (က-ခ-ဂ) ၄ (က-ခ-ဂ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' မမည်သော ရုပ်ဖြစ်၏။ပ။

## (ဗာဟိရ န ကာယိန္ဒြိယတိက်)

၅ (က) ။ ။

(အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မမည်သော ရုပ်လည်း ဖြစ်၏ (ဗာဟိရ န ကာယိန္ဒြိယရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက ကာယိန္ဒြိယရုပ်) (ကာယပသာဒ)။

(ဂ) ။ ။

ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အဇ္ဈတ္တိက န ကာယိန္ဒြိယရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄-ပါး)။

## (အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယတိက်)

၆ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဣတ္ထိန္ဒြိယရုပ်) (ပသာဒရုပ် ၅-ခု)။

(ခ) ။ ။

အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်)။

(ဂ) ။ ။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ပုရိသိန္ဒြိယတိက်)

၇ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောက်ျား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ပုရိသိန္ဒြိယရုပ်) (ပသာဒ ရုပ် ၅-ခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောက်ျား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ပုရိသိန္ဒြိယရုပ်) (ပုမ္ဘာဝရုပ်)။

(ဂ) ။ ။

ယောက်ျား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ပုရိသိန္ဒြိယရုပ်) (ပုရိသဘာဝရုပ်မှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

## (အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယတိက်)

၈ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက်ရှင် ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဇီဝိတိန္ဒြိယရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဇီဝိတိန္ဒြိယရုပ်) (ဇီဝိတရုပ်)။

(ဂ) ။ ။

အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ဇီဝိတိန္ဒြိယ ရုပ်) (ဇီဝိတရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

## ဣန္ဒြိယတိကနည်း ၈-ပါး ပြီး၏။

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကို မူထား၍ ရုပ်ဣန္ဒြေ ၈-ပါးတို့ကို မူလီသွင်းပြီးလျှင် ဟောထားသည်။

# ခန္ဓဝိဘင်္ဂ

## သုခုမတိကနည်း ၁၂-ပါး[၁]

## (အဇ္ဈတ္တိက န ကာယဝိညတ္တိတိက်)

၁ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒ ကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ကာယ ဝိညတ္တိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယဝိညတ္တိရုပ်) (ကာယဝိညတ်)။

(ဂ) ။ ။

(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ကာယဝိညတ္တိရုပ်) (ကာယဝိညတ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။ (အဇ္ဈတ္တိက န ဝစီ ဝိညတ္တိတိက်)

၁။ ဤနည်း၌ အဇ္ဈတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကို မူတည်၍ ဣန္ဒြေမထိုက်သော အာပေါ, ဝိကာရရုပ် ၅-ပါး, အာကာသ ရုပ်, အာဟာရရုပ်, လက္ခဏရုပ် ၄-ပါး တည်းဟူသော သုခုမရုပ် ၁၂-ပါးတို့ကို မူလီသွင်းပြီးလျှင် ဟောကြားသည်။ ပကိဏ္ဏကတိကနည်း အမှတ် ၄-မှ သုခုမတိကနည်း အမှတ် ၁၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထားခဲ့သည်။ (ပကိဏ္ဏကတိကနည်း၊ အမှတ် ၃- (အဇ္ဈတ္တိကဉပါဒိန္နုပါဒါနိယတိက်) အောက်ခြေ မှတ်ချက် ပြန်ကြည့်ပါ။

၂ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ဝစီဝိညတ္တိ ရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်)။

(ဂ) ။ ။

(မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်' မမည်သော ရုပ် လည်း ရှိ၏ (ဗာဟိရ န ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။ (အဇ္ဈတ္တိက န အာကာသ ဓာတုတိက်)

၃ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န အာကာသဓာတုရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ အာကာသဓာတုရုပ်) (ပရိစ္ဆေဒရုပ်)။

(ဂ) ။ ။

မရေးခြစ်အပ်သော သဘော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န အာကာသာဓာတုရုပ်) (ပရိစ္ဆေဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န အာပေါဓာတုတိက်)

၄ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖွဲ့စည်းမှု သဘော 'အာပေါ(ရေ) ဓာတ်'မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န အာပေါဓာတုရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဖွဲ့စည်းမှု သဘော 'အာပေါ(ရေ) ဓာတ်' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရအာပေါဓာတုရုပ်) (အာပေါဓာတ်)။

(ဂ) ။ ။

ဖွဲ့စည်းမှုသဘော 'အာပေါ(ရေ) ဓာတ်' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န အာပေါဓာတု ရုပ်) (အာပေါဓာတ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ လဟုတာတိက်)

၅ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ လျင်မြန် ပေါ့ပါးမှု 'ရူပဿ လဟုတာ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ လဟုတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ လျင်မြန် ပေါ့ပါးမှု 'ရူပဿ လဟုတာ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ လဟုတာရုပ်) (ရူပဿ လဟုတာ)။

(ဂ) ။ ။

ရုပ်၏ လျှင်မြန်ပေါ့ပါးမှု 'ရူပဿ လဟုတာ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ လဟုတာရုပ်) (ရူပဿ လဟုတာမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ မုဒုတာတိက်)

၆ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ မုဒုတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ မုဒုတာရုပ်) (မုဒုတာရုပ်)။

(ဂ) ။ ။

ရုပ်၏ နူးညံ့မှု 'ရူပဿ မုဒုတာ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ မုဒုတာရုပ်) (မုဒုတာရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ ကမ္မညတာတိက်)

၇ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ ကမ္မညတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ ကမ္မညတာရုပ်) (ကမ္မညတာရုပ်)။

(ဂ) ။ ။

ရုပ်၏ ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှု) 'ရူပဿ ကမ္မညတာ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ ကမ္မညတာရုပ်) (ကမ္မညတာရုပ်မှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ ဥပစယတိက်)

၈ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ဖြစ်စရုပ် (ဦးစွာအစဖြစ်ပေါ်သောရုပ်) 'ရူပဿ ဥပစယ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ ဥပစယရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ဖြစ်စရုပ် (ဦးစွာအစဖြစ်ပေါ်သောရုပ်) 'ရူပဿ ဥပစယ'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ ဥပစယရုပ်) (ဥပစယရုပ်)။

(ဂ) ။ ။

ရုပ်၏ ဖြစ်စရုပ် (ဦးစွာအစဖြစ်ပေါ်သောရုပ်) 'ရူပဿ ဥပစယ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ ဥပစယရုပ်) (ရူပဿ ဥပစယမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ သန္တတိတိက်)

၉ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ကြီးပွားဆဲ အစဉ် 'ရူပဿ သန္တတိ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ သန္တတိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ ကြီးပွားဆဲ အစဉ် 'ရူပဿ သန္တတိ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ သန္တတိရုပ်) (သန္တတိရုပ်)။

(ဂ) ။ ။

ရုပ်၏ ကြီးပွားဆဲအစဉ် 'ရူပဿ သန္တတိ' မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ သန္တတိရုပ်) (ရူပဿ သန္တတိမှ တစ်ပါးသော ဗာဟိရရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ ဇရတာတိက်)

၁၀ (က) ။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ' မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ ဇရတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ) ။ ။

အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ရူပဿ ဇရတာ' မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ ဇရတာရုပ်) (ဇရတာရုပ်)။

(ဂ)။ ။

ရုပ်၏ အိုမှု, ရင့်ရော်ဆွေးမြေ့မှု ‘ရူပဿ ဇရတာ’ မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ ဇရတာရုပ်) (ရူပဿ ဇရတာမှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

## (အဇ္ဈတ္တိက န ရူပဿ အနိစ္စတာတိက်)

၁၁ (က)။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော ‘အဇ္ဈတ္တိက’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု ‘ရူပဿ အနိစ္စတာ’ မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ရူပဿ အနိစ္စတာရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။

အကြင် အပသန္တာန်၌ ဖြစ်သော ‘ဗာဟိရ’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု ‘ရူပဿ အနိစ္စတာ’ မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဿ အနိစ္စတာရုပ်) (အနိစ္စတာရုပ်)။

(ဂ)။ ။

ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု ‘ရူပဿ အနိစ္စတာ’ မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ရူပဿ အနိစ္စတာရုပ်) (ရူပဿ အနိစ္စတာမှ တစ်ပါးသော ဗာဟိရ ရုပ်များ)[၂]။

၂။ ပကိဏ္ဏကတိကနည်း အမှတ် ၄-မှစ၍ သုခုမတိကနည်း အမှတ် ၁၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထား ခဲ့သည်ကို ဤမြန်မာပြန်၌ သုတေသီတို့ အကျိုးငှါ ထည့်သွင်း ဖော်ပြလိုက်ပါသည်။ (နှာ-၃၈ အောက်ခြေ မှတ်ချက် ပြန်ကြည့်ပါ။)

## (အဇ္ဈတ္တိက န ကဗဠီကာရအာဟာရတိက်)

၁၂ (က)။ ။

အကြင် အတွင်းသန္တာန်၌ ဖြစ်သော ‘အဇ္ဈတ္တိက’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အလုတ်အလွေး ပြုအပ်သော အစားအစာ ‘ကဗဠီကာရ အာဟာရ’ မမည်သော ရုပ်ဖြစ်၏ (အဇ္ဈတ္တိက န ကဗဠီကာရ အာဟာရရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။

အကြင် အပသန္တာန်၌ ဖြစ်သော ‘ဗာဟိရ’ ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အလုတ်အလွေး ပြုအပ်သော အစားအစာ ‘ကဗဠီကာရ အာဟာရ’မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ကဗဠီကာရ အာဟာရ ရုပ်) (ကဗဠီကာရ အာဟာရရုပ်)။

(ဂ)။ ။

အလုတ်အလွေးပြုအပ်သော အစားအစာ ‘ကဗဠီကာရ အာဟာရ’ မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ န ကဗဠီကာရ အာဟာရရုပ်) (ကဗဠီကာရ အာဟာရမှ တစ်ပါးသော ဗာဟိရရုပ်များ)။

**သုခုမတိကနည်း ၁၂-ပါး ပြီး၏။**

# ခန္ဓဝိဘင်္ဂ

ဤသို့ သုံးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၁၀၃-ပါး) ဖြစ်၏။

| | |
|---|---|
| ၁။ ပကိဏ္ဏကတိကနည်း | ၁၃-ပါး |
| ၂။ ဝတ္ထုတိကနည်း | ၂၅-ပါး |
| ၃။ အာရမ္မဏတိကနည်း | ၂၅-ပါး |
| ၄။ အာယတနတိကနည်း | ၁၀-ပါး |
| ၅။ ဓာတုတိကနည်း | ၁၀-ပါး |
| ၆။ ဣန္ဒြိယတိကနည်း | ၈-ပါး |
| ၇။ သုခုမတိကနည်း | ၁၂-ပါး |

**တိကနည်း ၁၀၃-ပါး ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## စတုက္ကနည်း ၂၂-ပါး

## (လေးပါးစီပြားသော နည်းအားဖြင့် ဟောကြားသော စတုက္ကနည်း ၂၂-ပါး)

လေးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၂၂-ပါး) ဖြစ်၏။

### (ဥပါဒါဥပါဒိန္နစတုက္က)

၁ (က) ။ ။

အကြင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်)လည်း ရှိ၏ (ဥပါဒါဥပါဒိန္နရုပ်) (ကမ္မဇ ဥပါဒါရုပ်)။

(ခ) ။ ။

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့ ၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ် မဟုတ်သောရုပ်) လည်း ရှိ၏ (ဥပါဒါအနုပါဒိန္နရုပ်) (စိတ္တဇ, ဥတုဇ, အာဟာရဇ ဥပါဒါရုပ်)။

(ဂ) ။ ။

မဟာဘုတ်ကို မမှီတတ်သော အကြင် 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့ သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏ အကျိုးဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) လည်း ရှိ၏ (နော ဥပါဒါဥပါဒိန္နရုပ်) (ကမ္မဇမဟာဘုတ် ရုပ်)။

(ဃ) ။ ။

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ် မဟုတ်သောရုပ်) လည်း ရှိ၏ (နော ဥပါဒါအနုပါဒိန္နရုပ်) (တိဇ မဟာဘုတ်ရုပ်)။

### (ဥပါဒါဥပါဒိန္နုပါဒါနိယ စတုက္က)

၂ (က) ။ ။

အကြင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နု ပါဒါနိယ' ရုပ်လည်း ရှိ၏ (ဥပါဒါဥပါဒိန္နုပါဒါနိယရုပ်) (ကမ္မဇဥပါဒါရုပ်)။

(ခ) ။ ။

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ် မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (ဥပါဒါအနုပါဒိန္နုပါဒါနိယရုပ်) (တိဇဥပါဒါရုပ်)။

(ဂ) ။ ။

အကြင် မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏ (နော ဥပါဒါဥပါဒိန္နု ပါဒါနိယရုပ်) (ကမ္မဇ မဟာဘူတရုပ်)။

(ဃ) ။ ။

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ် လည်း ရှိ၏ (နော ဥပါဒါအနုပါဒိန္နု ပါဒါနိယရုပ်) (တိဇ မဟာဘုတ်ရုပ်)။

## (ဥပါဒါသပ္ပဋိဃစတုက္က)

၃ (က) ။ ။

အကြင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒါသပ္ပဋိဃရုပ်) (ဩဠာရိက ဥပါဒါရုပ်) (ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ အာရုံ ၄-ပါး)။

(ခ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒါအပ္ပဋိဃရုပ်) (သုခုမ ဥပါဒါရုပ်) (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)။

(ဂ) ။ ။

အကြင် မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်းရှိ၏ (နော ဥပါဒါသပ္ပဋိဃရုပ်) (ဩဠာရိက မဟာဘုတ်ရုပ်) (ပထဝီ, တေဇော, ဝါယော၊ ဖောဋ္ဌဗ္ဗာရုံ)။

(ဃ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (နော ဥပါဒါအပ္ပဋိဃရုပ်) (သုခုမ မဟာဘုတ်ရုပ်) (အာပေါရုပ်)။

## (ဥပါဒါသြဠာရိကစတုက္က)

၄ (က) ။ ။

အကြင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ် လည်း ရှိ၏ (ဥပါဒါသြဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရ ရုပ် ၄-ပါး)။

(ခ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဥပါဒါသုခုမရုပ်) (အာပေါကြဉ်သော သုခုမရုပ်၁၅-ပါး)။

(ဂ) ။ ။

အကြင် မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (နော ဥပါဒါသြဠာရိကရုပ်) (သြဠာရိက မဟာဘုတ်ရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ဃ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (နော ဥပါဒါသုခုမရုပ်) (သုခုမ မဟာဘုတ်ရုပ်) (အာပေါ ရုပ်)။

## (ဥပါဒါဒူရေစတုက္က)

၅ (က) ။ ။

အကြင် မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ဥပါဒါဒူရေရုပ်) (သုခုမ ဥပါဒါရုပ်) (အာပေါကြဉ်သော သုခုမရုပ် ၁၅-ပါး)။

(ခ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဥပါဒါသန္တိကေရုပ်) (သြဠာရိက ဥပါဒါ ရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရရုပ် ၄-ပါး)။

(ဂ) ။ ။

အကြင် မမှီတတ်သော 'နော ဥပါဒါ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (နော ဥပါဒါဒူရေရုပ်) (သုခုမ မဟာဘုတ်ရုပ်) (အာပေါရုပ်)။

(ဃ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (နော ဥပါဒါသန္တိကေရုပ်) (သြဠာရိက မဟာဘုတ်ရုပ်) (ပထဝီ, တေဇော, ဝါယော)။

## (ဥပါဒိဏ္ဏ သနိဒဿနစတုက္က)[၁]

၆ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့်တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္န သနိဒဿနရုပ်)[၂] (ရူပါရုံဟူသော မြင်အပ်သည့် ကမ္မဇရုပ်)။

(ခ) ။ ။

မြင်ခြင်းနှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္န အနိဒဿနရုပ်) (မမြင်အပ်သော ကမ္မဇရုပ်များ)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ် မဟုတ်သောရုပ်) သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့်တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္န သနိဒဿန ရုပ်) (သနိဒဿန တိဇရူပါရုံ)။

(ဃ) ။ ။

မြင်ခြင်းနှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္န အနိဒဿနရုပ်) (အနိဒဿန တိဇရုပ်)။

## (ဥပါဒိန္န သပ္ပဋိဃစတုက္က)

၇ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏ အကျိုးဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘော ရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္န သပ္ပဋိဃရုပ်) (ကမ္မဇသြဠာရိကရုပ်)။

(ခ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္န အပ္ပဋိဃရုပ်) (ကမ္မဇသုခုမရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ် မဟုတ်သောရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န သပ္ပဋိဃရုပ်) (ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗရုပ်)။

(ဃ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) ‘အပ္ပဋိဃ’ ရုပ်လည်း ရှိ၏ (အနုပါဒိန္န အပ္ပဋိဃရုပ်) (တိဇသုခုမရုပ်)။

## (ဥပါဒိန္န မဟာဘူတစတုက္က)

၈ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) ‘ဥပါဒိန္န’ ရုပ် (ကမ္မဇရုပ်)သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ် ထင်ရှားသော ‘မဟာဘုတ်’ ရုပ်လည်း ရှိ၏ (ဥပါဒိန္န မဟာဘုတ်ရုပ်) (ကမ္မဇ မဟာဘုတ်ရုပ်)။

(ခ) ။ ။

ကြီးကျယ်ထင်ရှားသည် မဟုတ်သော ‘န မဟာဘူတ’ ရုပ်လည်း ရှိ၏ (ဥပါဒိန္န န မဟာဘူတရုပ်) (ကမ္မဇဥပါဒါရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) ‘အနုပါဒိန္န’ ရုပ် (ကမ္မဇရုပ်မဟုတ်သောရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော ‘မဟာဘုတ်’ ရုပ်လည်း ရှိ၏ (အနုပါဒိန္န မဟာဘုတ်ရုပ်) (ကမ္မဇရုပ် မဟုတ်သော တိဇမဟာဘုတ်ရုပ်)။

(ဃ) ။ ။

ကြီးကျယ်ထင်ရှားသည် မဟုတ်သော ‘န မဟာဘူတ’ ရုပ်လည်း ရှိ၏ (အနုပါဒိန္န န မဟာဘူတ ရုပ်) (ကမ္မဇရုပ်မဟုတ်သော တိဇဥပါဒါရုပ်)။

## (ဥပါဒိန္န ဩဠာရိကစတုက္က)

၉ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည်) အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) ‘ဥပါဒိန္န’ ရုပ် (ကမ္မဇရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော ‘ဩဠာရိက’ ရုပ်လည်း ရှိ၏ (ဥပါဒိန္န ဩဠာရိက ရုပ်) (ကမ္မဇဩဠာရိကရုပ်)။

(ခ) ။ ။

သိမ်မွေ့သော ‘သုခုမ’ ရုပ်လည်း ရှိ၏ (ဥပါဒိန္န သုခုမရုပ်) (ကမ္မဇသုခုမရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) ‘အနုပါဒိန္န’ ရုပ် (ကမ္မဇရုပ်မဟုတ်သော ရုပ်)

သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (အနုပါဒိန္န ဩဠာရိကရုပ်) (ကမ္မဇရုပ် မဟုတ်သော တိဇဩဠာရိကရုပ်)။

(ဃ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နသုခုမရုပ်) (တိဇသုခုမရုပ်)။

## (ဥပါဒိန္န ဒူရေစတုက္က)

၁၀ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္န' ရုပ် (ကမ္မဇရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ် လည်း ရှိ၏ (ဥပါဒိန္န ဒူရေရုပ်) (ကမ္မဇသုခုမရုပ်)။

(ခ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဥပါဒိန္န သန္တိကေရုပ်) (ကမ္မဇဩဠာရိကရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္န' ရုပ် (ကမ္မဇရုပ်မဟုတ်သောရုပ်) သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န ဒူရေရုပ်) (တိဇသုခုမရုပ်)။

(ဃ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (အနုပါဒိန္န သန္တိကေရုပ်) (ကမ္မဇရုပ် မဟုတ်သော တိဇဩဠာရိကရုပ်)။

## (ဥပါဒိန္နုပါဒါနိယ သနိဒဿန စတုက္က)

၁၁ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် ဖြစ်၍) (ကမ္မဇရုပ်ဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရား (တဏှာ, ဒိဋ္ဌိ) တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်လည်း ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သနိဒဿနရုပ်) (ကမ္မဇရူပါရုံ)။

(ခ) ။ ။

မြင်ခြင်းနှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (ဥပါဒိန္နု ပါဒါနိယ အနိဒဿနရုပ်) (ရူပါရုံမှ တစ်ပါးသော ကမ္မဇရုပ်များ)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာ ဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်ခြင်းနှင့် တကွ ဖြစ်သော (မြင်အပ်သော) 'သနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သနိဒဿနရုပ်) (ကမ္မဇရုပ် မဟုတ်သော တိဇရူပါရုံ)။

(ဃ) ။ ။

မြင်ခြင်းနှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန' ရုပ်လည်း ရှိ၏ (အနုပါဒိန္န ုပါဒါနိယ အနိဒဿနရုပ်) (ရူပါရုံမှ တစ်ပါးသော တိဇရုပ်များ)။

## (ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃစတုက္က)

၁၂ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ်) (ကမ္မဇသြဠာရိကရုပ်)။

(ခ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ်) (ကမ္မဇသုခုမရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သပ္ပဋိဃရုပ်) (တိဇသြဠာရိကရုပ်)။

(ဃ) ။ ။

ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ အပ္ပဋိဃရုပ်) (တိဇသုခုမရုပ်)။

## (ဥပါဒိန္နုပါဒါနိယ မဟာဘူတစတုက္က)

၁၃ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ မဟာဘူတရုပ်) (ကမ္မဇမဟာဘုတ်ရုပ်)။

(ခ) ။ ။

ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်) (ကမ္မဇဥပါဒါရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နု ပါဒါနိယ မဟာဘူတရုပ်) (တိဇ မဟာဘုတ်ရုပ်)။

(ဃ) ။ ။

ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ န မဟာဘူတရုပ်) (တိဇဥပါဒါရုပ်)။

## (ဥပါဒိန္နုပါဒါနိယ သြဠာရိကစတုက္က)

၁၄ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရား (တဏှာ, ဒိဋ္ဌိ) တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နု ပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သြဠာရိကရုပ်) (ကမ္မဇ သြဠာရိကရုပ်)။

(ခ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဥပါဒိဏ္ဏုပါဒါနိယသုခုမရုပ်) (ကမ္မဇ သုခုမရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နုပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သြဠာရိကရုပ်) (တိဇသြဠာရိကရုပ်)။

(ဃ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယသုခုမရုပ်) (တိဇသုခုမ ရုပ်)။

## (ဥပါဒိန္နုပါဒါနိယ ဒုရေစတုက္က)

၁၅ (က) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ် လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရား (တဏှာ, ဒိဋ္ဌိ) တို့၏ အာရုံလည်းဖြစ်သော 'ဥပါဒိန္နု ပါဒါနိယ' ရုပ်သည် ရှိ၏၊ ထိုဥပါဒိန္နုပါဒါနိယရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ ဒူရေရုပ်) (ကမ္မဇသုခုမရုပ်)။

(ခ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဥပါဒိန္နုပါဒါနိယ သန္တိကေရုပ်) (ကမ္မဇ ဩဠာရိကရုပ်)။

(ဂ) ။ ။

အကြင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) (ကမ္မဇရုပ်မဟုတ်မူ၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်' တရားတို့၏ အာရုံသာဖြစ်သော 'အနုပါဒိန္နု ပါဒါနိယ' ရုပ်သည် ရှိ၏၊ ထို (အနုပါဒိန္နုပါဒါနိယ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ ဒူရေရုပ်) (တိဇ သုခုမရုပ်)။

(ဃ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (အနုပါဒိန္နုပါဒါနိယ သန္တိကေရုပ်) (တိဇဩ ဠာရိကရုပ်)။

## (သပ္ပဋိဃ ဣန္ဒြိယစတုက္က)

၁၆ (က) ။ ။

အကြင် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်သည် ရှိ၏၊ ထို (သပ္ပဋိဃ) ရုပ်သည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (သပ္ပဋိဃ ဣန္ဒြိယရုပ်) (ဣန္ဒြိယ ဩဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး)။

(ခ) ။ ။

(မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မမည်သော 'န ဣန္ဒြိယ' ရုပ်လည်း ရှိ၏ (သပ္ပဋိဃ န ဣန္ဒြိယရုပ်) (အနိန္ဒြိယ ဩဠာရိကရုပ်) (ဝိသယရုပ် ၇-ပါး)။

(ဂ) ။ ။

အကြင် ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ် သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်လည်း ရှိ၏ (အပ္ပဋိဃ ဣန္ဒြိယရုပ်) (ဣန္ဒြိယ သုခုမရုပ်) (ဘာဝရုပ် ၂-ပါး နှင့် ဇီဝိတိန္ဒြေရုပ်)။

(ဃ) ॥ ॥

အစိုးရမှု 'ဣန္ဒြေ' မမည်သော 'န ဣန္ဒြိယ' ရုပ်လည်း ရှိ၏ (အပ္ပဋိဃ န ဣန္ဒြိယရုပ်) (အနိန္ဒြိယ သုခုမရုပ်)။

## (သပ္ပဋိဃ မဟာဘူတစတုက္က)

၁၇ (က) ॥ ॥

အကြင် ထိပါးခြင်းနှင့်တကွ ဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ' ရုပ်သည် ရှိ၏၊ ထို (သပ္ပဋိဃ) ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်လည်း ရှိ၏ (သပ္ပဋိဃ မဟာဘူတရုပ်) (မဟာဘူတ ဩဠာရိက ရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ခ) ॥ ॥

ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (သပ္ပဋိဃ န မဟာဘူတရုပ်) (ဥပါဒါဩဠာရိကရုပ် ၉-ပါး) (ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ အာရုံ ၄-ပါး)။

(ဂ) ॥ ॥

အကြင် ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်သည် ရှိ၏၊ ထို (အပ္ပဋိဃ) ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘူတ' ရုပ်လည်း ရှိ၏ (အပ္ပဋိဃ မဟာဘူတရုပ်) (မဟာဘူတသုခုမရုပ်) (အာပေါဓါတ်)။

(ဃ) ॥ ॥

ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်လည်း ရှိ၏ (အပ္ပဋိဃ န မဟာဘူတရုပ်) (ဥပါဒါသုခုမရုပ်)။

## (ဣန္ဒြိယ ဩဠာရိကစတုက္က)

၁၈ (က) ॥ ॥

အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်သည် ရှိ၏၊ ထိုအစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (ဣန္ဒြိယဩဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး)။

(ခ) ॥ ॥

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (ဣန္ဒြိယသုခုမရုပ်) (ဘာဝရုပ် ၂-ပါး၊ ဇီဝိတိန္ဒြေ ရုပ်)။

(ဂ) ॥ ॥

အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မမည်သော ရုပ်သည် ရှိ၏၊ ထိုအစိုးရမှု 'ဣန္ဒြေ' မမည်သော ရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (အနိန္ဒြိယ ဩဠာရိကရုပ်) (အာရုံ ငါးပါး= ဂေါစရရုပ် ၇-ပါး)။

(ဃ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (အနိန္ဒြိယ သုခုမရုပ်)။

## (ဣန္ဒြိယ ဒူရေစတုက္က)

၁၉ (က) ။ ။

အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မည်သော ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (ဣန္ဒြိယ ဒူရေရုပ်) (ဣန္ဒြိယ သုခုမရုပ်) (ဘာဝရုပ် ၂-ပါး၊ ဇီဝိတိန္ဒြေရုပ်)။

(ခ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (ဣန္ဒြိယ သန္တိကေရုပ်) (ဣန္ဒြိယ ဩဠာရိက ရုပ်) (ပသာဒရုပ် ၅-ပါး)။

(ဂ) ။ ။

အကြင် (မိမိဆိုင်ရာကိစ္စ၌) အစိုးရမှု 'ဣန္ဒြေ' မမည်သော ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (န ဣန္ဒြိယ ဒူရေရုပ်) (အနိန္ဒြိယ သုခုမရုပ်)။

(ဃ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေရုပ်' လည်း ရှိ၏ (န ဣန္ဒြိယသန္တိ ကေရုပ်) (အနိန္ဒြိယ ဩဠာ ရိကရုပ်) (ဂေါစရရုပ် ၇-ပါး)။

## (မဟာဘူတ ဩဠာရိကစတုက္က)

၂၀ (က) ။ ။

အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (မဟာဘူတ ဩဠာရိကရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ခ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (မဟာဘူတ သုခုမရုပ်) (အာပေါဓာတ်)။

(ဂ) ။ ။

အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' မမည်သော ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'ဩဠာရိက' ရုပ်လည်း ရှိ၏ (န မဟာဘူတ ဩဠာရိက ရုပ်) (ဥပါဒါဩဠာရိကရုပ်) (ပသာဒရုပ် ၅-ပါး၊ ဖောဋ္ဌဗ္ဗကြဉ်သော ဂေါစရရုပ် ၄-ပါး)။

(ဃ) ။ ။

သိမ်မွေ့သော 'သုခုမ' ရုပ်လည်း ရှိ၏ (န မဟာဘူတ သုခုမရုပ်) (ဥပါဒါသုခုမရုပ်)။

## (မဟာဘူတ ဒူရေစတုက္က)

၂၁ (က) ။ ။

အကြင် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်' ရုပ်သည် ရှိ၏၊ ထိုမဟာဘုတ်ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (မဟာဘူတဒူရေရုပ်) (မဟာဘူတ သုခုမရုပ်) (အာပေါဓာတ်)။

(ခ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (မဟာဘူတ သန္တိကေရုပ်) (မဟာဘူတ ဩဠာရိကရုပ်) (ပထဝီ, တေဇော, ဝါယော)။

(ဂ) ။ ။

အကြင် ကြီးကျယ်ထင်ရှားသည် မဟုတ်သော 'န မဟာဘူတ' ရုပ်သည် ရှိ၏၊ ထို (န မဟာဘူတ) ရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ' ရုပ်လည်း ရှိ၏ (န မဟာဘူတ ဒူရေရုပ်) (ဥပါဒါသုခုမ ရုပ်)။

(ဃ) ။ ။

နီးကပ်သော (သိလွယ်သော) 'သန္တိကေ' ရုပ်လည်း ရှိ၏ (န မဟာဘူတ သန္တိကေရုပ်) (ဥပါဒါဩဠာ ရိကရုပ်)[၃]။**

## (ဒိဋ္ဌာဒိ စတုက္က)

၂၂ (က) ။ ။ မြင်အပ်သော 'ဒိဋ္ဌ' ရုပ်သည် ရှိ၏ (ရူပါရုံ)။

(ခ) ။ ။ ကြားအပ်သော 'သုတ' ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(ဂ) ။ ။ (ဃာန, ဇိဝှါ, ကာယပသာဒတို့ဖြင့်) တွေ့ထိ၍ သိအပ်သော 'မုတ' ရုပ်သည် ရှိ၏ (သမ္ပတ္တရုပ်များ ဖြစ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ)[၄]။***

(ဃ) ။ ။ (စိတ်ဖြင့်) သိအပ်သော 'ဝိညာတ' ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ လေးပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် (၂၂-ပါး) ဖြစ်၏။

**စတုက္ကနည်း ၂၂-ပါး ပြီး၏။**

၁။ အမှတ်နံပါတ် ၆-မှ ၂၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလချန်ခဲ့သည်၊ ယခုမြန်မာပြန်၌ လေ့လာသူ သုတေသီတို့ အကျိုးငှါ ထည့်သွင်းဖော်ပြလိုက်ပါသည်။
၂။ 'ဥပါဒိဏ္ဏ'- 'ဥပါဒိန္န' ဟု ၂-မျိုးလုံးပင် ရေးနိုင်သည်။
၃။ ** စတုက္ကနည်း အမှတ် ၆-မှ ၂၁-အထိ ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထားခဲ့သည်၊ လေ့လာသူ သုတေသီတို့ အကျိုးငှါ ဤမြန်မာပြန်၌ ထုတ်ဖော်ရေးသားလိုက်သည်။
၄။ *** အဋ္ဌသာလိနီ၊ နှာ-၃၇၃၊ မဟာနိဒ္ဒေသအဋ္ဌကထာ-နှာ-၃၇။

# ခန္ဓဝိဘင်္ဂ

## ငါးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ပဉ္စက'နည်း

ငါးပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁ - (၁) ။ ။ မြေ ဟူသော ခက်မာမှုသဘော 'ပထဝီဓာတ်' သည် ရှိ၏။

(၂) ။ ။ ရေ ဟူသော ဖွဲ့စည်းမှုသဘော 'အာပေါဓာတ်' သည် ရှိ၏။

(၃) ။ ။ မီး ဟူသော ပူလောင် ရင့်ကျက်စေမှုသဘော 'တေဇောဓာတ်' သည် ရှိ၏။

(၄) ။ ။ လေ ဟူသော ထောက်ကန်လှုပ်ရှားမှုသဘော 'ဝါယောဓာတ်' သည် ရှိ၏။

(၅) ။ ။ ယင်းသဘာဝ 'ဓာတ်' လေးပါးကို မှီတတ်သော 'ဥပါဒါ' ရုပ်သည် ရှိ၏။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**ပဉ္စကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ခြောက်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဆက္က'နည်း

ခြောက်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁ - (၁) ။ ။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ' ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂) ။ ။ သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ' ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၃) ။ ။ ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ' ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄) ။ ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ' ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅) ။ ။ ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ' ရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။

(၆) ။ ။ မနောဝိညာဏ်ဖြင့် သိအပ်သော 'မနောဝိညေယျ' ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**ဆက္ကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ခုနစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'သတ္တက' နည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁ - (၁) ။ ။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ' ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂) ။ ။ သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ' ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၃) ။ ။ ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ' ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄) ။ ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ' ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅) ။ ။ ကာယဝိညာဏ်ဖြင့် သိအပ်သော 'ကာယဝိညေယျ' ရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။

(၆) ။ ။ (ပဉ္စာရုံကို) သိကာမျှသဘောဖြစ်သည့် 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေ) ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ' ရုပ်သည် ရှိ၏ (မနောဓာတုဝိညေယျရုပ်) (ရူပါရုံစသော အာရုံငါးပါး)။

(၇) ။ ။ (အာရုံခြောက်ပါးလုံးကို) အထူးသိမှု သဘောဖြစ်သည့် 'မနောဝိညာဏဓာတ်' ဖြင့် သိအပ်သော 'မနောဝိညာဏဓာတုဝိညေယျ' ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**သတ္တကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ရှစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'အဋ္ဌက' နည်း

ရှစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

၁ - (၁) ။ ။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော 'စက္ခုဝိညေယျ' ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၂) ။ ။ သောတဝိညာဏ်ဖြင့် သိအပ်သော 'သောတဝိညေယျ' ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၃) ။ ။ ဃာနဝိညာဏ်ဖြင့် သိအပ်သော 'ဃာနဝိညေယျ' ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၄) ။ ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော 'ဇိဝှါဝိညေယျ' ရုပ်သည် ရှိ၏ (ရသာရုံ)။

(၅) ။ ။ ကာယဝိညာဏ်ဖြင့် သိအပ်သော ချမ်းသာသော အတွေ့ရှိသည့် 'ကာယဝိညေယျသုခ သမ္ဖဿ' ရုပ်သည် ရှိ၏ (နှစ်လိုဖွယ်သော ဖောဋ္ဌဗ္ဗာရုံ)။

(၆) ။ ။ ကာယဝိညာဏ်ဖြင့် သိအပ်သော ဆင်းရဲသော အတွေ့ရှိသည့် 'ကာယဝိညေယျဒုက္ခ သမ္ဖဿ' ရုပ်သည် ရှိ၏ (မနှစ်လိုဖွယ်သော ဖောဋ္ဌဗ္ဗာရုံ)။

(၇) ။ ။ (ပဉ္စာရုံကို) သိကာမျှသောသော 'မနောဓာတ်'ဖြင့် သိအပ်သော 'မနောဓာတုဝိညေယျ' ရုပ်သည် ရှိ၏ (ရူပါရုံ စသော အာရုံငါးပါး)။

(၈) ။ ။ (အာရုံခြောက်ပါးလုံးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ဖြင့် သိအပ်သော 'မနော ဝိညာဏ ဓာတုဝိညေယျ' ရုပ်သည် ရှိ၏ (ရုပ်အားလုံး)။

ဤသို့ ရှစ်ပါးပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**အဋ္ဌကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ကိုးပါးပြားသော နည်းအားဖြင့် ဟောကြားသော 'နဝက' နည်း

ကိုးပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁) ။ ။ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (စက္ခုပသာဒ)။

(၂) ။ ။ ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (သောတပသာဒ)။

(၃) ။ ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄) ။ ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

(၅) ။ ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ကာယပသာဒ)။

(၆) ။ ။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဣတ္ထိဘာဝရုပ်)။

(၇) ။ ။ ယောက်ျား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ပုမ္ဘာဝရုပ်)။

(၈) ။ ။ အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇီဝိတရုပ်)။

(၉) ။ ။ အကြင်ဣန္ဒြေ မမည်သော ရုပ်သည် ရှိ၏ (ဣန္ဒြိယရုပ်ရှစ်ခုမှ တစ်ပါးအခြားသော ရုပ်များ)။

ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**နဝကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဆယ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဒသက' နည်း

ဆယ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁) ။ ။ မြင်မှု၌အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မည်သော ရုပ်သည်ရှိ၏ (စက္ခုပသာဒ)။

(၂) ။ ။ ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (သောတပသာဒ)။

(၃) ။ ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄) ။ ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

(၅) ။ ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ကာယပသာဒ)။

(၆) ။ ။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဣတ္ထိဘာဝရုပ်)။

(၇) ။ ။ ယောက်ျား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ပုရိသ ဘာဝရုပ်)။

(၈) ။ ။ အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ' မည်သော ရုပ်သည် ရှိ၏ (ဇီဝိတရုပ်)။

(၉) ။ ။ ဣန္ဒြေ မမည်သော, ထိပါးခြင်းနှင့်တကွဖြစ်သော (ထိပါးတတ်သောသဘောရှိသော) 'သပ္ပဋိဃ' ရုပ် သည် ရှိ၏ (န ဣန္ဒြိယ သပ္ပဋိဃရုပ်) (ဝိသယရုပ် ခုနစ်ခု)။

(၁၀) ။ ။ ဣန္ဒြေ မမည်သော, ထိပါးခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘောမရှိသော) 'အပ္ပဋိဃ' ရုပ်သည် ရှိ၏ (န ဣန္ဒြိယအပ္ပဋိဃရုပ်) (ဘာဝရုပ်, ဇီဝိတရုပ်တို့မှ တစ်ပါးအခြားသော သုခုမရုပ်များ)။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**ဒသကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## တစ်ဆယ့်တစ်ပါးပြားသော နည်းအားဖြင့် ဟောကြားသော 'ဧကောဒသက'နည်း

တစ်ဆယ့်တစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

(၁) ။ ။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' မည်သော ရုပ်သည် ရှိ၏ (စက္ခုပသာဒ)။

(၂) ။ ။ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'မည်သော ရုပ်သည် ရှိ၏(သောတပသာဒ)။

(၃) ။ ။ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' မည်သော ရုပ်သည် ရှိ၏ (ဃာနပသာဒ)။

(၄) ။ ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' မည်သော ရုပ်သည် ရှိ၏ (ဇိဝှါပသာဒ)။

(၅) ။ ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' မည်သော ရုပ်သည် ရှိ၏ (ကာယာပသာဒ)။

(၆) ။ ။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်း 'ရူပါယတန' မည်သော ရုပ်သည် ရှိ၏ (ရူပါရုံ)။

(၇) ။ ။ ကြားသိစိတ်ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မည်သော ရုပ်သည် ရှိ၏ (သဒ္ဒါရုံ)။

(၈) ။ ။ နံသိစိတ်ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' မည်သော ရုပ်သည် ရှိ၏ (ဂန္ဓာရုံ)။

(၉) ။ ။ လျက်သိစိတ်ဖြစ်ကြောင်း အရသာ 'ရသာယတန'မည်သောရုပ်သည် ရှိ၏ (ရသာရုံ)။

(၁၀) ။ ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သော ရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။

(၁၁) ။ ။ ဓမ္မာယတန၌ အကျုံးဝင်သော မြင်အပ်သော သဘောလည်း မရှိမူ၍ (မမြင်အပ်မူ၍) ထိပါး တတ်သော သဘောလည်း မရှိသော 'အနိဒဿန အပ္ပဋိဃ' ရုပ်လည်း ရှိ၏ (အနိဒဿန အပ္ပဋိဃ ဖြစ်သော သုခုမရုပ်)။

ဤသို့ တစ်ဆယ့်တစ်ပါးပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ဖြစ်၏။

**ဧကောဒသကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

ဤဆိုခဲ့ပြီးသော ရုပ်အားလုံးကို ရူပက္ခန္ဓာ ဟူ၍ ဆိုအပ်၏။

| | | |
|---|---|---|
| ၁ - ဧကကနည်း | ၄၃-ပါး | ရုပ် ၄၃-ပါး |
| ၂ - ဒုကနည်း | ၁၀၄-ပါး | ရုပ် ၂၀၈-ပါး |
| ၃ - တိကနည်း | ၁၀၃-ပါး | ရုပ် ၃၀၉-ပါး |
| ၄ - စတုက္ကနည်း | ၂၂-ပါး | ရုပ် ၈၈-ပါး |
| ၅ - ပဉ္စကနည်း | ၁-ပါး | ရုပ် ၅-ပါး |
| ၆ - ဆက္ကနည်း | ၁-ပါး | ရုပ် ၆-ပါး |
| ၇ - သတ္တကနည်း | ၁-ပါး | ရုပ် ၇-ပါး |
| ၈ - အဋ္ဌကနည်း | ၁-ပါး | ရုပ် ၈-ပါး |
| ၉ - နဝကနည်း | ၁-ပါး | ရုပ် ၉-ပါး |
| ၁၀ - ဒသကနည်း | ၁-ပါး | ရုပ် ၁၀-ပါး |
| ၁၁ - ဧကာဒသကနည်း | ၁-ပါး | ရုပ် ၁၁-ပါး |
| | နည်း- ၂၇၉-ပါး | ရုပ်- ၇၀၄-ပါး |

(ဤနည်းပေါင်း ၂၇၉-နည်းတို့ဖြင့် ပြဆိုခဲ့ပြီးသော ၇၀၄-ပါးသော ရုပ်တို့ကို ရူပက္ခန္ဓာဟု ဆိုအပ်၏)။

**(ရူပက္ခန္ဓာကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ' နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၂ - ဝေဒနာက္ခန္ဓာ (ခံစားမှုအစု)

### ဒုကမူလကနည်း

### ဒုကမူ-တိကမူလီ

(ဒုက်၅၀-ကို မူထားပြီးလျှင် တိက် ၁၉-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း ၉၅၀)

(အရကောက်အားဖြင့် ဝေဒနာရကောင်းသော ဒုက် ၅၀-ကို မူတည်ပြီးလျှင် ဝေဒနာရကောင်းသော တိက် ၁၉-တိက် တို့ကို မူလီသွင်းသော် နည်းပေါင်း (၅၀×၁၉) = ၉၅၀ ဖြစ်သည်။ အကယ်၍ အစိတ်အစိတ် ရေတွက်ပါမူ ဝေဒနာ က္ခန္ဓာပေါင်း (၉၅၀×၅၅) = ၅၂၂၅၀ ဖြစ်သည်၊ စင်စစ် ရသမျှ ရေတွက်ပါမူ များလှ၏။

ဝေဒနာ မရအပ်သော တိက်များမှာ ဝေဒနာတိက်, ပီတိတိက်နှင့် သနိဒဿတိက်များ ဖြစ်သည်။)

# ခန္ဓဝိဘင်္ဂ

## ၁ - သဟေတုက ဒုကမူ-တိကမူလီ ၁၉-နည်း[၁]

၃၄။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ဝေဒနာက္ခန္ဓာ မည်သနည်း။

၁။ 'သဟေတုကဒုက်ကို မူတည်၍ တိက် ၁၉-ခုကို မူလီသွင်းပြီးလျှင် ဟောသော် ၁၉-နည်း' ဖြစ်သည်။ အကျဉ်းအား ဖြင့် 'သဟေတုက ဒုကမူ-တိကမူလီ ၁၉-နည်း' ဟု ခေါင်းစဉ်ရေးထားခြင်း ဖြစ်သည်။ ထိုနည်း ၁၉-နည်း၌ တစ်နည်းလျှင် ထပ်မံ၍နည်း ၁၀-နည်းဖြင့် အသေးစိတ်ဝေဖန် ဟောကြားပြန်သည်။ ကျန်ဒုက် ၄၉-ခုကိုလည်း ဤနည်းအတိုင်း ထားသည်။

### (၁) သဟေတုကဒုက်ကို မူထားပြီးလျှင် ကုသလတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ- ကုသလတိကမူလီ ၁၀-နည်း)[၁]

**ဧကကနည်း။ ။**

တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ' တည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ သဟိတ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဟိတ် ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝေဒနာက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။ ။**

လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာ သည် ရှိ၏။

**ပဉ္စကနည်း။ ။**

ငါးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ' သည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားရခြင်း 'ဒုက္ခိန္ဒြေ' သည် ရှိ၏၊ စိတ် ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' သည် ရှိ၏၊ စိတ်မချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ' သည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရခံစားခြင်း 'ဥပေက္ခိန္ဒြေ' သည် ရှိ၏။ ။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ငါးပါး ဖြစ်၏။

**ဆက္ကနည်း။ ။**

ခြောက်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (မျက်စိအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ') (စက္ခုသမ္ဖဿဇာဝေဒနာ)၊ ကြားသိစိတ် 'သောတဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (သောတ သမ္ဖဿဇာဝေဒနာ)၊ နံသိစိတ် 'ဃာနဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဃာနသမ္ဖဿဇာဝေဒနာ)၊ လျက် သိစိတ် 'ဇိဝှါဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (လျှာ အတွေ့ ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဇိဝှါသမ္ဖဿဇာဝေဒနာ)၊ ထိသိစိတ် 'ကာယဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ထိမှုကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ကိုယ် အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ကာယသမ္ဖဿဇာဝေဒနာ)၊ ကြံသိစိတ် 'မနောဝိညာဉ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (မနောသမ္ဖဿဇာဝေဒနာ) သည် ရှိ၏။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ခြောက်ပါးဖြစ်၏။

**သတ္တကနည်း။ ။**

ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဉ်နှင့် ယှဉ်သော ဖဿ ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)၊ သောတဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့် ဖြစ်သော ဝေဒနာ (သောတသမ္ဖဿဇာဝေဒနာ)၊ ဃာနဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (ဃာနသမ္ဖဿဇာ ဝေဒနာ)၊ ဇိဝှါဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (ဇိဝှါ သမ္ဖဿဇာဝေဒနာ)၊ ကာယဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (ကာယသမ္ဖဿဇာ ဝေဒနာ)၊ မနောဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မနောဓာတုသမ္ဖဿဇာဝေဒနာ)၊ မနောဝိညာဏဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မနောဝိညာဏဓာတု သမ္ဖဿဇာ ဝေဒနာ) သည် ရှိ၏။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ခုနစ်ပါးဖြစ်၏။

**အဋ္ဌကနည်း။ ။**

ရှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဉ်နှင့် ယှဉ်သော ဖဿ ကြောင့်ဖြစ်သော ဝေဒနာ၊ သောတဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ဃာနဝိညာဉ် နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ဇိဝှါဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ ကာယဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော သုခဝေဒနာ၊ ကာယဝိညာဉ်နှင့် ယှဉ်သော ဖဿ ကြောင့်ဖြစ်သော ဒုက္ခဝေဒနာ၊ မနောဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ မနော ဝိညာဏဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။ ။ ဤသို့ ရှစ်ပါးပြားသော နည်း အားဖြင့် ဝေဒနာက္ခန္ဓာသည် ရှစ်ပါး ဖြစ်၏။

**နဝကနည်း။ ။**

ကိုးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် စက္ခုဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (မျက်စိအကြည် 'စက္ခုပသာဒနှင့်အဆင်း 'ရူပါရုံ'

တို့ တွေ့ထိမှု 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (မျက်စိ အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ') (စက္ခုသမ္ဖဿဇာဝေဒနာ)။ ကြားသိစိတ် သောတဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ထိမှု 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (သောတသမ္ဖဿဇာဝေဒနာ)။ နံသိစိတ် ဃာနဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဃာနသမ္ဖဿဇာ ဝေဒနာ)။ လျက်သိစိတ် ဇိဝှါဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ') (ဇိဝှါသမ္ဖဿဇာဝေဒနာ)။ ထိသိစိတ် ကာယဝိညာဉ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ထိမှု 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ') (ကာယသမ္ဖဿဇာဝေဒနာ)။ ပဉ္စရုံကို သိကာမျှသဘော 'မနောဓာတ်' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစိတ်တို့နှင့် ပဉ္စာရုံတို့ တွေ့ထိမှု 'မနောဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ) (မနောဓာတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ') (မနောဓာတုသမ္ဖဿဇာဝေဒနာ)။ အာရုံကို အထူးသိမှုသဘော မနောဝိညာဏဓာတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော (စိတ်နှင့် ပဉ္စာရုံ ဓမ္မာရုံတို့ တွေ့ထိမှု 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော) (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) ကုသိုလ်ဝေဒနာ, အကုသိုလ် ဝေဒနာ, အဗျာကတဝေဒနာသည် ရှိ၏။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ကိုးပါးဖြစ်၏။

**ဒသကနည်း။ ။**

ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော ဝေဒနာ) (စက္ခုသမ္ဖဿဇာဝေဒနာ)၊ သောတဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (နားအတွေ့ကြောင့်ဖြစ်သော ဝေဒနာ) (သောတသမ္ဖဿဇာဝေဒနာ)၊ ဃာနဝိညာဉ်နှင့်ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (နှာခေါင်း အတွေ့ကြောင့်ဖြစ်သော ဝေဒနာ) ဃာနသမ္ဖဿဇာဝေဒနာ)၊ ဇိဝှါဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (လျှာအတွေ့ကြောင့်ဖြစ်သော ဝေဒနာ) (ဇိဝှါသမ္ဖဿဇာဝေဒနာ)၊ ကာယ ဝိညာဉ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော (ကိုယ်အတွေ့ကြောင့်ဖြစ်သော) သုခဝေဒနာနှင့် ဒုက္ခဝေဒနာ၊ မနောဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာ (မနောဓာတ်အတွေ့ကြောင့်ဖြစ်သော ဝေဒနာ)။ မနောဝိညာဏဓာတ်နှင့် ယှဉ်သော ဖဿကြောင့်ဖြစ်သော (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာသည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်း အားဖြင့် ဝေဒနာက္ခန္ဓာသည် ဆယ်ပါးဖြစ်၏။

**(သဟေတုကဒုက်ကို မူတည်၍ ကုသလတိက်ကို မူလီသွင်းပြီးလျှင် ဟောသောနည်း ၁၀-ပါး ပြီး၏)။**

၁။ ဤနည်း ၁၀-နည်း၌ အသေးစိတ်ရေတွက်လျှင် ဝေဒနာက္ခန္ဓာ ၅၅-ပါးရှိသည်။

## (၂) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဝိပါကတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း)

**(ဧကကနည်း။ပ။ ဒသကနည်းအထိ)**

**ဧကကနည်း** ၃၅။ ။

တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည်ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော ဝေဒနာက္ခန္ဓာသည်ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်၌ရှိသော ဝေဒနာ)။ပ။

## (၃) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဥပါဒိန္နတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း)

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက် စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသဟေတုကဒုကမူ - ဥပါဒိန္နတိကမူလီမှစ၍ သဟေတုကဒုကမူ အဇ္ဈတ္တာရမ္မဏတိကမူလီ အထိ နည်း ၁၀-ပါးကို ပေယျာလ လုံးဝချန်ထားပါသည်။

## (၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သံကိလိဋ္ဌတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း)

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည် ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဝိတက်တိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း)

ဝိတက်လည်း ရှိ၍ ဝိစာရလည်းရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါးတို့နှင့် ယှဉ်သော ဝေဒနာ)၊ ဝိတက် မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိတက်နှင့် မယှဉ်မူ၍ ဝိစာရနှင့်သာ ယှဉ်သော ဝေဒနာ) (ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသော ဝေဒနာ)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိတက် ဝိစာရတို့နှင့် မယှဉ်သော ဝေဒနာ) (ဒွေပဉ္စဝိညာဉ်နှင့် တတိယ, စတုတ္ထ, ပဉ္စမဈာန်စိတ်၊ ထို၅၅-ပါး၌ရှိသော ဝေဒနာ)။ပ။

## (၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း)

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ ရှိသောဝေဒနာ)၊ သောတာပတ္တိမဂ် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်ဝိပါက် ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

## (၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဒဿနဟေတုတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း)

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည့် ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသော ဝေဒနာ, အပါယ်သို့ လားစေတတ်သည့် အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည့် ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ)။ပ။

## (၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အာစယဂါမိတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း)

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော 'အာစယဒါမိ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် အကုသိုလ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့်ယှဉ်သောဝေဒနာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် သေက္ခတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း)

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (မဂ်ပုဂ္ဂိုလ် ၄-ပါးနှင့် အောက်ဖိုလ် ၃-ပါး ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၁၀) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း)

နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၁၁) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ပရိတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း)

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာ သည် ရှိ၏။ပ။

## (၁၂) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဟီနတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း)

ယုတ်ညံ့သော 'ဟီန' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ အလယ်အလတ် ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၁၃) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မိစ္ဆတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း)

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူ စိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲသော 'သမ္မတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ (နှစ်ပါးသော အခြင်းအရာတို့ဖြင့်) အကျိုးပေးမမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## (၁၄) သဟေတုကဒုက်ကို မူတည်ပြီးလျှင် မဂ္ဂါရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း)

မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ = ပညာနှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (ဝီမံသာဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ = အမောဟ = ပညာ, ဝီရိယာဓိပတိ ဖြစ်သော သမ္မာဝါယာမ = ဝီရိယ) ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝီမံသာဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ = အမောဟ = ပညာ, ဝီရိယာဓိပတိ ဖြစ်သော သမ္မာဝါယာမ မဂ္ဂင် = ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)။ပ။

## (၁၅) သဟေတုကဒုက်ကို မူတည်ပြီးလျှင် ဥပ္ပန္နတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း)

ဥပါဒ် ဌီ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော (ဖြစ်ဆဲ) ပစ္စုပ္ပန် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော အနာဂတ်ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဖြစ်လတ္တံ့သော ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော အနာဂတ် ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့်ယှဉ်သော ဝေဒနာ)။ပ။

## (၁၆) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း)

ဖြစ်ပြီးသော အတိက် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော အနာဂတ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၇) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အတီတာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း)

ဖြစ်ပြီးသည့်အတိက်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော အနာဂတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၈) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း)

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၉) သဟေတုကဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါး

(သဟေတုကဒုကမူ- အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း)

အတွင်းသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုကမူလကနည်း ၁၉-နည်းပြီး၏။ ဤနည်း၌ အသေးစိတ်အားဖြင့် ဝေဒနာသည် (၁၉×၅၅) = ၁၀၄၅-ပါး ဖြစ်၏) ။

# ခန္ဓဝိဘင်္ဂ

## ၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း[၁]

(ဤ၌ (၁) ဟေတုသမ္ပယုတ္တဒုက်ကို မူတည်ပြီးလျှင် ကုသလတိက်ကို မူလီသွင်း၍ ဟောသောနည်း ၁၀-ပါး (မှ) (၁၉) ဟေတုသမ္ပယုတ္တဒုက်ကို မူတည်ပြီးလျှင် အဇ္ဈတ္တာရမ္မဏတိက်ကို မူလီသွင်းသောနည်း ၁၀-ပါးထိ ဟောရန်ဖြစ်သော်လည်း ကျယ်မည်စိုး၍ အကျဉ်းချုံး ဟောထားသည်။ ကျန်သော ဒုကမူ-တိကမူလီများကိုလည်း ဤနည်းအတူသိပါလေ။)

**ကေကနည်း ၃၆။**

တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

၁။ 'တိကမူလီ ၁၉-နည်း' ဟူသည်မှာ တိက်၁၉-ခုကို မူလီသွင်း၍ ဟောထားသည်ဟု ဆိုလိုသည်။ အသေးစိတ်အားဖြင့် ဤနည်း တစ်နည်း တစ်နည်း၌ ဝေဒနာပေါင်း ၅၅-ပါးစီ ရှိ၏၊ ၁၉-နည်း၌မူ (၁၉×၅၅) = ၁၀၄၅-ပါး ဖြစ်၏။

## ၃ - နဟေတု သဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၂-စူဠန္တရဒုကမှ ဒုက် ၂-ခု)

## ၄ - လောကိယဒုကမူ-တိကမူလီ ၁၉-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၅ - ကေနစိဝိညေယျဒုကမူ-တိကမူလီ ၁၉-နည်း

တစ်စုံတစ်ခုသော စိတ်သည်သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည်ရှိ၏။ပ။

(၃-အာသဝဂေါစ္ဆကမှ ဒုက်၃-ခု)

## ၆ - သာသဝဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည်ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာ သည် ရှိ၏။ပ။

## ၇ - အာသဝသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိကမူလီ ၁၉-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၄-သညောဇနဂေါစ္ဆကမှ ဒုက်၃-ခု)

## ၉ - သံယောဇနိယဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်နှင့်ဆင်းရဲ၌) နှောင်ဖွဲ့တတ်သော သဘော 'သံယောဇဉ်' ၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

သံယောဇဉ်နှင့်ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိကမူလီ ၁၉-နည်း

သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ် နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၅-ဂန္ထဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၁၂ - ဂန္ထနိယဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ဂန္ထနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိကမူလီ ၁၉-နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၆-ဩဃဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၁၅ - ဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ဩဃနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိကမူလီ ၁၉-နည်း

ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၇-ယောဂဂေါစ္ဆကမှ ဒုက် ၃-ခု)

**၁၈ - ယောဂနိယဒုကမူ-တိကမူလီ ၁၉-နည်း**

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

**၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း**

ယောဂနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

**၂၀ - ယောဂဝိပ္ပယုတ္တယောနိယဒုကမူ-တိကမူလီ ၁၉-နည်း**

ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၈-နီဝရဏဂေါစ္ဆကမှ ဒုက် ၃-ခု)

**၂၁ - နီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း**

(ဈာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ' ၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

**၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း**

နီဝရဏနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ ။ပ။

**၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိကမူလီ ၁၉-နည်း**

နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၉-ပရာမာသဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၂၄ - ပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၀-မဟန္တရဒုကမှ ဒုက်၁-ခု)

## ၂၇ - ဥပါဒိန္နဒုကမူ-တိကမူလီ ၁၉-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံ၏အကျိုးဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံ၏အကျိုး မဟုတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

(၁၁-ဥပါဒါနဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၂၈ - ဥပါဒါနိယဒုကမူ-တိကမူလီ ၁၉-နည်း

ပြင်းစွာ စွဲလမ်းတတ်သော သဘော 'ဥပါဒါန်' ၏ (တဏှာဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ဥပါဒါန်နှင့် (တဏှာဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိကမူလီ ၁၉-နည်း

ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၂-ကိလေသဂေါစ္ဆကမှ ဒုက် ၄-ခု)

## ၃၁ - သံကိလေသိကဒုကမူ-တိကမူလီ ၁၉-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ‘ကိလေသာ’ တို့၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကိလေသာတို့၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၂ - သံကိလိဋ္ဌဒုကမူ-တိကမူလီ ၁၉-နည်း

ကိလေသာတို့သည် ပူပန်စေအပ်သော (ကိလေသာတို့နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော (ကိလေသာနှင့် မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၃ - ကိလေသာသမ္ပယုတ္တဒုကမူ-တိကမူလီ ၁၉-နည်း

ကိလေသာနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၄ - ကိလေသာဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိကမူလီ ၁၉-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(၁၃-ပိဋ္ဌိဒုကမှ ၁၆-ဒုက်)

## ၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိကမူလီ ၁၉-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် ‘ဒဿန’ မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိကမူလီ ၁၉-နည်း

သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ ။ပ။

## ၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိကမူလီ ၁၉-နည်း

(ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၉ - သဝိတက္ကဒုကမူ-တိကမူလီ ၁၉-နည်း

ဝိတက်ရှိသော (ဝိတက်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဝိတက် မရှိသော (ဝိတက်နှင့် မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၀ - သဝိစာရဒုကမူ-တိကမူလီ ၁၉-နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဝိစာရ မရှိသော (ဝိစာရနှင့် မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၁ - သပ္ပီတိကဒုကမူ-တိကမူလီ ၁၉-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပီတိမရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ ။ပ။

## ၄၂ - ပီတိသဟဂတဒုကမူ-တိကမူလီ ၁၉-နည်း

ပီတနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ပီတိနှင့်တကွ မဖြစ်သော (ပီတိနှင့် မယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၃ - ကာမာဝစရဒုကမူ-တိကမူလီ ၁၉-နည်း

ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမာဝစရစိတ်၌ ရှိသောဝေဒနာ)၊ ကာမာဝစရမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၄ - ရူပါဝစရဒုကမူ-တိကမူလီ ၁၉-နည်း

ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ရူပါဝစရစိတ်၌ ရှိသော ဝေဒနာ)၊ ရူပါဝစရ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၅ - အရူပါဝစရဒုကမူ-တိကမူလီ ၁၉-နည်း

အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရူပါဝစရစိတ်၌ ရှိသောဝေဒနာ)၊ အရူပါဝစရမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၆ - ပရိယာပန္နဒုကမူ-တိကမူလီ ၁၉-နည်း

ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ ရှိသောဝေဒနာ)၊ ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။ပ။

## ၄၇ - နိယျာနိကဒုကမူ-တိကမူလီ ၁၉-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော 'အနိယျာနိက' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာ)။ပ။

## ၄၈ - နိယတဒုကမူ-တိကမူလီ ၁၉-နည်း

အကျိုးပေးမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ ကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါးနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ ရှိသောဝေဒနာ, မဂ်စိတ် ၄-ပါးတို့၌ ရှိသောဝေဒနာ)၊ အကျိုးပေး မမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၉ - သဉ္တရဒုကမူ-တိကမူလီ ၁၉-နည်း

မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဉ္တရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ မိမိထက် လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

## ၅၀ - သရဏဒုကမူ-တိကမူလီ ၁၉-နည်း

("သရဏဒုကမူ-တိကမူလီ ၁၉-နည်း" ၌ တစ်နည်း တစ်နည်းအတွက် ထပ်မံ၍ ၁၀-နည်းစီပွားပုံကို မကျဉ်းမကျယ် ဖော်ပြထားသည်။)

### (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

### (၂) သရဏဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

(ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း)

**ဧကကနည်း ၃၇။**

တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂ အစရှိသော ကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘော ရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

(**စတုက္ကနည်းမှ ဒသကနည်း**အထိ ပေယျာလချန်ခဲ့သည်)။

## (၃) သရဏဒုကမူ-ဥပါဒိဏ္ဏတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်လည်းဖြစ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏ အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်တို့၌ရှိသော ဝေဒနာ)။ပ။[၁]

၁။ အမှတ် (၄) 'သရဏဒုကမူ-သံကိလိဋ္ဌတိကမူလီ၁၀-နည်း'မှ အမှတ် (၁၈) 'သရဏဒုကမူ-အဇ္ဈတ္တတိက မူလီ ၁၀-နည်း'အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

## (၁၉) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

**တိကနည်း။ ။**

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ဒုက် ၅၀-ကို မူတည်ပြီးလျှင် တိက် ၁၉-ခုတို့ကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း (၅၀×၁၉) = ၉၅၀-နည်း ပြီး၏။

ဤနည်း ၉၅၀-တို့၌ ဝေဒနာပေါင်း (၅၀×၁၉×၅၅) = ၅၂၂၅၀-ပါး ဖြစ်သည်)။

**ဒုက်ကို မူတည်၍ဟောသော 'ဒုကမူလက' နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း

## တိကမူ-ဒုကမူလီ

(တိက်ကို မူတည်ပြီးလျှင် ဒုက်တို့ကို မူလီသွင်းသော တိကမူလကနည်း)

(တိက် ၁၉-ခုကို မူတည်ပြီးလျှင် ဒုက် ၅၀-ကို မူလီသွင်း၍ ဟောသော ‘တိကမူလကနည်း’ ၉၅၀)[၁**]

၁။ ** ဤနည်းအရ အစိတ် အစိတ်ရေတွက်ပါမူ ဝေဒနာပေါင်း (၁၉×၅၀×၅၅) = ၅၂၂၅၀-ဖြစ်သည်။ (၂-ဝေဒနာက္ခန္ဓာအခန်း အစရှိ အောက်ခြေမှတ်ချက် ကြည့်ပါ)

## ၁ - ကုသလတိကမူ-ဒုက် ၅၀-မူလီ

## (ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၀-တို့ကို မူလီသွင်းသောနည်း)

## (၁) ကုသလတိက်ကို မူတည်ပြီးလျှင် သဟေတုကဒုက်ကို မူလီသွင်းသော ၁၀-နည်း[၁**]

(ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း)

**ဧကကနည်း**

၃၈၈။တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁။ ** ရှေးဦးအစဖြစ်၍ ဖတ်ရှုသူနားလည်စေရန် ယခုကဲ့သို့ ခေါင်းစဉ် အကျယ်ရေးထားသည်၊ နောက်၌ ‘ကုသလတိကမူ - သဟေတုကဒုကမူလီ ၁၀-နည်း’ ဟူသော ခေါင်းစဉ်မျိုးသာ အကျဉ်းပြတော့မည်။

## (၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

(ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း)

**ဧကကနည်း**

၃၉။တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၃) ကုသလတိကမူ-နဟေတုသဟေတုကဒုကမူလီ ၁၀-နည်း

(ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း)

**ဧကကနည်း**

၄၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၄) ကုသလတိကမူ-လောကိယဒုကမူလီ ၁၀-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၅) ကုသလတိကမူ-ကေနစိဝိညေယျဒုကမူလီ ၁၀-နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၆) ကုသလတိကမူ-သာသဝဒုကမူလီ ၁၀-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွား နေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၇) ကုသလတိကမူ-အာသဝသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၈) ကုသလတိကမူ-အာသဝသဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။[၁*]

၁။ * အမှတ် (၉) ကုသလတိကမူ-သညောဇနိယဒုကမူလီမှ အမှတ် (၄၉) ကုသလတိကမူ-သဥတ္တရဒုကမူလီ အထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။

## (၅၀) ကုသလတိကမူ-သရဏဒုကမူလီ ၁၀-နည်း

(ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း)

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသောကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

------

# ခန္ဓဝိဘင်္ဂ

## ၂ - ဝိပါကတိကမူ-ဒုက် ၅၀-မူလီ

## (ဝိပါကတိက်ကို မူတည်၍ ဒုက်၅၀ကိုမူလီသွင်းသောနည်း)

## (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(ဧကကနည်းဒုကနည်း, တိကနည်း။ပ။ ဒသကနည်း)

**ဧကကနည်း**

၄၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာက္ခန္ဓာ သည်ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည်ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ဝိပါက်စိတ်တို့၌ ရှိသောဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော တရားလည း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည်ရှိ၏ (ကြိယာစိတ်တို့၌ရှိသောဝေဒနာ)။ပ။[၁**]

၁။ ** အမှတ် (၂) ဝိပါကတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီမှ အမှတ် (၅၀) ဝိပါကတိကမူ-သရဏဒုကမူလီအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

# ခန္ဓဝိဘင်္ဂ

## ၃ - ဥပါဒိဏ္ဏတိကမူဒုက် ၅၀မူလီ

## (ဥပါဒိန္နတိက်ကိုမူတည်၍ဒုက်၅၀ကိုမူလီသွင်းသောနည်း)

### (၁) ဥပါဒိန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံ၏ အကျိုးဝိပါက်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (လောကီ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။[၁**]

၁။ ** အမှတ် (၂) ဥပါဒိဏ္ဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီမှ အမှတ် (၅၀) ဥပါဒိဏ္ဏတိကမူ-သရဏဒုကမူလီအထိ ပေယျာလ လုံး၀ချန်ခဲ့သည်။ အမှတ် ၄-သံကိလိဋ္ဌတိကမူမှ အမှတ်-၁၈ အဇ္ဈတ္တတိကမူအထိတို့၌လည်း ဤအတိုင်း ပင် ပေယျာလ လုံး၀ ချန်ထားသည်။

# ခန္ဓဝိဘင်္ဂ

## ၄ - သံကိလိဋ္ဌတိကမူ-ဒုက် ၅၀-မူလီ

### (၁) သံကိလိဋ္ဌတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## ၅ - ဝိတက္ကတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဝိတက္ကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာ)။ပ။

## ၆ - ဒဿနတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဒဿနတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသော ဝေဒနာ)၊ (သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

# ခန္ဓဝိဘင်္ဂ

## ၇ - ဒဿနေနပဟာတဗ္ဗတိကမူ-ဒုက် ၅၀-မူလီ

## (၁) ဒဿနေနပဟာတဗ္ဗတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မ ည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ်၌ ရှိသော ဝေဒနာ)၊ (သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာ သည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

## ၈ - အာစယဂါမိတိကမူ-ဒုက် ၅၀-မူလီ

## (၁) အာစယဂါမိတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' ဝေဒနာက္ခန္ဓာ သည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော 'အပစယဂါမိ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် ယှဉ်သော ဝေဒနာ)၊ စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာ က္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## ၉ - သေက္ခတိကမူ-ဒုက် ၅၀-မူလီ

## (၁) သေက္ခတိကမူ သဟေတုကဒုကမူလီ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး, အောက်ဖိုလ် ၃-ပါး၌ရှိသော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ် စိတ်၌ရှိသော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

# ခန္ဓဝိဘင်္ဂ

## ၁၀ - ပရိတ္တတိကမူ-ဒုက် ၅၀-မူလီ

### (၁) ပရိတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော (ကာမတရားဖြစ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောဝေဒနာ)။ပ။

## ၁၁ - ပရိတ္တာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

### (၁) ပရိတ္တာ ရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၂ - ဟီနတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဟီနတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။ပ။

## ၁၃ - မိစ္ဆတ္တတိကမူ-ဒုက် ၅၀-မူလီ

### (၁) မိစ္ဆတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးတို့နှင့် ယှဉ်သော ဝေဒနာ)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

# ခန္ဓဝိဘင်္ဂ

## ၁၄ - မဂ္ဂါရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

### (၁) မိစ္ဆတ္တတိကမူ-သဟေတုကဒုမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော အမောဟ= ပညာ) ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိ မည်သော အမောဟ= ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ= ပညာ, သမ္မာဝါယာမမဂ္ဂင် ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယ) ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော ဝေဒနာ)။ပ။

## ၁၅ - ဥပ္ပန္နတိကမူ-ဒုက် ၅၀-မူလီ

### (၁) ဥပ္ပန္နတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဥပါဒ် ဌီ ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (နောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ)၊ မချွတ် ဧကန်ဖြစ် လတ္တံ့သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

## ၁၆ - အတီတတိကမူ-ဒုက် ၅၀-မူလီ

### (၁) အတီတတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဖြစ်ပြီးသော 'အတိက်' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့သော 'အနာဂတ်' ဝေဒနာ က္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၇ - အတီတာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

### (၁) အတီတာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ဖြစ်ပြီးသည့် 'အတိက်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့ သော 'အနာဂတ်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ 'ပစ္စုပ္ပန် 'တရားကို အာရုံ ပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

# ခန္ဓဝိဘင်္ဂ

## ၁၈ - အဇ္ဈတ္တတိကမူ-ဒုက် ၅၀-မူလီ

### (၁) အဇ္ဈတ္တတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၉ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၀-မူလီ

### (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

ဧကကနည်း

၄၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

ဒုကနည်း။ ။

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

### (၄) အဇ္ဈတ္တာရမ္မဏတိကမူ-လောကိယဒုကမူလီ ၁၀-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၅) အဇ္ဈတ္တာရမ္မဏတိကမူ-ကေနစိဝိညေယျဒုကမူလီ ၁၀-နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၆) အဇ္ဈတ္တာရမ္မဏတိကမူ-သာသဝဒုကမူလီ ၁၀-နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၇) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

အာသဝနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ ။ပ။

## (၈) အဇ္ဈတ္တာရမ္မဏတိကမူ-အာသဝဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

## (၉) အဇ္ဈတ္တာရမ္မဏတိကမူ-သံယောဇနိယဒုကမူလီ ၁၀-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' တို့၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်တို့၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။[၁**]

၁။ ** အဇ္ဈတ္တာရမ္မဏတိကမူကို ဒုက်ဖြင့် အကျယ်ပြရာ၌လည်း ဒုက်အမှတ် (၁၀) သံယောဇနသမ္ပယုတ္တဒုကမူလီမှ အမှတ် (၄၉) သဥတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့ပြန်သည်။

# ခန္ဓဝိဘင်္ဂ

## (၅၀) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

[ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံ ပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံ ပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၁၉-ခုကို မူတည်ပြီးလျှင် ဒုက် ၅၀-တို့ကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၁၉×၅၀) = ၉၅၀-နည်း ပြီး၏။

အသေးစိတ် ရေတွက်လျှင် ဝေဒနာပေါင်း (၉၅၀×၅၅) = ၅၂၂၅၀-ပါး ဖြစ်၏)။

**တိက်တို့ကို မူတည်၍ ဟောသော 'တိကမူလက'နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဥဘတောဝၚ္ဂမုကနည်း

## (တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခုတို့ကို တစုံစီထား၍ပွားသော ဥဘတောဝၚ္ဂမုကနည်း)

### (၁) သဟေတုကဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀-နည်း[၁*]

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁။ * ဤ ၁၀-နည်း၌ အသေးစိတ် ရေတွက်သော် ဝေဒနာက္ခန္ဓာ ၅၅-ပါး ဖြစ်၏။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ဝိပါက်စိတ်၌ရှိသောဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကုသိုလ် အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို

ဖြစ်စေခြင်း သဘောရှိသည်လည်း မပဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၃) နဟေတု သဟေတုကဒုက်နှင့် ဥပါဒိဏ္ဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏ အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏ အကျိုး မဟုတ်မူ၍) ဥပါဒါန်တို့၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏ အကျိုးလည်း မဟုတ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၄) လောကိယဒုက်နှင့်သံကိလိဋ္ဌတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၆။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ လောက၌အကျုံးဝင်သော 'လောကီ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၅) ကေနစိဝိညေယျဒုက်နှင့်သဝိတက္ကတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၇။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရလည်း ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိတက်ဝိစာရတို့နှင့် ယှဉ်သော သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝေဒနာ)၊ ဝိတက် မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိစာရနှင့်သာ ယှဉ်သော ဒုတိယဈာန်စိတ် ၁၁-ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၆) သာသဝဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၈။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ် မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၄၉။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြား သော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) ခံစားမှုအစု 'အာစယဂါမိဝေဒနာက္ခန္ဓာ' သည် ရှိ၏ (လောကီကုသိုလ် အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခံစားမှုအစု 'အပစယဂါမိဝေဒနာက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်လေးပါးတို့နှင့်ယှဉ်သော ဝေဒနာ) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ဝိပါက်ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၉) သံယောဇနိယဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ 'သံယောဇဉ်' ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါးနှင့် အောက်ဖိုလ် ၃-ပါးတို့၌ ရှိသော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (အရဟတ္တဖိုလ်စိတ်၌ ရှိသော ဝေဒနာ)၊

သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ္တုပ္ပါဒ်တို့၌ ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် ယှဉ်သော ဝေဒနာ က္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ နည်းပါးသော အာနုဘော် ရှိသည့် 'ပရိတ္တ' မည်သော (ကာမတရားမည်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်တို့ နှင့်ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ)၊ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်၌ရှိသော ဝေဒနာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏ တရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၂) ဂန္ထနိယဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံ မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (အကုသိုလ်စိတ်၌ရှိသော ဝေဒနာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ' ဝေဒနာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာ က္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် မိစ္ဆတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော ခံစားမှုအစု 'မိစ္ဆတ္တနိယတ ဝေဒနာက္ခန္ဓာ' သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော ခံစားမှုအစု 'သမ္မတ္တနိယတဝေဒနာက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၆။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ' နှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိ မည်သော ပညာ = အမောဟဟိတ်နှင့် ယှဉ်သော) ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ = ပညာနှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိ မည်သော အမောဟ = ပညာ, သမ္မာဝါယာမ မဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိ မည်သော ဝီရိယ) ရှိသော ဝေဒနာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, သမ္မာဝါယာမ မဂ္ဂင် ဖြစ်သည့် ဝီရိယာဓိပတိ မည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော ဝေဒနာ)။ပ။[၁]

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁။ မဂ်စိတ္တုပ္ပါဒ်ကို အလေးအမြတ်အာရုံပြုသည့် စိတ်တို့၌ရှိသော ဝေဒနာကိုလည်း အရကောက်ယူနိုင်သည် (မူလဋီကာ-နှာ ၄၆)

## (၁၅) ဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၇။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်နှင့်ဆင်းရဲ၌) နစ်မြုပ်စေတတ်သောသဘော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဥပါဒ် ဋ္ဌီ ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ မချွတ် ဧကန်ဖြစ်လတ္တံ့သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ဝိပါက်စိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၈။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၇) ဩဿယဝိပ္ပယုတ္တဩဿယနိယဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၅၉။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဃ၏အာရုံသာဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၈) ယောဂနိယဒုက်နှင့်အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၆၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)]

**ဧကကနည်း**

၆၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၁၉-ခုနှင့် ဒုက် ၁၉-ခုတို့ကို တစ်စုံစီထား၍ ပွားသော ဥဘတောဝမုက ၁၉-နည်း ပြီး၏။ အသေးစိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း (၁၉×၅၅) = ၁၀၄၅-ပါး ဖြစ်၏။

**တိက်နှင့်ဒုက်တို့ကို တစ်စုံစီထား၍ ပွားသော 'ဥဘတောဝမုက'နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ (များသောအပြားရှိသောနည်း)

## သတ္တကနည်း

## (တိက် ၁၉-ခုကို ဘုံလေးပါးတို့ဖြင့်ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း ၁၉-နည်း)

### (၁) ကုသလတိက်သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

### (၂) ဝိပါကတိက်သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာ က္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဥပါဒိန္နတိက် သတ္တကနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ ချန်ထားသည်။

### (၁၉) အဇ္ဈတ္တာရမ္မတိက်သတ္တကနည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(အသေးစိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း ၁၉×၇= ၁၃၃-ပါး ဖြစ်၏။)

**သတ္တကနည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## စတုဝီသတိဝိဓနည်း

## (တိက် ၁၉-ခုကို ဖဿခြောက်ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိဓနည်း ၁၉-နည်း)

## (၁) ကုသလတိက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာလည်း ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာလည်း ရှိ၏။

၁၉။ စက္ခုအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)။

၂၀။ သောတအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (သောတသမ္ဖဿဇာဝေဒနာ)။

၂၁။ ဃာနအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (ဃာနသမ္ဖဿဇာဝေဒနာ)။

၂၂။ ဇိဝှါအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၂၃။ ကာယအတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (ကာယသမ္ဖဿဇာဝေဒနာ)။

၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (မနောသမ္ဖဿဇာဝေဒနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

**(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။**

## (၂) ဝိပါကတိက် စတုဝီသတိဝိဓနည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဥပါဒိန္နတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်း အထိ ပေယျာလ လုံးဝ ချန်ထားခဲ့သည်။

## (၁၉) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း

၁-၂-၃။ ။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏။

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

[၁၆-၁၇-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် (ကုသိုလ်, အကုသိုလ်တို့၏) အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ပ။][၁]

၁၆-၁၇-၁၈။[၂] (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာလည်း ရှိ၏။

၁၉-၂၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)။ပ။

၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာ (မနောသမ္ဖဿဇာဝေဒနာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

(တိက် ၁၉-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၁၉-နည်း ပြီး၏။ ဤစတုဝီသတိဝိဓနည်း၌ ဝေဒနာပေါင်း (၁၉×၂၄) = ၄၅၆-ပါး ဖြစ်၏။)

**(စတုဝီသတိဝိဓနည်း ပြီး၏)။**

၁။ ဤစာပိုဒ်သည် ဒုတိယ စတုဝီသတိနည်းဖြစ်သော ဝိပါကတိက်၏ မနောသမ္ဖဿဖြင့် ဝေဖန်ဟောပြခြင်းကို အဆက် ပြန်ဖော်ခြင်းဖြစ်သည်၊ သုဒ္ဓနည်း ၆-ပါးကိုမူ တစ်ပေါင်းတည်း ပြုပြီးလျှင် နောက်ဆုံး၌ ဖော်ပြထားသည်။

၂။ ဤစာပိုဒ်သည် အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ တစ်ဖန်ပြန်၍ ဖော်ပြခြင်းဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## တိကသဝိနည်း

## (ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကိုဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း)။

သုံးဆယ်ပြားသောနည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၉-၁၂။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၆။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၁-၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ'ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၂၅။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာဝေဒနာ)။

၂၆။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (သောတသမ္ဖဿဇာ ဝေဒနာ)။

၂၇။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ ဝေဒနာ)။

၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၂၉။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ကာယသမ္ဖဿဇာ ဝေဒနာ)။

၃၀။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏၊ (မနောသမ္ဖဿဇာ ဝေဒနာ)။ ဤသို့ သုံးဆယ်ပြားသော နည်းအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း ပြီး၏။ ဤတိကသဝိနည်း၌ ဝေဒနာပေါင်း ၃၀-ပါး ဖြစ်၏)။

**(တိကသဝိနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓနည်း

## (တိက် ၁၉-ခုကို ဘုံ လေးပါး ဖဿ ၆-ပါး တို့ဖြင့်ဝေဖန်၍ ဟောသည့်)

## များသောအပြားရှိသော ဗဟုဝိဓနည်း ၁၉-နည်း

(ဤနည်းတစ်နည်းတစ်နည်းစီ၌ ဝေဒနာပေါင်း ၄၈-ပါးရှိသည်၊ ဗဟုဝိဓနည်း ၁၉-နည်း၌ ဝေဒနာပေါင်း (၁၉×၄၈) = ၉၁၂-ပါး ဖြစ်သည်။)

### (၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး

များသောအပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံ ထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၄။ နားအတွေ့ ‘သောတသမ္ဖဿ’ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၅။ နှာခေါင်းအတွေ့ ‘ဃာနသမ္ဖဿ’ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၆။ လျှာအတွေ့ ‘ဇိဝှါသမ္ဖဿ’ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၇။ ကိုယ်အတွေ့ ‘ကာယသမ္ဖဿ’ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။

၄၈။ စိတ်အတွေ့ ‘မနောသမ္ဖဿ’ ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏။ ။ ဤသို့ များသော အပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

## (၂) ဝိပါကတိက် ဗဟုဝိဓနည်း ၄၈-ပါး

ထိုမှတစ်ပါးလည်း များသောအပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ ‘စက္ခုသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည် (ကုသိုလ် အကုသိုလ်တို့၏) အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာလည်း ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဥပါဒိန္နတိက် ဗဟုဝိဓနည်းမှ အမှတ် (၁၈) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံးဝချန်ထား ခဲ့သည်။

## (၁၉) အဇ္ဈတ္တာရမ္မဏတိက်ဗဟုဝိဓနည်း ၄၈-ပါး

၁-၇။ (မျက်စိ အတွေ့ ‘စက္ခုသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ အတွင်းအပ ‘အဇ္ဈတ္တဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ‘ကာမာဝစရ’ ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ‘ရူပါဝစရ’ ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ‘အရူပါဝစရ’ ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော ‘အပရိယာပန္န’ (လောကုတ္တရာ) ဝေဒနာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ ‘သောတသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ ‘ဃာနသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၂၂-၂၈။ လျှာအတွေ့ ‘ဇိဝှါသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ ‘ကာယသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်။ပ။

[၃၆-၄၂။ စိတ်အတွေ့ ‘မနောသမ္ဖဿ’ ဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာက္ခန္ဓာသည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာက္ခန္ဓာသည် ရှိ၏။ပ။][၁]

၃၆-၄၂။[၂] (စိတ်အတွေ့ ‘မနောသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာက္ခန္ဓာသည်) အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏။ အတွင်းအပ ‘အဇ္ဈတ္တဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော

(ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝေဒနာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝေဒနာက္ခန္ဓာ သည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏၊ (စက္ခုသမ္ဖဿဇာ ဝေဒနာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (သောတသမ္ဖဿဇာ ဝေဒနာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ ဝေဒနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ကာယသမ္ဖဿဇာ ဝေဒနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏၊ (မနောသမ္ဖဿဇာ ဝေဒနာ)။ ဤသို့ များသောအပြားအားဖြင့် ဝေဒနာက္ခန္ဓာသည် ဖြစ်၏။

**(ဗဟုဝိဓနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

ဤဆိုခဲ့ပြီးသော ဝေဒနာတို့ကို ခံစားမှုအစု ‘ဝေဒနာက္ခန္ဓာ’ ဟု ဆိုအပ်၏)။

[ဝေဒနာပေါင်းမှာ

| | |
|---|---|
| (၁) ဒုကမူလကနည်း | ၅၂၂၅၀-ပါး |
| (၂) တိကမူလကနည်း | ၅၂၂၅၀-ပါး |
| (၃) ဥဘတောဝဍ္ဎကနည်း | ၁၀၄၅-ပါး |
| (၄) သတ္တကနည်း (၁၉×၇) | ၁၃၃-ပါး |
| (၅) စတုဝီသတိဝိဓနည်း (၁၉×၂၄) | ၄၅၆-ပါး |
| (၆) တိံသဝိဓနည်း | ၃၀-ပါး |
| (၇) ဗဟုဝိဓနည်း (၁၉×၄၈) | ၉၁၂-ပါး |
| | ၁၀၇၀၇၆-ပါး ဖြစ်၏]။ |

**ဝေဒနာက္ခန္ဓာ ပြီး၏။**

**(ဝေဒနာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း ပြီး၏)။**

၁။ ဤစာပိုဒ်သည် ဒုတိယဗဟုဝိဓနည်းဖြစ်သော ဝိပါကတိက် ဗဟုဝိဓနည်းကို မနောသမ္ဘဿဖြင့် ဝေဖန်ပြီးလျှင် အဆက် တစ်ဖန်ပြန်၍ ဟောခြင်းဖြစ်သည်၊ ပေယျာလ ချန်ခဲ့သည်ကို သတိရစေခြင်းငှါ ပြန်၍ ဖော်ထုတ်ပြခြင်း ဖြစ်သည်။

၂။ (ဤစာပိုဒ်သည် အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်းကို အစီအစဉ်အရ ဖော်ပြခြင်း ဖြစ်သည်။)

# ခန္ဓဝိဘင်္ဂ

## ၃ - သညာက္ခန္ဓ (မှတ်သားမှုအစု)

### ဒုကမူလကနည်း

### ဒုကမူ-တိကမူလီ

ဒုက်တို့ကို မူတည်ပြီးလျှင် တိက်တို့ကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း

(ဒုက် ၅၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ၁၀၉၂-နည်း)

(ဤဒုကမူလနည်း၌ သညာရကောင်းသော ဒုက် ၅၂-ကို မူတည်၍ သညာရကောင်းသော တိက် ၂၁-ခုတို့ကို မူလီ သွင်းသော နည်းပေါင်း (၅၂×၂၁) =၁၀၉၂ နည်း ဖြစ်သည်၊ ဤနည်း ၁၀၉၂-နည်း၌ တစ်နည်း တစ်နည်းကိုပင် တစ်ဖန် ၁၀-နည်းစီ ထပ်၍ ပွားပြန်သည်၊ ထိုထပ်ပွား ၁၀-နည်း၌ သညာက္ခန္ဓာပေါင်း ၅၅-ပါးရှိ၏၊ ထို့ကြောင့် အစိတ်အစိတ် ရေတွက်ပါမူ သညာက္ခန္ဓာပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀-ပါး ဖြစ်သည်။)

(ဟေတုဂေါစ္ဆကမှ ဒုက် ၃-ခု)

### ၁ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

### (၁) သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း[၁]

[ဧကကနည်း၊ ဒုကနည်း။ပ။ ဒသကနည်း]

၆၂။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် သညာက္ခန္ဓာမည်သနည်း။

**ဧကကနည်း။ ။**

တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာ တည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။ ။**

လေးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌

သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာ သည် ရှိ၏။

**ပဥ္စကနည်း။ ။**

ငါးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ' နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု၌ အစိုးတရခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့် ယှဉ်သော သညာက္ခန္ဓာ သည် ရှိ၏။ ။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**ဆက္ကနည်း။ ။**

ခြောက်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ (မျက်စိ အကြည် 'စက္ခု ပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)၊ နားအတွေ့ (နားအကြည် 'သောတ ပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဃာနသမ္ဖဿဇာ သညာ)၊ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါ သမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ကာယသမ္ဖဿဇာသညာ)၊ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောသမ္ဖဿဇာ သညာ)။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**သတ္တကနည်း။ ။**

ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)၊ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (သောတသမ္ဖဿဇာ သညာ)၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏။ (ဃာနသမ္ဖဿဇာသညာ)၊ လျှာ အတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (ကာယသမ္ဖဿဇာ သညာ)၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' အတွေ့ 'မနောသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောသမ္ဖဿဇာသညာ)၊ (အာရုံခြောက်ပါးကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်' အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏ (မနောဝိညာဏဓာတုသမ္ဖဿဇာသညာ)။ ။ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သညာ က္ခန္ဓာသည် ဖြစ်၏။

**အဋ္ဌကနည်း။ ။**

ရှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခ

ဝေဒနာနှင့်တကွ ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ (ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ မနောဓာတ် အတွေ့ ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏၊ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' သည် ရှိ၏။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**နဝကနည်း။ ။**

ကိုးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော 'သညာ' သည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော 'သညာ' သည် ရှိ၏၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော 'သညာ' သည် ရှိ၏၊ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော ကုသိုလ်သညာသည် ရှိ၏။ (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) အကုသိုလ် သညာသည် ရှိ၏။ (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) အဗျာကတသညာသည် ရှိ၏။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**ဒသကနည်း။ ။**

ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော 'သညာ' သည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခဝေဒနာ နှင့်တကွဖြစ်သော 'သညာ' သည် ရှိ၏ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော 'သညာ' သည် ရှိ၏၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော 'သညာ' သည် ရှိ၏၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော ကုသိုလ်သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော) အကုသိုလ် သညာသည် ရှိ၏၊ (မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော) အဗျာကတသညာသည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ (သဟေတုကဒုကမူ- ကုသလတိကမူလီ ၁၀-နည်း ပြီး၏။ ဤနည်း၌ သညာပေါင်း ၅၅-ပါး ဖြစ်၏)။

၁။ ဤနည်း ၁၀-နည်း၌ သညာက္ခန္ဓာပေါင်း ၅၅-ပါးရှိ၏။ နောက်နည်းများ၌လည်း ဤနည်းအတိုင်း သိပါလေ။

## (၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၃။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခာန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သညာ က္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ် သော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၃) သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၄။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေ တတ်သော) သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၄) သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်တို့၌ရှိသော သညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသောသညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော သညာ)။ပ။

## (၅) သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍)၊ ကိလေသာတို့၏ အာရုံလည်း ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော သညာ)။ပ။

## (၆) သဟေတုကဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်းမရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၇) သဟေတုကဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ သုခဝေဒနာနှင့်တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၈) သဟေတုကဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသော သညာ, အပါယဂမနိယ အကုသိုလ်စိတ်တို့၌ရှိသော သညာ)။ (သောတာပတ္တိမဂ်သည် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော သညာ)။ (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သညာ)။ပ။

## (၉) သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏။ (ဘာဝနာမည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏။ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

စုတိပဋိသန္ဓေသို့ရောက်ကြောင်းဖြစ်သော မှတ်သားမှုအစု 'အာစယဂါမိသညာက္ခန္ဓာ' သည် ရှိ၏၊ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့် ယှဉ်သောသညာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မှတ်သားမှု အစု 'အပစယဂါမိသညာက္ခန္ဓာ' သည် ရှိ၏၊ (မဂ်စိတ်နှင့်ယှဉ်သောသညာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)။ပ။

## (၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (မဂ်ပုဂ္ဂိုလ် ၄-ယောက်, အောက်ဖိုလ်ပုဂ္ဂိုလ် ၃-ယောက်) တို့၏ ဥစ္စာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ (မဂ်စိတ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သော သညာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သညာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာ လည်း မဟုတ်မူ၍ အသေက္ခပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့်ယှဉ်သောသညာ)။ပ။

## (၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော သညာက္ခန္ဓာသည် ရှိ၏၊ (ကာမစိတ်နှင့်ယှဉ်သော သညာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သောသညာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် (ရာဂအစရှိသော) ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်နှင့် ယှဉ်သော သညာ)။ပ။

## (၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀ - နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံ ပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (မနှိုင်းယှဉ်အပ်သော လောကုတ္တရာတရား) ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန' သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သောသညာ)၊ အလယ် အလတ် ဖြစ်သော 'မဇ္ဈိမ' သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)၊ မြင့်မြတ်သော 'ပဏီတ' သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော သညာ)။ပ။

## (၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တနိယတတိကမူလီ ၁၀-နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇောတို့၌ ရှိသော သညာနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ သတ္တမဇောတို့၌ ရှိသောသညာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်၌ရှိသော သညာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေး မမြဲသော 'အနိယတ' သညာက္ခန္ဓာသည် ရှိ၏၊ (ကြွင်းသောစိတ်တို့၌ ရှိသော သညာ)။ပ။

## (၁၆) သဟေတုကဒုကမူ-မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သောသညာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသောသညာ)၊ မဂ်မည်သော အကြီးအမှူး (ပညာနှင့်ဝီရိယ)[၁] ရှိသော သညာက္ခန္ဓာသည် ရှိ၏ (ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော သညာ)။ပ။

၁။ အဓိပတိထိုက်သော မဂ္ဂင်တို့မှာ သမ္မာဒိဋ္ဌိနှင့် သမ္မာဝါယာမတို့ ဖြစ်သည်။ သမ္မာဒိဋ္ဌိသည် ပညာဟုခေါ်သော ဝီမံသ ဖြစ်သည်။ ဝီမံသာဓိပတိလည်း သမ္မာဒိဋ္ဌိပင် ဖြစ်သည်။ သမ္မာဒိဋ္ဌိ = ပညာ = ဝီမံသာဓိပတိ။ သမ္မာဝါယာမမှာ ဝီရိယစေတသိက် ဖြစ်သည်၊ ဝီရိယာဓိပတိ ဖြစ်သည်။ သမ္မာဝါယာမ = ဝီရိယ = ဝီရိယာဓိပတိ။

## (၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော (ဖြစ်ဆဲ) သညာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ရှိသော သညာ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသောသညာ)။ပ။

## (၁၈) သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော 'အတိက်' သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသည့် 'အတိက်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ် တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## (၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်း အပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ ၃။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**(သဟေတုကဒုကမူ-တိကမူလီ ၂၁နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၅။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ ဤ"ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း" ၌ တစ်နည်း တစ်နည်းလျှင် ထပ်မံ၍ ဧကကမှ ဒသက အထိ ၁၀-နည်းစီ ဟောပြရန် ဖြစ်သည်။ သို့ရာတွင် ဤနည်း၌ ရှေးဦးအစမျှကိုသာ ဖော်ပြထားသည်။ အကျယ်ဖွင့် လိုလျှင် ပြဆိုခဲ့ပြီးသော 'သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁နည်း' အတိုင်း နည်းယူ၍ ဖွင့်ဆိုပါလေ။ ကျန် 'ဒုကမူ' များ အတွက်လည်း ဤနည်းအတိုင်း သိပါလေ။

## ၃ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

(၂-စူဠန္တရဒုကမှ ဒုက် ၂-ခု)

## ၄ - လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' သညာက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၅ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သညာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၆ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၇ - အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်းမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၉ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၂ - ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သောသဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၅ - ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံမဟုတ်သော သညာက္ခန္ဓာ သည် ရှိ၏။ပ။

## ၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၁၈ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် တွယ်ကပ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာ သည် ရှိ၏။ပ။

## ၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၀ - ယောဂဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၁ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ဈာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၄ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၇ - ဥပါဒိဏ္ဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) သညာက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သော သညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့် မဖြစ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့် ယှဉ်သော သညာ)။ပ။

## ၂၈ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' ၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၁ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိလေသာ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၂ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သော (ကိလေသာနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော သညာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော (ကိလေသာနှင့်မယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၃ - ကိလေသ သမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော သညာ)။ပ။

## ၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာ က္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ် သည် ပယ်အပ်သော ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃၉ - သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၀ - သဝိစာရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ဝိစာရမရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ပီတိမရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိနှင့်တကွ ဖြစ်သော (ပီတိနှင့်ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏၊ ပီတိနှင့်တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၃ - သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သုခဝေဒနာနှင့်တကွဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သုခဝေဒနာနှင့်တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၄ - ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၇ - အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၈ - ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးဝင်သော 'ပရိယာပန္န' (လောကီ) သညာက္ခန္ဓာသည် ရှိ၏၊ ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၄၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက' သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး၌ ရှိသော သညာ)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော 'အနိယျာနိက' သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သညာ)။ပ။

## ၅၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အကျိုးပေးမြဲသော သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ်သတ္တမဇော၌ရှိသော သညာ, ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ သတ္တမဇော၌ ရှိသော သညာ, မဂ်စိတ် ၄-ပါး၌ရှိသော သညာ)၊ အကျိုးပေး မမြဲသော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သညာ)။ပ။

## ၅၁ - သဥတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဥတ္တရ' သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်နှင့် ယှဉ်သော သညာ)၊ မိမိထက် လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ' သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော သညာ)။ပ။

## ၅၂ - သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

## (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂) သရဏဒုကမူ ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၆။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစ ရှိသော ကိလေသာ) မရှိသော 'အရဏ' သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ။ပ။

## (၃) သရဏဒုကမူ ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ။ပ။[၁]

## ၂၁ - သရဏဒုကမူ အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

**တိကနည်း။ ။**

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(ကုသလတိက်၌ အကျယ်ချဲ့သကဲ့သို့ ဤအတူ တိက်အလုံးစုံတို့ကို ချဲ့အပ်ကုန်၏)။

[ဒုက် ၅၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း (၅၂×၂၁) = ၁၀၉၂ နည်း ပြီး၏။ အသေးစိတ်ရေတွက်ပါမူ ဤနည်း၌ သညာပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀ ဖြစ်၏]။

**ဒုက်ကို မူတည်၍ ဟောသော ဒုကမူလကနည်း ပြီး၏။**

၁။ အမှတ် (၄) သရဏဒုကမူ ဥပါဒိဏ္ဏတိကမူလီမှ အမှတ် (၂၀) သရဏဒုကမူ အဇ္ဈတ္တတိကမူလီအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။

## တိကမူလကနည်း

## တိကမူ-ဒုကမူလီ

(တိက်တို့ကို မူတည်ပြီးလျှင် ဒုက်တို့ကို မူလီသွင်း၍ ဟောသော တိကမူလကနည်း)

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း ၂၁×၅၂ = ၁၀၉၂-နည်း)။

### ၁ - ကုသလတိက်ကိုမူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း

### (၁) ကုသလတိကမူ သဟေတုကဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၇။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၂) ကုသလတိကမူ ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၈။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ကုသလတိကမူ-နဟေတု သဟေတုကဒုကမူလီမှ အမှတ် (၅၁) ကုသလတိကမူ သဉတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

## ၅၂ - ကုသလတိကမူ သရဏဒုကမူလီ ၁၀-နည်း

[ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေး ကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## ၂ - ဝေဒနာတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း

## (၁) ဝေဒနာတိကမူ - သဟေတုကဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၆၉။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သညာ က္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ် သော သညာက္ခန္ဓာသည် ရှိ၏။ပ။

## ၃ - ဝိပါကတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း

## (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၄) ဥပါဒိန္နတိကမူ- ဒုက် ၅၂-ခု မူလီမှ အမှတ် ၂၀-အဇ္ဈတ္တတိကမူ ဒုက် ၅၂-ခု မူလီအထိ (တိကမူ ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## ၂၁ - အဇ္ဈတ္တာရမ္မဏတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်းသော ၅၂-နည်း

### (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

[တိကနည်း။ပ။ ဒသကနည်း]

**တိကနည်း။ ။**

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

### (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၀။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

### (၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သညာက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း ၁၀၉၂-နည်း ပြီး၏။ ဤနည်း၌ အသေးစိတ် ရေတွက်သော် သညာပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀- ရှိ၏)။

**တိက်ကိုမူတည်၍ ဟောသော 'တိကမူလက' နည်း ပြီး၏။**

၁။ အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတုသဟေတုကဒုကမူလီမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဥတ္တရ ဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။

# ခန္ဓဝိဘင်္ဂ

## ဥဘတောဝဍ္ဎကနည်း

(တိက် ၂၁- ခုနှင့် ဒုက် ၂၁- ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎကနည်း ၂၁- နည်း[၁])

၁။ ဥဘတောဝဍ္ဎကနည်း ၂၁-နည်းအတွက် တစ်နည်းတစ်နည်းကို ထပ်၍ ၁၀-နည်းစီ ပွါးပြန်သည်။

### (၁) သဟေတုကဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀-နည်း[၁]

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၁။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏။ ဟိတ်မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏။ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏။ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၁။ ဤထပ်ပွါး ၁၀-နည်း၌ အသေးစိတ်ရေတွက်သော် သညာက္ခန္ဓာပေါင်း ၅၅-ပါး ဖြစ်၏။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝေဒနာတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၂။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့်ယှဉ်သော သညာက္ခန္ဓာ သည် ရှိ၏။ ဟိတ်နှင့်မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၃) နဟေတု သဟေတုကဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၃။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ် မမည်မူ၍ ဟိတ်သာ ရှိသော သညာက္ခန္ဓာသည် ရှိ၏။ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသောသညာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော သညာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) သညာက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၄) လောကိယဒုက်နှင့် ဥပါဒိဏ္ဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၄။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ လောက၌ အကျုံးဝင်သော 'လောကီ' သညာက္ခန္ဓာသည် ရှိ၏။ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံ၏ အကျိုးလည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်တို့နှင့် ယှဉ်သော သညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း

မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်နှင့်ယှဉ်သော သညာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၅) ကေနစိဝိဋ္ဌေယျဒုက်နှင့် သံကိလိဋ္ဌတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၅။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သညာက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသောစိတ်သည် မသိအပ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာနှင့်လည်း ယှဉ်၍)၊ ကိလေသာ၏ အာရုံလည်းဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ရှိသောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာနှင့်မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသောသညာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်၌ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၆) သာသဝဒုက်နှင့် ဝိတက်တိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၆။ တစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွါး နေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် သဘော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ အာသဝ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။   ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၇။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။   ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။   ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ပီတိနှင့်တကွ ဖြစ်သော (ပီတိနှင့် ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (ပီတိသဟဂုတ်စိတ် ၅၁-ပါး၌ရှိသော သညာ)၊ သုခဝေဒနာနှင့်တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး၌ရှိသော သညာ)၊ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၈။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။   ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၉) သံယောဇနိယဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၇၉။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်, နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော သညာက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၀။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ (အကုသိုလ်စိတ်၌ရှိသောသညာ)၊ သံယောဇဉ်နှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သညာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သညာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ' သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့်ယှဉ်သော သညာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၁။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည်ဖြစ်၏။ ။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (ခုနစ်ယောက်)တို့၏ ဥစ္စာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး အောက်ဖိုလ် ၃-ပါးတို့၌ရှိသော သညာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ)တို့၏ ဥစ္စာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်၌ရှိသော သညာ)၊ ကျင့်ဆဲ 'သေက္ခ'

ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၂) ဂန္ထနိယဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၂။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (ကာမစိတ်တို့နှင့် ယှဉ်သောသညာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုစိတ်တို့နှင့် ယှဉ်သော သညာ)၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော သညာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၃။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။     ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ပရိတ္တတရားကို (ကာမတရားကို) အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၄။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။     ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။     ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန' သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်၌ ရှိသောသညာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' သညာက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သညာ)၊ မြင့်မြတ်သော 'ပဏီတ' သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသောသညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၅) ဩဃနိယဒုက်နှင့် မိစ္ဆတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၅။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။     ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖေါက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သော ဒေါသမူ စိတ်တို့၏ သတ္တမဇောတို့၌ရှိသော သညာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုး ပေးမြဲသော 'သမ္မတ္တနိယတ' သညာက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သောသညာ)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေး မမြဲသော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့နှင့် ယှဉ်သော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၆) သြယသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၆။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကိုဝဋ်ဆင်းရဲ၌) နစ်မြုပ် စေတတ်သော သဘော 'သြယ' နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ သြယနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော သညာက္ခန္ဓာ သည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့် ယှဉ်သော သညာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သော) သညာက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ = ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသောသညာ)၊ မဂ်မည်သော အကြီးအမှူး (ဝီမံသာဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ = အမောဟ = ပညာ, ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမ = ဝီရိယ) ရှိသော သညာက္ခန္ဓာသည် ရှိ၏ (ဝီမံသာဓိပတိ ဖြစ်သော သမ္မာဒိဋ္ဌိ = အမောဟ = ပညာ , ဝီရိယာဓိပတိဖြစ်သော သမ္မာဝါယာမမဂ္ဂင် = ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၇) ဩဃဝိပ္ပယုတ္တဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၇။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီ စိတ်တို့၌ရှိသော သညာ)၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်တို့၌ရှိသော သညာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏ သုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သညာက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ် ကြိယာစိတ်တို့၌ရှိသော သညာ)၊ မချွတ် ဧကန်ဖြစ်လတ္တံ့သော သညာက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သညာ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၈) ယောဂနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၈။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကိုဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သညာ)၊ ယောဂ၏ အာရုံ မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့်ယှဉ်သော သညာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၈၉။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သညာ)၊ ယောဂနှင့် မယှဉ်သော သညာက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်နှင့် ယှဉ်သော သညာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသည့် 'အတိက်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂၀) ယောဂဝိပ္ပယုတ္တယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၀။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တ ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂၁) နီဝရဏဂိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁ဝ-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

ဉ၁။ တစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော သညာက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော သဘော 'နီဝရဏ' ၏ အာရုံဖြစ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သောသညာ)၊ နီဝရဏ၏ အာရုံမဟုတ်သော သညာက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော သညာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁- ခုနှင့် ဒုက် ၂၁- ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝမုကနည်း ၂၁- နည်း ပြီး၏။ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သညာပေါင်း (၂၁×၅၅) = ၁၁၅၅ ပါး ဖြစ်၏)။

**တိက်နှင့် ဒုက်တို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝမုက'နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

## (များသော အပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ' နည်း ၂၁- နည်း)

## သတ္တကနည်း

## တိက် ၂၁ - ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီ ဟောသော သတ္တကနည်း

## (၁) ကုသလတိက် သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂) ဝေဒနာတိက် သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပါးပြားသောနည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့ သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာ သည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။ ။

ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(ဤနည်း၌ အသေးစိတ်ရေတွက်ပါမူ သညာပေါင်း (၂၁×၇) = ၁၄၇-ပါး ဖြစ်၏)။

**(ဗဟုဝိဓဝါရသတ္တကနည်း ၂၁-နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## စတုဝီသတိဝိဓနည်း

## တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသောစတုဝီသတိဝိဓနည်း ၂၁-နည်း[1]

၁။ စတုသတိဝိဓနည်း ၂၁- နည်း၌ တစ်နည်း တစ်နည်းအတွက် သညာက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သညာက္ခန္ဓာပေါင်း (၂၁×၂၄) = ၅၀၄-ပါး ဖြစ်သည်။

### (၁) ကုသလတိက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၁-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏။

၄-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၇-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၀-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၆-၁၈။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်း ကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏။

၁၉။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (စက္ခုသမ္ဖဿဇာ သညာ)။

၂၀။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (သောတသမ္ဖဿဇာ သညာ)။

၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ဃာနသမ္ဖဿဇာ သညာ)။

၂၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ဇိဝှါသမ္ဖဿဇာသညာ)။

၂၃။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ကာယသမ္ဖဿဇသညာ)။

၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (မနောသမ္ဖဿဇာ သညာ)။

ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

**(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။**

## (၂) ဝေဒနာတိက် စတုဝီသတိဝိဓနည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိဓနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း

(နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏)

၁-၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။

၄-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၇-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၀-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

[၁၆-၁၈။[၁] စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် သုခဝေဒနာ နှင့် ယှဉ်သော သညာက္ခန္ဓာသည် ရှိ၏။ပ။]

၁၆-၁၈။[၂] (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏။

၁၉-၂၃။ မျက်စိအတွေ့ကြောင့်ဖြစ်သော သညာ 'စက္ခုသမ္ဖဿဇာသညာ'။ပ။

၂၄။ စိတ်အတွေ့ကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ ဤသို့ နှစ်ဆယ့်လေးပါး ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိဓနည်း ပြီး၏)။

(တိက် ၂၁- ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း ပြီး၏။ ဤစတုဝီသတိဝိဓနည်း၌ သညာပေါင်း (၂၁×၂၄) = ၅၀၄-ပါး ဖြစ်၏)။

**(စတုဝီသတိဝိဓနည်း ပြီး၏)။**

၁။ ဤစာပိုဒ်သည် ဒုတိယ စတုဝီသတိဝိဓနည်းဖြစ်သော ဝေဒနာတိက်ကို မနောသမ္ဖဿဖြင့် ဝေဖန်ဟောပြခြင်းကို အဆက် ပြန်ဖော်ခြင်းဖြစ်သည်၊ သုဒ္ဓနည်း ၆ - မျိုးကိုမူ အဇ္ဈတ္တာရမ္မဏတိက်နှင့် တစ်ပေါင်းတည်း ပြု၍ နောက်ဆုံး၌ ဖော်ပြထားသည်။

၂။ ဤစာပိုဒ်သည် နောက်ဆုံးဖြစ်သော အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ ဖော်ပြခြင်း ဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## တိကသဝိနည်း

### ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း

သုံးဆယ်ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကာမ ဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' သညာ က္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည် ကျက်စားရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၉-၁၂။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၁-၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' သညာ က္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည် ကျက်စားရာဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၂၅-၃၀။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (စက္ခုသမ္ဖဿဇာသညာ)။ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ ဤသို့ သုံးဆယ် ပြားသော နည်းအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။ (ဘုံလေးပါးဖြင့် ဖဿ ၆-ပါးကိုဝေဖန်၍ အပြား ၃၀ အားဖြင့် ဟောသော တိကသဝိနည်း ပြီး၏။ ဤတိကသဝိနည်း၌ သညာပေါင်း ၃၀-ပါး ဖြစ်၏)။

**(တိကသဝိနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓနည်း

## တိက် ၂၁- ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့်

## များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း[၁]

၁။ ဤနည်း တစ်နည်း တစ်နည်း၌ သညာပေါင်း ၄၈-ပါး ရှိသည်၊ ထို့ကြောင့် ဗဟုဝိဓနည်း ၂၁- နည်း၌ သညာပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ရှိသည်။

### (၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး

များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် ကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သညာက္ခန္ဓာသည် ရှိ၏၊ အဗျာကတသညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၄၃-၄၈။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (စက္ခုသမ္ဖဿဇာသညာ)။ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)။ ။ ဤသို့ သုံးဆယ် ပြားသောနည်း အားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

## (၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး

ထိုမှတစ်ပါးလည်း များသော အပြားအားဖြင့် သညာက္ခန္ဓာ သည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော သညာက္ခန္ဓာသည်ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး

(ထိုမှတစ်ပါးလည်း များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏)။

၁-၇။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၃၆-၄၂။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သညာက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သညာက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ' သညာက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သညာက္ခန္ဓာသည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (စက္ခုသမ္ဖဿဇာသညာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (သောတသမ္ဖဿဇာ သညာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (ဃာနသမ္ဖဿဇာ သညာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာသညာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (ကာယသမ္ဖဿဇာသညာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော သညာသည် ရှိ၏ (မနောသမ္ဖဿဇာသညာ)။

ဤသို့ များသော အပြားအားဖြင့် သညာက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁- ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁- နည်း ပြီး၏။ ဤဗဟုဝိဓနည်း၌ သညာက္ခန္ဓာပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ဖြစ်၏)။

**(ဗဟုဝိဓနည်း ပြီး၏)။**

## ခန္ဓဝိဘင်္ဂ

ဤဆိုခဲ့ပြီးသော သညာတို့ကို မှတ်သားမှုအစု 'သညာက္ခန္ဓာ'ဟု ဆိုအပ်၏။

[သညာပေါင်းမှာ

| | |
|---|---|
| (၁) ဒုကမူလကနည်း | ၆၀၀၆၀-ပါး |
| (၂) တိကမူလကနည်း | ၆၀၀၆၀-ပါး |
| (၃) ဥဘတောဝဍ္ဎကနည်း | ၁၁၅၅-ပါး |
| (၄) သတ္တကနည်း | ၁၄၇-ပါး |
| (၅) စတုဝီသတိဝိဓနည်း | ၅၀၄-ပါး |
| (၆) တိံသဝိဓနည်း | ၃၀-ပါး |
| (၇) ဗဟုဝိဓနည်း | ၁၀၀၈-ပါး |

ပေါင်း ၁၂၂၉၆၄-ပါး ဖြစ်၏]။

**သညာက္ခန္ဓာ ပြီး၏။**

**(သညာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၄ - သင်္ခါရက္ခန္ဓ (ပြုပြင်စီရင်မှုအစု) [၁]

၁။ သင်္ခါရက္ခန္ဓာဟူသည်မှာ ဝေဒနာ သညာ ကြဉ်သော စေတသိက် ၅၀ - အစုပင် ဖြစ်သည်။

### ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

(ဒုက်တို့ကိုမူတည်ပြီးလျှင် တိက်တို့ကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း)

(ဒုက် ၈၂ - ခုကို မူတည်ပြီးလျှင်[၁] တိက် ၂၁- ခုကို မူလီသွင်း၍ ဟောသော ၁၇၂၂ - နည်း[၂])

၁။ စူဠန္တရဒုက်မှ ပထမဒုက် ၅ -ခုနှင့် မဟန္တရဒုက်မှ ပထမဒုက် ၁၃ -ခု၊ ပေါင်း ဒုက် ၁၈ - ခုတို့ကို သင်္ခါရက္ခန္ဓာ တရား ကိုယ်များ အရမကောက်နိုင်သော ဒုက်ပုဒ်များ ပါဝင်နေသဖြင့် ဤနေရာ၌ မဟောခဲ့ချေ။ ထို့ကြောင့် ဒုက် ၁၀၀ မှ ၁၈-ခုကို ချန်၍ ဒုက် ၈၂-ခုကိုသာ ဟောခြင်း ဖြစ်သည်။

၂။ ဤဒုကမူလကနည်း၌ နည်းပေါင်း (၈၂×၂၁) = ၁၇၂၂-နည်းဖြစ်သည်၊ ဤနည်း ၁၇၂၂ - နည်း၌ တစ်နည်း တစ်နည်းကိုပင် တစ်ဖန် ၁၀-နည်းစီ ထပ်၍ ပွါးပြန်သည်၊ ထိုထပ်ပွါး ၁၀ - နည်း၌ သင်္ခါရက္ခန္ဓာ ၅၅-ပါးရှိသည်၊ ထို့ကြောင့် အသေးစိတ်ရေတွက်သော် သင်္ခါရက္ခန္ဓာပေါင်း (၁၇၂၂×၅၅) = ၉၄၇၁၀-ပါး ဖြစ်သည်။ (ဝေဒနာက္ခန္ဓာ - ဒုက မူလကနည်း စာမျက်နှာ ၇၂ -အောက်ခြေ မှတ်ချက်များကိုလည်း လေ့လာကြည့်ရှုပါ)။

# ခန္ဓဝိဘင်္ဂ

## ၁ - ဟေတုဒုကမူ တိက် ၂၁-ခု မူလီ ၂၁-နည်း

## (၁) ဟေတုဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ပ။ ဒသကနည်း]

၉၂။ ထို (ခန္ဓာငါးပါး) တို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု ‘သင်္ခါရက္ခန္ဓာ’ မည်သနည်း။

**ဧကကနည်း။ ။**

တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဟိတ် ၆-ပါး)၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဟိတ် ၆-ပါး ကြဉ်သော သင်္ခါရက္ခန္ဓာ ၄၄-ပါး)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏။ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏။ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။ ။**

လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ‘ကာမာဝစရ’ သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ‘ရူပါဝစရ’ သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ‘အရူပါဝစရ’ သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော ‘အပရိယာပန္န’ (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

**ပဉ္စကနည်း။ ။**

ငါးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း ‘သုခိန္ဒြေ’ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း ‘ဒုက္ခိန္ဒြေ’ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း ‘သောမနဿိန္ဒြေ’ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု စိတ်နှလုံး မသာယာမှု၌ အစိုးတရ ခံစားခြင်း ‘ဒေါမနဿိန္ဒြေ’ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း ‘ဥပေက္ခိန္ဒြေ’ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ပြုပြင် စီရင်မှုအစု ‘သင်္ခါရက္ခန္ဓာ’ သည် ဖြစ်၏၊

**ဆက္ကနည်း။ ။**

ခြောက်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ (မျက်စိ အကြည် ‘စက္ခုပသာဒ’ နှင့် အဆင်း ‘ရူပါရုံ’ တို့ တွေ့ဆုံထိခိုက်မှု) ‘စက္ခုသမ္ဖဿ’ ကြောင့် ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအတွေ့ (နားအကြည် ‘သောတပသာဒ’ နှင့် အသံ ‘သဒ္ဒါရုံ’ တို့ တွေ့ဆုံထိခိုက်မှု) ‘သောတသမ္ဖဿ’ ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဖဿဇာ စေတနာ)၊

နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာန သမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာ စေတနာ)၊ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါ ပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဇိဝှါ သမ္ဖဿဇာ စေတနာ)၊ ကိုယ်အတွေ့ (ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ဆုံ ထိခိုက်မှု) ကာယ သမ္ဖဿကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။ ။ ဤသို့ ခြောက်ပါး ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**သတ္တကနည်း။ ။**

ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာ စေတနာ)၊ မနောဓာတ်အတွေ့ (ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေစိတ်တို့နှင့် ပဉ္စာရုံတို့ ထိခိုက်မှု) 'မနောဓာတုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ (မနောဓာတုသမ္ဖဿဇာ စေတနာ)၊ မနောဝိညာဏဓာတ်အတွေ့ (ဒွေပဉ္စဝိညာဏ် တစ်ဆယ်နှင့် မနောဓာတ်သုံးပါးကြဉ်သည့် စိတ်တို့နှင့်ဓမ္မာရုံတို့ ထိခိုက်မှု) 'မနော ဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောဝိညာဏဓာတုသမ္ဖဿဇာ စေတနာ)။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**အဋ္ဌကနည်း။ ။**

ရှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခု သမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခဝေဒနာနှင့်တကွ ဖြစ်သော စေတနာသည် ရှိ၏ (ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော စေတနာသည် ရှိ၏၊ မနောဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ သည် ရှိ၏၊ မနောဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**နဝကနည်း။ ။**

ကိုးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏။ပ။ မနောဓာတ်အတွေ့ကြောင့် ဖြစ်သော စေတနာသည် ရှိ၏၊ မနော ဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော ကုသိုလ်စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ် အတွေ့ ကြောင့်ဖြစ်သော) အကုသိုလ်စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) အဗျာကတစေတနာသည် ရှိ၏။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**ဒသကနည်း။ ။**

ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာသည် ရှိ၏။ပ။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော သုခ ဝေဒနာနှင့်တကွဖြစ်သော စေတနာသည် ရှိ၏၊ (ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော) ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စေတနာသည် ရှိ၏၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော စေတနာသည် ရှိ၏၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော ကုသိုလ်စေတနာသည် ရှိ၏၊ (မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော) အကုသိုလ် စေတနာသည် ရှိ၏။ (မနော ဝိညာဏဓာတ်အတွေ့ကြောင့်

ဖြစ်သော) အဗျာတကစေတနာသည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂) ဟေတုဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၃။ ။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ ဤ 'ဟေတုဒုကမူ-ဝေဒနာတိကမူလီ' မှစ၍ ကျန်သော တိကမူလီများ၌ ၁၀-နည်းစလုံးကို မပြတော့ချေ၊ 'ဟေတု ဒုကမူ-ကုသလတိကမူလီ' ၌ ပြဆိုသည့်အတိုင်း ချဲ့ထွင်သိပါလေ။

## (၃) ဟေတုဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၄) ဟေတုဒုကမူ - ဥပါဒိန္နတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံ

ဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၅) ဟေတုဒုကမူ - သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ် တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်းမဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၆) ဟေတုဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၇) ဟေတုဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သုခဝေဒနာနှင့်တကွ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၈) ဟေတုဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သင်္ခါရက္ခန္ဓာ သည် ရှိ၏။ပ။

## (၉) ဟေတုဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၁၀) ဟေတုဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) ပြုပြင်စီရင်မှုအစု 'အာစယဂါမိ သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) ပြုပြင်စီရင်မှုအစု 'အပစယဂါမိသင်္ခါရက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၁) ဟေတုဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ (အရဟတ္တ ဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ် စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၂) ဟေတုဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော (ကာမတရားဖြစ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကာမစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် ရာဂ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၃) ဟေတုဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံ ပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော သင်္ခါရက္ခန္ဓာ သည် ရှိ၏။ပ။

## (၁၄) ဟေတုဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန' သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အလယ် အလတ်ဖြစ်သော 'မဇ္ဈိမ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ မြင့်မြတ်သော 'ပဏီတ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ရှိသော သင်္ခါရ က္ခန္ဓာ)။ပ။

## (၁၅) ဟေတုဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်၌) အကျိုးပေးမြဲသော ပြုပြင်စီရင်မှုအစု 'မိစ္ဆတ္တနိယတသင်္ခါရက္ခန္ဓာ' သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါး၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော ပြုပြင် စီရင်မှုအစု 'သမ္မတ္တနိယတသင်္ခါရက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် ယှဉ်သော သင်္ခါက္ခန္ဓာ)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေးမမြဲသော ပြုပြင်စီရင်မှုအစု 'အနိယတသင်္ခါရက္ခန္ဓာ' သည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၆) ဟေတုဒုကမူ - မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ = ပညာ = အမောဟ) ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ = ပညာ = ဝီမံသာဓိပတိ, သမ္မာဝါယာမ = ဝီရိယာဓိပတိ) ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော ဝီမံသာဓိပတိနှင့် သမ္မာဝါယာမမဂ္ဂင် ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၇) ဟေတုဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## (၁၈) ဟေတုဒုကမူ-အတီတတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော 'အတိက်' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၁၉) ဟေတုဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသည့် 'အတိက် 'တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၂၀) ဟေတုဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## (၂၁) ဟေတုဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(ဟေတုဒုက်ကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဟေတုဒုကမူလကနည်း ၂၁-နည်း ပြီး၏။ ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၅၅) = ၁၁၅၅-ပါး ဖြစ်၏)။

**(ဟေတုဒုကမူ-တိကမူလီ ၂၁-နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၂ - သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း[၁]

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၄။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

၁။ ဤအမှတ် ၂ - 'သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း'ကို အမှတ် ၁- 'ဟေတုဒုကမူ-တိက် ၂၁-ခု မူလီ' အတိုင်း အသေးစိတ် ဖော်ပြရမည် ဖြစ်သည်၊ သို့သော်လည်း နည်းပြပြီးဖြစ်၍ သိသာပြီဖြစ်သောကြောင့် အကျဉ်း ချုံး၍ ပြထားသည်၊ အမှတ် ၈၁-သဥတ္တရဒုကမူ-တိက် ၂၁-ခု မူလီ အထိ ဤနည်းအတိုင်း အကျဉ်းချုံး၍ ပြထား သည်။

## ၃ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄ - ဟေတုသဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်လည်း မည်၍ ဟိတ်လည်းရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မောဟမူဒွေ၌ရှိသည့် မောဟ ကြဉ်သော လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ)၊ ဟိတ်သာရှိ၍ ဟိတ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဟိတ်ခြောက်ပါးကြဉ်သော သဟိတ်စိတ် ၇၁-ပါး၌ ရှိသည့် သင်္ခါရ က္ခန္ဓာ)။ပ။

## ၅ - ဟေတု ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိ သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇ - လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၈ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၉ - အာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးနေတတ် ဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ' (လောဘ, ဒိဋ္ဌိ, မောဟ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အာသဝ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၁၀ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝ၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## ၁၁ - အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ အာသဝနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၁၂ - အာသဝ သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။ပ။

## ၁၃ - အာသဝ အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘမူစိတ်၌ ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အာသဝတရားကိုယ် ၃-ပါးကြဉ်သည့် အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၁၄ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၁၅ - သံယောဇနဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်နှင့်ဆင်းရဲ၌) ယှဉ်စေတတ်သော နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၁၆ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သံယောဇဉ်၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၁၇ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သံယောဇဉ်နှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၁၈ - သံယောဇန သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၁၉ - သံယောဇန သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၂၀ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၂၁ - ဂန္ထဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝင်္နဲဆင်းရဲ၍) ဆက်စပ် ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ' (လောဘ, ဒေါသ, ဒိဋ္ဌိ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဂန္ထမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၂၂ - ဂန္ထနိယဒုကမူ-တိက် ၂၁ - ခု မူလီ ၂၁-နည်း

ဂန္ထ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဂန္ထ၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၂၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၂၄ - ဂန္ထဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ ဂန္ထ၏ အာရုံသာ ဖြစ်၍ ဂန္ထမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသော ဂန္ထတရားကိုယ်ကြဉ်သည့် သင်္ခါရက္ခန္ဓာ)။ပ။

## ၂၅ - ဂန္ထဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၁၀-နည်း

ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ, ဒိဋ္ဌိ)၊ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (လောဘမူ ဒေါသမူ စိတ်တို့၌ ရှိသော ဂန္ထတရား ကိုယ်ကြဉ်သည့် သင်္ခါရက္ခန္ဓာ)။ပ။

## ၂၆ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘမူ ဒေါသမူကြဉ်သော လောကီစိတ်တို့၌ရှိသည့် သင်္ခါရက္ခန္ဓာ)၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၂၇ - ဩဃဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝင်္နဲဆင်းရဲ၍) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' (လောဘ, ဒိဋ္ဌိ, မောဟ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဩဃ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၂၈ - ဩဇာနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဇာ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ ဩဇာ၏ အာရုံမဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၂၉ - ဩဇာသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဇာနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဩဇာနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၀ - ဩဇာ ဩဇာနိယဒုကမူ - တိက် ၂၁ - ခု မူလီ ၂၁ - နည်း

ဩဇာလည်း မည်၍ ဩဇာ၏ အာရုံလည်း ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ ဩဇာ၏ အာရုံသာဖြစ်၍ ဩဇာမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ ကြဉ်သော လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၃၁ - ဩဇာ ဩဇာသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဇာလည်းမည်၍ ဩဇာနှင့်လည်းယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဩဇာနှင့်သာ ယှဉ်၍ ဩဇာ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၂ - ဩဇာဝိပ္ပယုတ္တဩဇာနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဇာနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဇာ၏ အာရုံသာ ဖြစ်သော သင်္ခါရက္ခန္ဓာ သည် ရှိ၏၊ ဩဇာနှင့်လည်း မယှဉ်မူ၍ ဩဇာ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၃ - ယောဂဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်၌ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' (လောဘ, ဒိဋ္ဌိ, မောဟ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ယောဂမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၄ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၅ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၆ - ယောဂ ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂလည်း မည်၍ ယောဂ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံသာဖြစ်၍ ယောဂမ မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၇ - ယောဂ ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁ - ခု မူလီ ၂၁ - နည်း

ယောဂလည်း မည်၍ ယောဂနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘမူစိတ်၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)၊ ယောဂနှင့်သာ ယှဉ်၍ ယောဂ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၈ - ယောဂ ဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၃၉ - နီဝရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ဈာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၀ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏ၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၁ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၂ - နီဝရဏ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၃ - နီဝရဏ နီဝရဏသမ္ပယုတ္တယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၄ - နီဝရဏ ဝိပ္ပယုတ္တ နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၅ - ပရာမာသဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ပရာမာသ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၆ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ ပရာမာသ၏ အာရုံမဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။

## ၄၇ - ပရာမာသသမ္ပယုတ္တဒုကမူ - တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၈ - ပရာမာသ ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၄၉ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၀ - ဥပါဒိဏ္ဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့်ဖြစ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံ၏ အကျိုးဝိပါက် မဟုတ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## ၅၁ - ဥပါဒါနဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' (တဏှာ, ဒိဋ္ဌိ) မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၂ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံ မဟုတ် သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၃ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့် မယှဉ်သော သင်္ခါရ က္ခန္ဓာသည် ရှိ၏။ ပ။

## ၅၄ - ဥပါဒါန ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံ သာ ဖြစ်၍ ဥပါဒါန် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၅ - ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၆ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၇ - ကိလေသဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ‘ကိလေသာ’ မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ကိလေသာ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၈ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ‘ကိလေသာ’ ၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ကိလေသာ၏ အာရုံမဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၅၉ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာတို့သည် ပူပန်စေအပ်သော (ကိလေသာတို့နှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ အကုသိုလ်စိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော (ကိလေသာတို့နှင့် မယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)။ပ။

## ၆၀ - ကိလေသ သမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၁ - ကိလေသ သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၂ - ကိလေသ သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်သော (ကိလေသာတို့နှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကိလေသာဆယ်ပါး)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကိလေသာ ဆယ်ပါးမှတစ်ပါး အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ကြွင်းသည့် သင်္ခါရက္ခန္ဓာ)။ပ။

## ၆၃ - ကိလေသ ကိလေသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၅ - ဒဿနေန ပဟာတဗ္ဗ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ဝိစိကိစ္ဆာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ် မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် ဝိစိကိစ္ဆာစိတ်တို့ ကြဉ်အပ်သည့် အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၆၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခု၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသည့် မောဟကြဉ်သော သင်္ခါရက္ခန္ဓာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော (ဟိတ်နှင့်မယှဉ်သော) သင်္ခါရက္ခန္ဓာ သည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟ)။ပ။

## ၆၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးနှင့် ဒေါသမူဒွေတို့၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သည့် သင်္ခါရက္ခန္ဓာ)၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဓမ္မသင်္ဂဏီပုဒ်ရေ ၁၅၈၈)။ပ။

## ၆၉ - သဝိတက္က ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဝိတက်မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၀ - သဝိစာရ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သဝိစာရစိတ် ၆၆-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဝိစာရမရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ပီတိမရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိနှင့် တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ ပီတိနှင့်တကွ မဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၃ - သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သုခဝေဒနာနှင့်တကွ ဖြစ်သော (သုခဝေဒနာနှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သုခဝေဒနာနှင့်တကွ မဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၄ - ဥပေက္ခာသဟဂတ ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော (ဥပေက္ခာဝေဒနာနှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ မဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၇ - အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'အရူပါဝစရ' သဒ်္ဒါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ မဖြစ်သော သဒ်္ဒါရက္ခန္ဓာသည် ရှိ၏။ပ။

## ၇၈ - ပရိယာပန္န ဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးဝင်သော 'ပရိယာပန္န' သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သဒ်္ဒါရက္ခန္ဓာ)၊ ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော သဒ်္ဒါရက္ခန္ဓာ)။ပ။

## ၇၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပြုပြင်စီရင်မှုအစု 'နိယျာနိက' သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး၌ရှိသော သဒ်္ဒါရက္ခန္ဓာ)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ပြုပြင်စီရင်မှုအစု 'အနိယျာနိက'သဒ်္ဒါရက္ခန္ဓာ' သည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သဒ်္ဒါရက္ခန္ဓာ)။ပ။

## ၈၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အကျိုးပေးမြဲသော သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ခု၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံငါးပါးကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော, မဂ်စိတ် ၄-ပါးတို့၌ရှိသော သဒ်္ဒါရက္ခန္ဓာ)၊ အကျိုးပေး မမြဲသော သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သဒ်္ဒါရက္ခန္ဓာ)။ပ။

## ၈၁ - သဉတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မိမိထက် လွန်မြတ်သော တရားရှိသော ပြုပြင်စီရင်မှုအစု 'သဉတ္တရ' သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသော သဒ်္ဒါရက္ခန္ဓာ)၊ မိမိထက်လွန်မြတ်သော တရားမရှိသော ပြုပြင်စီရင်မှု အစု 'အနုတ္တရ' သဒ်္ဒါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ရှိသော သဒ်္ဒါရက္ခန္ဓာ)။ပ။

## ၈၂ - သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

## (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဒုကနည်း, တိကနည်း, ။ပ။ ဒသကနည်း]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ ပ။ ဒသကနည်း]

**ဧကကနည်း**

၉၅။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ တည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂအစ ရှိသော ကိလေသာ) ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရ က္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) သရဏဒုကမူ-ဝိပါကတိကမူလီမှ အမှတ် (၂၀) သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ အထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

## (၂၁) သရဏဒုကမူ - အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သဠ်ါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(ဒုက် ၈၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း (၈၂×၂၁) = ၁၇၂၂-နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၈၂×၂၁×၅၅) = ၉၄၇၁၀-ပါး ဖြစ်၏)။

**ဒုက်ကို မူတည်၍ ဟောသော 'ဒုကမူလက' နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၈၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း ၂၁×၈၂) = ၁၇၂၂-နည်း)

(အရကောက်အားဖြင့် သင်္ခါရက္ခန္ဓာ အပြည့်အစုံရသော တိက်နှင့် ဒုက်များကိုသာ ဤနည်း၌ ဟောထားသည်။ (စာမျက်နှာ ၁၄၆-၌ အောက်ခြေမှတ်ချက်ကြည့်ပါ)။)

### ၁ - ကုသလတိကမူ-ဒုက် ၈၂-ခု မူလီ

### (ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၈၂-ခုကို မူလီသွင်း၍ ဟောသော ၈၂-နည်း)

### (၁) ကုသလတိကမူ-ဟေတုဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၆။ တစ်ပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ)၊ ဟိတ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ပ။[၁]

၁။ အမှတ် (၂) ကုသလတိကမူ- သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၈၁) ကုသလတိကမူ- သဥတ္တရ ဒုကမူလီ ၁၀-နည်းအထိ (ကုသလတိကမူ ၈၀-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၈၂) ကုသလတိကမူ-သရဏ ဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၇။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည်ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည်ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ' သင်္ခါရက္ခန္ဓာသည်ရှိ၏၊ (အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည်ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ပ။[1]

၁။ အမှတ်၂-ဝေဒနာတိကမူ-ဒုက်၈၂-ခု မူလီမှ အမှတ်၂၀-အဇ္ဈတ္တတိကမူ-ဒုက်၈၂-ခု မူလီ အထိ (ပေါင်း ၁၉-တိက်မူ တို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## ၂၁ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၈၂-ခုမူလီ ၈၂-နည်း

## (၁) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၉၈။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ပ။[1]

၁။ အမှတ် (၂) အဇ္ဈတ္တာရမ္မဏတိကမူ- သဟေတုက ဒုကမူလီ ၁၀-နည်းမှ အမှတ် (၈၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဥတ္တရဒုကမူလီ ၁၀-နည်း အထိ (အဇ္ဈတ္တာရမ္မဏတိကမူ ၈၀-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၈၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

### ဧကကနည်း

၉၉။ တစ်ပါးပြားသော နည်းအားဖြင့် သဠာရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ တည်း။

### ဒုကနည်း။ ။

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂ အစရှိသော ကိလေသာ) ရှိသော ပြုပြင်စီရင်မှုအစု 'သရဏ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂ အစ ရှိသော ကိလေသာ) မရှိသော ပြုပြင်စီရင်မှုအစု 'အရဏသင်္ခါရက္ခန္ဓာ' သည် ရှိ၏။

### တိကနည်း။ ။

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံ ပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၈၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၈၂×၂၁) =၁၇၂၂-နည်းပြီး၏။ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၈၂× ၂၁×၅၅) =၉၄၇၁၀-ပါး ဖြစ်၏)။

**တိက်ကို မူတည်၍ ဟောသော 'တိကမူလက'နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဥဘတောဝဍ္ဎကနည်း

## (တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎကနည်း ၂၁-နည်း)

(ဥဘတောဝဍ္ဎကနည်း ၂၁-နည်း၌ တစ်နည်း တစ်နည်းစီအတွက် ထပ်၍ ၁၀-နည်းစီ ပွါးပြန်သည်။)

### (၁) ဟေတုဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀-နည်း[၁]

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၀။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁။ ဤထပ်ပွါး ၁၀-နည်း၌ အသေးစိတ် ရေတွက်သော် သင်္ခါရက္ခန္ဓာပေါင်း ၅၅-ပါး ဖြစ်၏။

### (၂) သဟေတုကဒုက်နှင့် ဝေဒနာတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၁။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ အဒုက္ခ မသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၃) ဟေတုသမ္ပယုတ္တဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၂။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည်ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၄) ဟေတု သဟေတုကဒုက်နှင့် ဥပါဒိန္နုပါဒါနိယတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၃။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်လည်းမည်၍ ဟိတ်လည်း ရှိသော (ဟိတ်နှင့်လည်းယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်သာ ရှိ၍ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း॥ ॥**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်နှင့် သံကိလိဋ္ဌတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၄။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း॥ ॥**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိသော (ဟိတ်နှင့်လည်း ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း॥ ॥**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာနှင့်လည်း ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၆) နဟေတု သဟေတုကဒုက်နှင့် သဝိတက္ကတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၅။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော (ဟိတ်နှင့်သာယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရလည်း ရှိသော (ဝိတက် ဝိစာရတို့နှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန် စိတ် ၁၁-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၇) လောကိယဒုက်နှင့် ပီတိတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၆။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ လောက၌ အကျုံးဝင်သော 'လောကီ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ပီတိနှင့်တကွ ဖြစ်သော (ပီတိနှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သုခဝေဒနာနှင့် တကွဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၈) ကေနစိဝိညေယျဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၇။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါး၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဝိစိကိစ္ဆာစိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၉) အာသဝဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၈။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခု၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသည့် မောဟကြဉ်သော သင်္ခါရက္ခန္ဓာ)၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဒွေတို့၌ ရှိသော သင်္ခါရက္ခန္ဓာနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသည့် မောဟကြဉ်သော သင်္ခါရက္ခန္ဓာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း

မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာနှင့် မောဟမူဒွေ၌ရှိသော မောဟ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သာသဝဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၀၉။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ အာသဝ၏ အာရုံ မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော ပြုပြင်စီရင်မှုအစု 'အာစယဂါမိ သင်္ခါရက္ခန္ဓာ' သည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပြုပြင်စီရင်မှု အစု 'အပစယဂါမိ သင်္ခါရက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်လေးပါး၌ရှိသော သင်္ခါရက္ခန္ဓာ)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၁) အာသဝသမ္ပယုတ္တဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၀။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော ဝေဒနာနှင့် သညာကြဉ်သည့် စေတသိက်များ)၊ အာသဝနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာနှင့် သညာကြဉ်သည့် စေတသိက်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် (မဂ်ပုဂ္ဂိုလ် ၄-ယောက်, အောက်ဖိုလ်ပုဂ္ဂိုလ်၃-ယောက် ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်သုံးပါးတို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊(အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' ပုဂ္ဂိုလ် (ရဟန္တာ)တို့၏ ဥစ္စာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ် စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီ စိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၂) အာသဝသာသဝဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၁။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာဖြစ်၍ အာသဝမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အာသဝတရားကိုယ် သုံးပါးကြဉ်သည့် လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကာမစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၃) အာသဝ အာသဝသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၂။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘမူစိတ်၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား)ကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၄) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၃။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန' သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ အလယ်အလတ် ဖြစ်သော 'မဇ္ဈိမ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မြင့်မြတ်သော 'ပဏီတ' သင်္ခါရက္ခန္ဓာသည် ရှိ၏ (လေကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၅) သံယောဇနဒုက်နှင့် မိစ္ဆတ္တနိယတတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၄။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်၌ရဲ၌) အကျိုးပေးမြဲသော ပြုပြင်စီရင်မှုအစု 'မိစ္ဆတ္တနိယတ သင်္ခါရက္ခန္ဓာ' သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယ ကံငါးပါးကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော ပြုပြင်စီရင်မှုအစု 'သမ္မတ္တနိယတ သင်္ခါရက္ခန္ဓာ' သည် ရှိ၏ (မဂ်စိတ်လေးပါး၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေးမမြဲသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၆) သံယောဇနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၅။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ သံယောဇဉ်၏ အာရုံမဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိ မည်သော ပညာ= အမောဟဟိတ်နှင့် ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (မဂ္ဂင်မည်သော သမ္မာဒိဋ္ဌိ= အမောဟ = ပညာကြဉ်သည့် မဂ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)၊ မဂ်မည်သော အကြီးအမှူးရှိသော (ဝီမံသာဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ= အမောဟ= ပညာ, ဝီရိယာဓိပတိဖြစ်သော သမ္မဝါယာမ= ဝီရိယတို့နှင့်

ယှဉ်သော) သင်္ခါရက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော ဝီမံသာဓိပတိ= အမောဟ= ပညာ, သမ္မာဝါယာမ မည်သော ဝီရိယာဓိပတိ = ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ [၁]

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁။ ဝီမံသာဓိပတိတပ်ခိုက်၌ ပညာကိုကြဉ်၍၊ ဝီရိယာဓိပတိ တပ်ခိုက်၌ ဝီရိယကို ကြဉ်ပြီးလျှင် သင်္ခါရက္ခန္ဓာကို အရကောက်ပါလေ။

## (၁၇) သံယောဇနသမ္ပယုတ္တဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၆။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)၊ သံယောဇဉ်နှင့် မယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (နောင်ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ မချွတ် ဧကန်ဖြစ်လတ္တံ့သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၈) သံယောဇန သံယောဇနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၇။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၁၉) သံယောဇန သံယောဇနသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၈။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂၀) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၁၉။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တ

ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော သဠာရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂၁) ဂန္ထဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၀။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ'မည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ ဂန္ထမမည်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီ ထား၍ ပွါးသော 'ဥဘတောဝဍ္ဎက' နည်းပြီး၏။ အသေးစိတ်ရေတွက်သော် ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၅၅) = ၁၁၅၅-ပါး ဖြစ်၏)။

**တိက်နှင့်ဒုက်တို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝဍ္ဎက'နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

## (များသောအပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ' နည်း ၂၁-နည်း)

## သတ္တကနည်း

## (တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း ၂၁-နည်း)

### (၁) ကုသလတိက် သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှုအစု 'ကုသိုလ်သင်္ခါရက္ခန္ဓာ' သည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှုအစု 'အကုသိုလ် သင်္ခါရက္ခန္ဓာ' သည် ရှိ၏၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော ပြုပြင်စီရင်မှုအစု 'အဗျာကတသင်္ခါရက္ခန္ဓာ' သည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

### (၂) ဝေဒနာတိက် သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပြားသောနည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။ ။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ သုခ ဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံ ပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။ ။ ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(သတ္တကနည်း ၂၁-နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၇) = ၁၄၇-ပါး ဖြစ်၏)။

**(ဗဟုဝိဓဝါရ သတ္တကနည်း ၂၁-နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ဝစတုဝီသတိဝိဓနည်း

## တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော

## စတုဝီသတိဝိဓနည်း ၂၁-နည်း

(စတုဝီသတိဝိဓနည်း ၂၁-နည်း၌ တစ်နည်း တစ်နည်းအတွက် သင်္ခါရက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၂၄) =၅၀၄-ပါး ဖြစ်သည်။)

## စတုဝီသတိဝိဓနည်း ၂၁-နည်း[၁]

## (၁) ကုသလတိက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာလည်း ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရက္ခန္ဓာလည်း ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာလည်း ရှိ၏။

၁၉-၂၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)။ပ။

၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။**

၁။ စတုဝီသတိဝိဓနည်း ၂၁-နည်း၌ တစ်နည်း တစ်နည်းအတွက် သင်္ခါရက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၂၄) =၅၀၄-ပါး ဖြစ်သည်။

## (၂) ဝေဒနာတိက် စတုဝီသတိဝိနေည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်း အားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခ ဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာလည်း ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိနေည်းမှ အမှတ် (၂၀) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိ နည်းအထိ (စတုဝီ သတိဝိနေည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၂၀) အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိနေည်း

၁-၂-၃။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရ က္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ [မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့် ဖြစ်သော စေတနာ။ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ]။[၁]

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့် (သောတသမ္ဖဿပစ္စယာ)။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့် (ဃာနသမ္ဖဿပစ္စယာ)။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့် (ဇိဝှါသမ္ဖဿပစ္စယာ)။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့် (ကာယသမ္ဖဿပစ္စယာ)။ပ။

[၁၆-၁၇-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။][၂]

၁၆-၁၇-၁၈။[၃] (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာ သည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။

၁၉။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)။

၂၀။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဖဿဇာစေတနာ)။

၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာစေတနာ)။

၂၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာစေတနာ)။

၂၃။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာစေတနာ)။

၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

**(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိနေည်း ပြီး၏)။**

(တိက် ၂၁-ခုကို ဖသ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤစတုဝီသတိဝိဓနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၂၄) =၅၀၄-ပါး ဖြစ်၏)။

## (စတုဝီသတိဝိဓနည်း ပြီး၏)။

၁။ ဤစာပိုဒ်မှာ ပါဠိတော်၌ ပါရှိနေသဖြင့်သာ အနက် ပြန်ဆိုရေးသားလိုက်ပါသည်။ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာ ဖြစ်ပါသည်။

၂။ ဤစာပိုဒ်သည် ဒုတိယစတုဝီသတိဝိဓနည်းဖြစ်သော ဝေဒနာတိက်ကို မနောသမ္ဖဿဖြင့် ဝေဖန် ဟောပြသည့် အဆက်ကို ပြန်ဖော်ခြင်းဖြစ်သည်။ သုဒ္ဓနည်း ၆-ပါးကိုမူ တစ်ပေါင်းတည်းပြုပြီးလျှင် နောက်ဆုံး၌ ဖော်ပြထားသည်။ စင်စစ်အားဖြင့် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေသည်။

၃။ ဤစာပိုဒ်သည် နောက်ဆုံးဖြစ်သော အဇ္ဈတ္တာရမ္မဏတိက်ကို အစီအစဉ်အရ ဖော်ပြခြင်း ဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## တိကသဝိနည်း

### (ဘုံလေးပါးဖြင့် ဖသ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း)

သုံးဆယ်ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၉-၁၂။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၆။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၁-၂၄။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၂၅-၂၉။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ စေတနာ) ။ပ။

၃၀။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (မနောသမ္ဖဿဇာ စေတနာ)။ ဤသို့ သုံးဆယ်ပြားသော နည်းအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖသ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း ပြီး၏။ ဤတိကသဝိနည်း၌ သင်္ခါရက္ခန္ဓာပေါင်း ၃၀-ပါး ဖြစ်၏)။

**(တိကသဝိနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓနည်း

တိက် ၂၁-ခုကို ဘုံလေးပါး ဖသ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁-နည်း

(ဤနည်း တစ်နည်း တစ်နည်း၌ သင်္ခါရက္ခန္ဓာပေါင်း ၄၈-ပါး ရှိ၏၊ ဗဟုဝိဓနည်း ၂၁-နည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ဖြစ်၏။)

### (၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး

များသောအပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည် ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို ့တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် ကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဖဿဇာ စေတနာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဖဿဇာ စေတနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာ စေတနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။ ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

## (၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး

ထိုမှ တစ်ပါးလည်း များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

၁-၄၈။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်း တို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး

၁-၇။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သေ ၁သင်္ခါရက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

[၃၆-၄၂။[၁] စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည် သုခဝေဒနာ နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာသည် ရှိ၏။ပ။ '

၃၆-၄၂။[၂] (စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရက္ခန္ဓာသည် ရှိ၏။ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည် ရာဖြစ်သော) 'ရူပါဝစရ' သင်္ခါရက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ'

သင်္ခါရက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) သင်္ခါရက္ခန္ဓာ သည် ရှိ၏။

၄၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ စေတနာ)။

၄၄။ နားအတွေ့ 'သောတသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (သောတသမ္ဖဿဇာ စေတနာ)။

၄၅။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ စေတနာ)။

၄၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာစေတနာ)။

၄၇။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ကာယသမ္ဖဿဇာ စေတနာ)။

၄၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (မနောသမ္ဖဿဇာ စေတနာ)။ ။ ဤသို့ များသော အပြားအားဖြင့် သင်္ခါရက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို ဘုံလေးပါး, ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသော အပြားရှိသော ဗဟုဝိဓ နည်း ၂၁-နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤဗဟုဝိဓနည်း၌ သင်္ခါရက္ခန္ဓာပေါင်း (၂၁×၄၈)= ၁၀၀၈-ပါး ဖြစ်၏။)

**(ဗဟုဝိဓနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

ဤဆိုအပ်ခဲ့ပြီးသော သင်္ဂါရတို့ကို ပြုပြင်စီရင်မှုအစု 'သင်္ဂါရကဏ္ဍ'ဟု ဆိုအပ်၏။

[သင်္ဂါရကဏ္ဍပေါင်းမှာ

| | |
|---|---|
| (၁) ဒုကမူလကနည်း | ၉၄၇၁၀-ပါး |
| (၂) တိကမူလကနည်း | ၉၄၇၁၀-ပါး |
| (၃) ဥဘတောဝမုကနည်း | ၁၁၅၅-ပါး |
| (၄) သတ္တကနည်း | ၄၇-ပါး |
| (၅) စတုဝီသတိဝိခနည်း | ၅၀၄-ပါး |
| (၆) တိံသဝိခနည်း | ၃၀-ပါး |
| (၇) ဗဟုဝိခနည်း | ၁၀၀၈-ပါး |

ပေါင်း ၁၉၂၂၆၄-ပါး ဖြစ်၏]။

**သင်္ဂါရကဏ္ဍ ပြီး၏။**

**(သင်္ဂါရကဏ္ဍတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း ပြီး၏)။**

၁။ အဋ္ဌုတ္တာရမ္မဏတိက်ကို အမှတ် ၃၅-တွင် ရပ်၍ ဝေဒနာတိက်မှ အမှတ် ၃၆-၄၂ ကို သတိရရန် ပြန်၍ ဖော်ပြခြင်း ဖြစ်သည်။ စင်စစ် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေနိုင်သည်။

၂။ ဤစာပိုဒ်သည် အဋ္ဌုတ္တာရမ္မဏတိက် ဗဟုဝိခနည်းကို အစီအစဉ်အရ ဖော်ပြခြင်းဖြစ်သည်၊ ထို့နောက်မှ ဖဿ ၆-ပါး သက်သက်ကို ဆက်လက်ထည့်သွင်းပြီးလျှင် ရေတွက်၍ပြသည်။

# ခန္ဓဝိဘင်္ဂ

## ၅ - ဝိညာဏက္ခန္ဓ (သိမှုအစု)

## ဒုကမူလကနည်း (ဒုကမူ-တိကမူလီ)

## ဒုက်တို့ကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း

(ဒုက် ၅၂-ခု[၁]ကို မူတည်၍ တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသောနည်း (၅၂×၂၁) = ၁၀၉၂-နည်း)[၂]

၁။ ဝိညာဏက္ခန္ဓာ တရားကိုယ်များ အရ မကောက်နိုင်သော ဒုက်ပုဒ်များ ပါဝင်နေသည့် ဒုက် ၄၈-ခုကို မဟောချေ။

၂။ ဤဝိညာဏက္ခန္ဓာ ဒုကမူလကနည်း၌ နည်းပေါင်း (၅၂×၂၁)= ၁၀၉၂-နည်း ဖြစ်သည်၊ ဤနည်း ၁၀၉၂-နည်း၌ တစ်နည်း တစ်နည်းကိုပင် တစ်ဖန် ၁၀-နည်းစီ ထပ်၍ ပွါးပြန်သည်၊ ထိုထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာ ၅၅-ပါး ရှိသည်၊ ထို့ကြောင့် အသေးစိတ် ရေတွက်သော် ဝိညာဏက္ခန္ဓာပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀- ပါး ဖြစ်သည်။)

## ၁ - သဟေတုကဒုကမူ တိက် ၂၁-ခု မူလီ ၂၁ -နည်း

## (၁) သဟေတုကဒုကမူ ကုသလတိကမူလီ ၁၀ - နည်း[၁]

[ဧကကနည်း၊ ဒုကနည်း၊ တိကနည်း။ပ။ ဒသကနည်း]

၁၂၁။ ထို (ခန္ဓာ ငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏက္ခန္ဓာ' မည်သနည်း။

**ဧကကနည်း။ ။**

တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာ တည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကုသိုလ်,အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ဝိညာဏက္ခန္ဓာသည် ရှိ၏။

**စတုက္ကနည်း။ ။**

လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာ သည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏။

**ပဉ္စကနည်း။ ။**

ငါးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု စိတ်နှလုံးမသာယာမှု၌ အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း 'ဥပေက္ခိန္ဒြေ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**ဆက္ကနည်း။ ။**

ခြောက်ပါးပြားသော နည်းအားဖြင့် သိမှုအစု ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**သတ္တကနည်း။ ။**

ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေ)၊ (အာရုံခြောက်ပါးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (ကြွင်းသောစိတ်များ)။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**အဋ္ဌကနည်း။ ။**

ရှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ သုခဝေဒနာနှင့်တကွ ဖြစ်သော ကာယဝိညာဏ်၊ ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော ကာယဝိညာဏ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**နဝကနည်း။ ။**

ကိုးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ် မနောဝိညာဏဓာတ်၊ အကုသိုလ် မနောဝိညာဏဓာတ်၊ အဗျာကတ မနောဝိညာဏဓာတ်။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**ဒသကနည်း။ ။**

ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်။ပ။ သုခဝေဒနာနှင့်တကွဖြစ်သော ကာယဝိညာဏ်၊ ဒုက္ခဝေဒနာနှင့်တကွဖြစ်သော ကာယဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ် မနောဝိညာဏဓာတ်၊ အကုသိုလ် မနောဝိညာဏဓာတ်၊ အဗျာကတ မနောဝိညာဏဓာတ်။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ (သဟေတုကဒုကမူ-ကုသလတိကမူလီ ၁၀-နည်း ဖြစ်၏၊ ဤ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၁၀×၅၅) = ၅၅၀-ပါး ဖြစ်၏)။

၁။ ဤ ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။

## (၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## (၃) သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်များ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်များ)။ပ။

## (၄) သဟေတုကဒုကမူ-ဥပါဒိန္နတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက် စိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## (၅) သဟေတုကဒုကမူ-သံကိလိဋ္ဌတိကမူလီ ၁၀-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍)

ကိလေသာတို့၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်းမယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## (၆) သဟေတုကဒုကမူ-ဝိတက္ကတိကမူလီ ၁၀-နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## (၇) သဟေတုကဒုကမူ-ပီတိတိကမူလီ ၁၀-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး)၊ သုခဝေဒနာနှင့်တကွ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။ပ။

## (၈) သဟေတုကဒုကမူ-ဒဿနတိကမူလီ ၁၀-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ် ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ပ။

## (၉) သဟေတုကဒုကမူ-ဒဿနဟေတုတိကမူလီ ၁၀-နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ပ။

## (၁၀) သဟေတုကဒုကမူ-အာစယဂါမိတိကမူလီ ၁၀-နည်း

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော 'အာစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်များ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့် ကြိယာစိတ်များ)။ပ။

## (၁၁) သဟေတုကဒုကမူ-သေက္ခတိကမူလီ ၁၀-နည်း

(အရဟတ္တဖိုလ်ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်သုံးပါး)၊ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ် ၈၁-ပါး)။ပ။

## (၁၂) သဟေတုကဒုကမူ-ပရိတ္တတိကမူလီ ၁၀-နည်း

နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကာမစိတ်များ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်များ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် (ရာဂအစရှိသော) ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်ရှစ်ပါး)။

## (၁၃) သဟေတုကဒုကမူ-ပရိတ္တာရမ္မဏတိကမူလီ ၁၀-နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (မနှိုင်းယှဉ်အပ်သော လောကုတ္တရာတရား) ကို အာရုံ ပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## (၁၄) သဟေတုကဒုကမူ-ဟီနတိကမူလီ ၁၀-နည်း

ယုတ်ညံ့သော 'ဟီန' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အလယ်အလတ် ဖြစ်သော 'မဇ္ဈိမ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ မြင့်မြတ်သော 'ပဏီတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ပ။

## (၁၅) သဟေတုကဒုကမူ-မိစ္ဆတ္တတိကမူလီ ၁၀-နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ နိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော)၊ ၂ဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် ၄-ပါး)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော 'အနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## (၁၆) သဟေတုကဒုကမူ - မဂ္ဂါရမ္မဏတိကမူလီ ၁၀-နည်း

မဂ်ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်)၊ မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိ = ပညာ = အမောဟ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာ တည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သည့် မဂ်စိတ်လေးခု)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ = ပညာ= ဝီမံသာဓိပတိ, သမ္မာဝါယာမ = ဝီရိယာဓိပတိ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော ဝီမံသာဓိပတိနှင့် သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ်လေးခု)။ပ။

## (၁၇) သဟေတုကဒုကမူ-ဥပ္ပန္နတိကမူလီ ၁၀-နည်း

ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ‘ပစ္စုပ္ပန်’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ‘အနာဂတ်’ ဝိညာဏက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ) ။ပ။

## (၁၈) သဟေတုကဒုကမူ-အတီတတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော ‘အတိက်’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော ‘အနာဂတ်’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော ‘ပစ္စုပ္ပန်’ ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## (၁၉) သဟေတုကဒုကမူ-အတီတာရမ္မဏတိကမူလီ ၁၀-နည်း

ဖြစ်ပြီးသော ‘အတိက်’ တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော ‘အနာဂတ်’တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော ‘ပစ္စုပ္ပန်’ တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## (၂၀) သဟေတုကဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်း

အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ ‘အဇ္ဈတ္တဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## (၂၁) သဟေတုကဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါး ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(သဟေတုကဒုက်ကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော သဟေတုကဒုကမူလကနည်း ၂၁-နည်း ပြီး၏။ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၅) = ၁၁၅၅-ပါး ဖြစ်၏)။

**(သဟေတုကဒုကမူ-တိကမူလီ ၂၁-နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၂ - ဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ ဤဟေတုသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း၌ တစ်နည်း တစ်နည်းလျှင် ထပ်မံ၍ ဧကကမှ ဒသကအထိ ၁၀-နည်းစီ ဟောပြရန် ဖြစ်သည်၊ သို့ရာတွင် ဤနည်း၌ ရှေးဦးအစမျှကိုသာ ဖော်ပြထားသည်။ အကျယ်ဖွင့်လိုလျှင် ပြဆိုခဲ့ပြီးသော သဟေတုကဒုကမူ- တိက် ၂၁-ခု မူလီ ၂၁-နည်းအတိုင်း နည်းယူ၍ ဖွင့်ဆိုပါလေ၊ ကျန် 'ဒုက' မူများအတွက်လည်း ဤနည်းအတိုင်း သိပါလေ။

## ၃ - နဟေတု သဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၂-စူဠန္တရဒုကမှ ဒုက် ၂-ခု)

## ၄ - လောကိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

လောက၌ အကျုံးဝင်သော 'လောကီ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး) ။ပ။

## ၅ - ကေနစိဝိညေယျဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၃-အာသဝဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၆ - သာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးနေတတ် ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၇ - အာသဝသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အာသဝနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၈ - အာသဝဝိပ္ပယုတ္တသာသဝဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာ သည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၄-သညောဇနဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၉ - သံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၁၀ - သံယောဇနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၁၁ - သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၅-ဂန္ထဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၁၂ - ဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ' ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဂန္ထ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။ပ။

## ၁၃ - ဂန္ထသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူ စိတ်များ)၊ ဂန္ထနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## ၁၄ - ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၆-ဩဃဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၁၅ - ဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) နစ်မြုပ်စေတတ်သော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဩဃ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## ၁၆ - ဩဃသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ဩဃနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၁၇ - ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၇-ယောဂဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၁၈ - ယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် တွယ်ကပ်စေတတ်သော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ 'ယောဂ' ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၁၉ - ယောဂသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၂၀ - ယောဂဝိပ္ပယုတ္တယောဂနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်းမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၈-နီဝရဏဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၂၁ - နီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ဈာန်မဂ်ဖိုလ်တရားတို့ကို) တားမြစ်ပိတ်ပင်တတ်သော သဘော 'နီဝရဏ' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၂၂ - နီဝရဏသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ နီဝရဏနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၂၃ - နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၉-ပရာမာသဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၂၄ - ပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ပရာမာသ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## ၂၅ - ပရာမာသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး)၊ ပရာမာသနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၂၆ - ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

(၁၀-မဟန္တရ ဒုကမှ ဒုက် ၁-ခု)

## ၂၇ - ဥပါဒိဏ္ဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်များ)၊ တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

(၁၁-ဥပါဒါနဂေါစ္ဆကမှ ဒုက် ၃-ခု)

## ၂၈ - ဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' ၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (လောကီစိတ်များ)၊ ဥပါဒါန်၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (လောကုတ္တရာစိတ်များ)။ပ။

## ၂၉ - ဥပါဒါနသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူစိတ်စိတ် ၈-ပါး)၊ ဥပါဒါန်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## ၃၀ - ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒေါသမူ, မောဟမူ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၁၂-ကိလေသဂေါစ္ဆကမှ ဒုက် ၄-ခု)

## ၃၁ - သံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ကိလေသာ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## ၃၂ - သံကိလိဋ္ဌဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သော (ကိလေသာနှင့် ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်သော (ကိလေသာတို့နှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## ၃၃ - ကိလေသသမ္ပယုတ္တဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကိလေသာနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၃၄ - ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ပ။

(၁၃-ပိဋ္ဌိဒုကမှ ဒုက် ၁၈-ခု)

## ၃၅ - ဒဿနေန ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

## ၃၆ - ဘာဝနာယ ပဟာတဗ္ဗဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါး, ဒေါသမူ ဒွေး, ဥဒ္ဓစ္စသဟဂုတ်စိတ်)၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ပ။

## ၃၇ - ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော (ဟိတ်နှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ ။ပ။

## ၃၈ - ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ- တိက် ၂၁-ခု မူလီ ၂၁-နည်း

ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော (ဟိတ်နှင့် မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၃၉ - သဝိတက္ကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက် မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၀ - သဝိစာရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိစာရစိတ် ၆၆-ပါး)၊ ဝိစာရ မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၁ - သပ္ပီတိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး)၊ ပီတိမရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၂ - ပီတိသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁-ပါး)၊ ပီတိနှင့် တကွမဖြစ်သော (ပီတိနှင့်မယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၃ -သုခသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

သုခဝေဒနာနှင့်တကွ ဖြစ်သော (သုခဝေဒနာနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ် စိတ် ၆၃-ပါး)၊ သုခဝေဒနာနှင့်တကွ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၄ - ဥပေက္ခာသဟဂတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော (ဥပေက္ခာဝေဒနာနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)၊ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၅ - ကာမာဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၆ - ရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၇-အရူပါဝစရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ မဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၄၈ - ပရိယာပန္နဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

(ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးဝင်သော (လောကီ) 'ပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

## ၄၉ - နိယျာနိကဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ် လေးပါး)၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ပ။

## ၅၀ - နိယတဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

အကျိုးပေးမြဲသော 'နိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မိစ္ဆတ္တနိယတ, သမ္မတ္တနိယတစိတ်များ) (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏ သတ္တမဇော, ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ၏ သတ္တမဇော, မဂ်စိတ်လေးပါး)၊ အကျိုးပေး မမြဲသော 'အနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ပ။

## ၅၁ - သဥတ္တရဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

မိမိထက် လွန်မြတ်သော တရားရှိသော 'သဥတ္တရ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ မိမိထက် လွန်မြတ်သော တရားမရှိသော 'အနုတ္တရ'ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ) ။ပ။

## ၅၂ - သရဏဒုကမူ-တိက် ၂၁-ခု မူလီ ၂၁-နည်း

## (၁) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

[ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' ဝိညာဏ က္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၂) သရဏဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၊ ဒေါသမူဒွေး)၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဉပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။ပ။

## (၃) သရဏဒုကမူ-ကုသလတိကမူလီ ၁၀-နည်း

ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)။ပ။ **[၁]

၁။ ** အမှတ် (၄) သရဏဒုကမူ-ဉပါဒိဏ္ဏတိကမူလီ ၁၀-နည်းမှ အမှတ် (၂၀) သရဏဒုကမူ-အဇ္ဈတ္တတိကမူလီ ၁၀-နည်းအထိ (သရဏဒုကမူ ၁၇-နည်းတို့ကို) ပေယျာလ လုံးဝ ချန်ခဲ့သည်။

## (၂၁) သရဏဒုကမူ-အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တ ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ် ၏။

(ဒုက် ၅၂-ခုကို မူတည်ပြီးလျှင် တိက် ၂၁-ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း (၅၂×၂၁) = ၁၀၉၂-နည်း ပြီး၏။ အသေးစိတ် ရေတွက်ပါမူ ဤဒုကမူလကနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၅၂×၂၁×၅၅) = ၆၀၀၆၀-ပါး ဖြစ်၏)။

**ဒုက်ကို မူတည်၍ဟောသော 'ဒုကမူလက' နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## တိကမူလကနည်း (တိကမူ-ဒုကမူလီ)

(တိက် ၂၁- ခုကို မူတည်ပြီးလျှင် ဒုက် ၅၂ - ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၂၁×၅၂) = ၁၀၉၂- နည်း)**[၁]

၁။ ** ဤနည်း ၁၀၉၂-နည်း၌ တစ်နည်း တစ်နည်းကိုပင် တစ်ဖန် ၁၀-နည်းစီထပ်၍ ပွါးပြန်သည်။ ထိုထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။ ထို့ကြောင့် အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာ ပေါင်း (၁၀၉၂×၅၅) = ၆၀၀၆၀-ပါး ဖြစ်သည်။

## ၁ - ကုသလတိကမူ-ဒုက် ၅၂-ခု မူလီ

## (ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ဟောသောနည်း ၅၂-နည်း)

### (၁) ကုသလတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း**[၁]

**ဧကကနည်း**

၁၂၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဟိတ်စိတ် ၇၁-ပါး)၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာ သည် ရှိ၏ (အဟိတ် စိတ် ၁၈-ပါး)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝိညာဏက္ခန္ဓာ သည် ရှိ၏ (ကုသိုလ်စိတ်များ)၊ အကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အဗျာကတဝိညာဏ က္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်များ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာ သည် ဖြစ်၏။

၁။ ** ဤထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါး ရှိသည်။

## (၂) ကုသလတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၆။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ကုသလတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၅၁) ကုသလတိကမူ-သဥတ္တ ရ ဒုကမူလီ ၁၀-နည်းအထိ (ကုသလတိကမူ ၄၉-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၅၂) ကုသလတိကမူ-သရဏဒုကမူလီ ၁၀-နည်း

[ဒုကကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဒုကနည်း။ ။**

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ် စိတ် ၁၂-ပါး)၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ (ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း ပြီး၏။ ဤကုသလတိကမူ၌ ဝိညာဏက္ခန္ဓာပေါင်း (၅၅×၅၂) = ၂၈၆၀-ပါး ဖြစ်၏)။

# ခန္ဓဝိဘင်္ဂ

## ၂ - ဝေဒနာတိကမူ-ဒုက် ၅၂-ခု မူလီ

## (ဝေဒနာတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

## (၁) ဝေဒနာတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

**ဧကကနည်း**

၁၂၇။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

## ၃ - ဝိပါကတိကမူ-ဒုက် ၅၂-ခု မူလီ

## (ဝိပါကတိက်ကို မူတည်၍ ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသောနည်း ၅၂-နည်း)

## (၁) ဝိပါကတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၄) ဥပါဒိဏ္ဏတိကမူ-ဒုက်-၅၂-ခု မူလီမှ အမှတ် (၂၀) အဇ္ဈတ္တတိကမူ-ဒုက် ၅၂-ခု မူလီအထိ (တိကမူ ၁၇-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## ၂၁ - အဇ္ဈတ္တာရမ္မဏတိကမူ-ဒုက် ၅၂-ခု မူလီ ၅၂-နည်း

## (၁) အဇ္ဈတ္တာရမ္မဏတိကမူ-သဟေတုကဒုကမူလီ ၁၀-နည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၂) အဇ္ဈတ္တာရမ္မဏတိကမူ-ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၈။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) အဇ္ဈတ္တာရမ္မဏတိကမူ-နဟေတု သဟေတုကဒုကမူလီ ၁၀-နည်းမှ အမှတ် (၅၁) အဇ္ဈတ္တာရမ္မဏ တိကမူ-သဥတ္တရဒုကမူလီ ၁၀-နည်း အထိ (အဇ္ဈတ္တာရမ္မဏတိကမူ ၄၉-နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၅၂) အဇ္ဈတ္တာရမ္မဏတိကမူ-သရဏဒုကမူလီ ၁၀-နည်း

[တိကနည်း။ပ။ ဒသကနည်း]

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော ‘သရဏ’ ဝိညာဏက္ခန္ဓာသည် ရှိ၏။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော ‘အရဏ’ ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာ သည် ဖြစ်၏။

(တိက် ၂၁-ခုကို မူတည်ပြီးလျှင် ဒုက် ၅၂-ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၂၁×၅၂) = ၁၀၉၂-နည်း ပြီး၏။ ဤတိကမူလကနည်း၌ အသေးစိတ် ရေတွက်သော် ဝိညာဏက္ခန္ဓာ ပေါင်း (၂၁×၅၂×၅၅) = ၆၀၀၆၀-ပါး ဖြစ်၏)။

**တိက်ကို မူတည်၍ဟောသော ‘တိကမူလက’ နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဥဘတောဝဍ္ဎနကနည်း

## (တိက် ၂၁- ခုနှင့် ဒုက် ၂၁-ခုတို့ကို တစ်စုံစီထား၍ ပွါးသော ဥဘတောဝဍ္ဎနကနည်း ၂၁-နည်း)[၁]

(ဤဥဘတောဝဍ္ဎနကနည်း ၂၁-နည်း၌ တစ်နည်းတစ်နည်းအတွက် ၁၀-နည်းစီ ထပ်၍ပွါးပြန်သည်။ ထိုထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါးရှိသည်။ အသေးစိတ် ရေတွက်ပါမူ ဤဥဘတော ဝဍ္ဎနကနည်း ၂၁-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၅) = ၁၁၅၅-ပါးရှိသည်။)

### (၁) သဟေတုကဒုက်နှင့် ကုသလတိက် တစ်စုံ ၁၀-နည်း[၁]

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၂၉။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြား သော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁။ ဤထပ်ပွါး ၁၀-နည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၅၅-ပါးရှိသည်။

### (၂) ဟေတုသမ္ပယုတ္တဒုက်နှင့်ဝေဒနာတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၃) နဟေတုသဟေတုကဒုက်နှင့်ဝိပါကတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုး ဝိပါက်ကို ဖြစ်စေတတ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်များ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြိယာစိတ်များ) ။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၄) လောကိယဒုက်နှင့် ဥပါဒိဏ္ဏတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ လောက၌ အကျုံးဝင်သော လောကီ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော လောကုတ္တရာ ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၅) ဧကနစိဝိညေယျဒုက်နှင့် သံကိလိဋ္ဌတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ပူပန်စေတတ်နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၆) သာသဝဒုက်နှင့် သဝိတက္ကတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါး နေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ အာသဝ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရလည်း ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅-ပါး)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁-ပါး)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၇) အာသဝသမ္ပယုတ္တဒုက်နှင့် ပီတိတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟ တို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အာသဝနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ပီတိနှင့်တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ပီတိသဟဂုတ်စိတ် ၅၁-ပါး)၊ သုခဝေဒနာနှင့်တကွ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃-ပါး)၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၈) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဒဿနတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၆။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟ တို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာ သည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ် ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်သည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ် များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၉) သံယောဇနိယဒုက်နှင့် ဒဿနဟေတုတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၇။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ စိတ်များ)၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (ဒဿနမည်သော) သောတာပတ္တိမဂ် သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (ဘာဝနာ မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော

ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၀) သံယောဇနသမ္ပယုတ္တဒုက်နှင့် အာစယဂါမိတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၈။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ် စိတ်များ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အပစယဂါမိ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာ စိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် သေက္ခတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၃၉။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး နှင့် အောက်ဖိုလ်သုံးပါး)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ)ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ် မူ၍ 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၂) ဂန္ထနိယဒုက်နှင့် ပရိတ္တတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏ က္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော သဘော 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဂန္ထ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကာမစိတ်များ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်များ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် ရာဂ အစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' မည်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၃) ဂန္ထသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူစိတ်များ)၊ ဂန္ထနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ နည်းသော အာနုဘော်ရှိသည့် 'ပရိတ္တ' တရား (ကာမတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ 'အပ္ပမာဏ' တရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၄) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်နှင့် ဟီနတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောဘမူ, ဒေါသမူကြဉ်သော လောကီစိတ်များ)၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာ စိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန' ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂-ပါး)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ မြင့်မြတ်သော 'ပဏီတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈-ပါး)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၅) ဩဃနိယဒုက်နှင့် မိစ္ဆတ္တတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကိုဝဋ္ဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ဩဃ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖေါက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော)၊ မဖေါက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၆) ဩဃသမ္ပယုတ္တဒုက်နှင့် မဂ္ဂါရမ္မဏတိက် တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ္ဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော 'ဩဃ' နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ဩဃနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာတည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သော) ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ မဂ်မည်

သော အကြီးအမျုး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, သမ္မာဝါယာမ မဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိ မည်သောဝီရိယ) ရှိသော ဝိညာဏက္ခန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၇) ဩဃဝိပ္ပယုတ္တဩဃနိယဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဩဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ဩဃ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ စိတ်များ)၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဥပါဒ်, ဋ္ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န' ဝိညာဏက္ခန္ဓာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ မချွတ်ဧကန် ဖြစ်လတ္တံ့သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၈) ယောဂနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၆။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော သဘော 'ယောဂ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ ယောဂ၏ အာရုံ မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်' ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၇။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ယောဂနှင့် မယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၂၀) ယောဂဝိပ္ပယုတ္တယောဂနိယဒုက်နှင့် အဇ္ဈတ္တတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၈။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ယောဂနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

## (၂၁) နီဝရဏိယဒုက်နှင့် အဇ္ဈတ္တာရမ္မဏတိက်တစ်စုံ ၁၀-နည်း

[ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း]

**ဧကကနည်း**

၁၄၉။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာတည်း။

**ဒုကနည်း။ ။**

နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင် တားဆီးတတ်သော သဘော 'နီဝရဏ' ၏ အာရုံဖြစ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ နီဝရဏ၏ အာရုံမဟုတ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။

**တိကနည်း။ ။**

သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁- ခုနှင့် ဒုက် ၂၁- ခုတို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝဍ္ဍက' နည်း ၂၁-နည်း ပြီး၏။ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၅၅) = ၁၁၅၅ ပါး ဖြစ်၏)။

**တိက်နှင့် ဒုက်တို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝဍ္ဍက' နည်း ပြီး၏။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓဝါရ

## (များသောအပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ'နည်း ၂၁-နည်း)

## သတ္တကနည်း

## (တိက် ၂၁-ခုကို ဘုံလေးပါးတို့ဖြင့်ဝေဖန်၍ ၇-ပါးစီဟောသော သတ္တကနည်း)

### (၁) ကုသလတိက် သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

### (၂) ဝေဒနာတိက် သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။ ။ ချမ်းသာ ခံစားမှု 'သုခဝေဒနာ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' နှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု (အလယ်အလတ်ခံစားမှု) 'အဒုက္ခမသုခဝေဒနာ' (ဥပေက္ခာဝေဒနာ) နှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပါဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် သတ္တကနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် သတ္တကနည်းအထိ (သတ္တကနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ထားခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် သတ္တကနည်း

အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံ ပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်း 'အဇ္ဈတ္တဗဟိဒ္ဓ' အပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ ။

ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ရှိ၏။

(ဤဗဟုဝိဓဝါရနည်း၌ အသေးစိတ်ရေတွက်ပါမူ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၇) = ၁၄၇-ပါး ဖြစ်၏)။

**(ဗဟုဝိဓဝါရ သတ္တကနည်း ၂၁-နည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## စတုဝီသတိဝိဓနည်း

တိက် ၂၁-ခုကို ဖသ ၆-ပါးဖြင့် ဝေဖန်၍ ၂၄ -ပါးစီ ဟောသော စတုဝီသတိဝိဓနည်း ၂၁-နည်း[၁]

၁။ စတုဝီသတိဝိဓနည်း ၂၁-နည်း၌ တစ်နည်းတစ်နည်းအတွက် ဝိညာဏက္ခန္ဓာ ၂၄-ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၂၄) = ၅၀၄-ပါးဖြစ်သည်။

### (၁) ကုသလတိက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာ သည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏။

၄-၅-၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၆-၁၇-၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏။

၁၉-၂၄။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိ စိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။ ။

ဤသို့ နှစ်ဆယ့် လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**(ကုသလတိက် စတုဝီသတိဝိဓနည်း ပြီး၏)။**

## (၂) ဝေဒနာတိက် စတုဝိသတိဝိနေည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၂-၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဒုက္ခမ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် စတုဝီသတိဝိနေည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် စတုဝီသတိဝိနေည်းအထိ (စတုဝိ သတိဝိနေည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် စတုဝိသတိဝိနေည်း

(နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏)။

၁-၂-၃။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။ [မြင်သိစိတ် 'စက္ခုဝိညာဉ်' ။ပ။ ထိသိစိတ် 'ကာယဝိညာဉ်'၊ ကြံသိစိတ် 'မနောဝိညာဉ်'][၁]

၄-၅-၆။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၇-၈-၉။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၀-၁၁-၁၂။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၄-၁၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၆-၁၈။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏။

၁၉-၂၄။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိ စိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။

ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

**(အဇ္ဈတ္တာရမ္မဏတိက် စတုဝီသတိဝိနေည်း ပြီး၏)။**

(တိက် ၂၁-ခုကို ဖဿ ၆-ပါးဖြင့် ဝေဖန်၍ ၂၄-ပါးစီဟောသော စတုဝီသတိဝိနေည်း ၂၁-နည်း ပြီး၏။ အသေးစိတ်ရေတွက်သော် ဤစတုဝီသတိဝိနေည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၂၄) = ၅၀၄-ပါး ဖြစ်၏)။

## (စတုဝီသတိဝိနေည်း ၂၁-နည်း ပြီး၏)။

၁။ ဤစာပိုဒ်မှာ ပါဠိတော်၌ ပါရှိနေသဖြင့်သာ အနက်ပြန်ဆိုရေးသားလိုက်ပါသည်၊ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာ ဖြစ်ပါသည်။

# ခန္ဓဝိဘင်္ဂ

## တိကသဝိနည်း

### (ဘုံလေးပါးဖြင့် ဖသ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း)

သုံးဆယ်ပြားသော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၄။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ကျင်လည် ကျက်စားရာ ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ကျင်လည်ကျက်စားရာ ဖြစ်သော) အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၅-၈။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၉-၁၂။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၃-၁၆။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၇-၂၀။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၁-၂၄။ စိတ်အတွေ့ 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည်ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၂၅-၃၀။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိ စိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။ ။ ဤသို့ သုံးဆယ်ပြား သော နည်းအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖသ ၆-ပါးကို ဝေဖန်၍ အပြား ၃၀-အားဖြင့် ဟောသော တိကသဝိနည်း ပြီး၏။ ဤတိကသဝိနည်း၌ ဝိညာဏက္ခန္ဓာပေါင်း ၃၀-ပါး ဖြစ်၏)။

**(တိကသဝိနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ဗဟုဝိဓနည်း

## တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြားရှိသော ဗဟုဝိဓ နည်း ၂၁-နည်း[၁]

၁။ ဤနည်း တစ်နည်း တစ်နည်း၌ ဝိညာဉ်ပေါင်း ၄၈-ပါး ရှိသည်၊ ထို့ကြောင့် ဗဟုဝိဓနည်း ၂၁-နည်း၌ ဝိညာဉ်ပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ရှိသည်။

### (၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈-ပါး

များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။ [မြင်သိစိတ် 'စက္ခုဝိညာဏ်' ။ပ။ ကြံသိစိတ် 'မနောဝိညာဏ်'][၁]

၈-၁၄။ နားအတွေ့ 'သောတသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ 'ကာယသမ္ဖဿ' ဟူသော အကြောင်းကြောင့်။ပ။

၃၆-၄၂။ စိတ်အတွေ့ (စိတ်နှင့်ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် ကုသိုလ် ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အကုသိုလ်ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အဗျာကတဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော 'ကာမာဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'ရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ' ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္န' (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၄၃-၄၈။ မြင်သိစိတ် 'စက္ခုဝိညာဏ်'။ပ။ ကြံသိစိတ် 'မနောဝိညာဏ်' ။ ။ ဤသို့ များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁။ ဤစာပိုဒ်မှာအပိုဖြစ်သည်၊ ပါဠိတော်၌ပါရှိနေ၍သာ ဘာသာပြန်ဆို ရေးသားလိုက်ပါသည်။

## (၂) ဝေဒနာတိက် ဗဟုဝိဓနည်း ၄၈-ပါး

ထိုမှတစ်ပါးလည်း များသောအပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

၁-၇။ မျက်စိအတွေ့ ‘စက္ခုသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။[၁]

၁။ အမှတ် (၃) ဝိပါကတိက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဇ္ဈတ္တတိက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈-နည်းတို့ကို) ပေယျာလ လုံးဝ ချန်ခဲ့သည်။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး

(ထိုမှတစ်ပါးလည်း များသော အပြားအားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏)။

၁-၇။ (မျက်စိအတွေ့ ‘စက္ခုသမ္ဖဿ’ကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ ‘အဇ္ဈတ္တဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော ‘ကာမာဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော ‘ရူပါဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော ‘အရူပါဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော ‘အပရိယာပန္န’ (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။

၈-၁၄။ နားအတွေ့ ‘သောတသမ္ဖဿ’ ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ့ ‘ဃာနသမ္ဖဿ’ ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ့ ‘ဇိဝှါသမ္ဖဿ’ ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ့ ‘ကာယသမ္ဖဿ’ ဟူသော အကြောင်းကြောင့်။ပ။

[၃၆-၄၂။ စိတ်အတွေ့ ‘မနောသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏက္ခန္ဓာသည် ရှိ၏။ပ။][**၁]

၃၆-၄၂။ (စိတ်အတွေ့ ‘မနောသမ္ဖဿ’ ဟူသော အကြောင်းကြောင့်ဖြစ်သော ဝိညာဏက္ခန္ဓာသည်) အတွင်း ‘အဇ္ဈတ္တ’ သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အပ ‘ဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အတွင်းအပ ‘အဇ္ဈတ္တဗဟိဒ္ဓ’ သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ‘ကာမာဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) ‘ရူပါဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) ‘အရူပါဝစရ’ ဝိညာဏက္ခန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော ‘အပရိယာပန္န’ (လောကုတ္တရာ) ဝိညာဏက္ခန္ဓာသည် ရှိ၏။[**၂]

၄၃-၄၈။ မြင်သိစိတ် ‘စက္ခုဝိညာဏ်’၊ ကြားသိစိတ် ‘သောတဝိညာဏ်’၊ နံသိစိတ် ‘ဃာနဝိညာဏ်’၊ လျက်သိ စိတ် ‘ဇိဝှါဝိညာဏ်’၊ ထိသိစိတ် ‘ကာယဝိညာဏ်’၊ ကြံသိစိတ် ‘မနောဝိညာဏ်’။ ဤသို့ များသော အပြား အားဖြင့် ဝိညာဏက္ခန္ဓာသည် ဖြစ်၏။

(တိက် ၂၁-ခုကို ဘုံလေးပါး ဖဿ ၆-ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသော အပြားရှိသော ဗဟုဝိနည်း ၂၁-နည်း ပြီး၏။ ဤနည်း၌ ဝိညာဏက္ခန္ဓာပေါင်း (၂၁×၄၈) = ၁၀၀၈-ပါး ဖြစ်၏)။

**(ဗဟုဝိဓနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

ဤဆိုအပ်ခဲ့ပြီးသော ဝိညာဏ်ကို သိမ့်အစု 'ဝိညာဏက္ခန္ဓာ' ဟု ဆိုအပ်၏။

[ဝိညာဏက္ခန္ဓာပေါင်းမှာ

| | |
|---|---|
| (၁) ဒုကမူလကနည်း | ၆၀၀၆၀-ပါး |
| (၂) တိကမူလကနည်း | ၆၀၀၆၀-ပါး |
| (၃) ဥဘတောဝဍ္ဎကနည်း | ၁၁၅၅-ပါး |
| (၄) သတ္တကနည်း | ၁၄၇-ပါး |
| (၅) စတုဝီသတိဝိဓနည်း | ၅၀၄-ပါး |
| (၆) တိံသဝိဓနည်း | ၃၀-ပါး |
| (၇) ဗဟုဝိဓနည်း | ၁၀၀၈-ပါး |

ပေါင်း ၁၂၂၉၆၄-ပါးဖြစ်၏]။

**ဝိညာဏက္ခန္ဓာ ပြီး၏။**

**ဝိညာဏ်တို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန် ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

၁။ဤစာပိုဒ်သည် ဝေဒနာတိက် ဗဟုဝိဓနည်းကို ပြန်ဖော်ထားခြင်းဖြစ်သည်၊ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာ ဖြစ်သည်၊ လေ့လာသူအတွက် ရှုပ်ထွေးစေသည်။
၂။ ဤစာပိုဒ်မှာ အဇ္ဈတ္တာရမ္မဏတိက်ကို ဆက်လက်၍ ဖော်ပြခြင်းဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆက

## (အမေးအဖြေပြု၍ ဟောကြားသော ‘ပဉှာပုစ္ဆက’နည်း)

## ခန္ဓာငါးပါး

## (ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း)

၁၅၀။ ခန္ဓာငါးပါးတို့ကား- ရုပ်အစု ‘ရူပက္ခန္ဓာ’၊ ခံစားမှုအစု ‘ဝေဒနာက္ခန္ဓာ’၊ မှတ်သားမှုအစု ‘သညာက္ခန္ဓာ’၊ ပြုပြင်စီရင်မှုအစု ‘သင်္ခါရက္ခန္ဓာ[၁]’၊ သိမှုအစု ‘ဝိညာဏက္ခန္ဓာ’တို့တည်း။

၁။ သင်္ခါရက္ခန္ဓာဆိုသည်မှာ ဝေဒနာ, သညာကြဉ်သော စေတသိက် ၅၀-ပါးဖြစ်သည်။

## ခန္ဓာငါးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်း သက်သက်ကို ပြခြင်း

## ၁ - တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက် အမေးပုစ္ဆာ။

၁၅၁။ ခန္ဓာငါးပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ‘ကုသိုလ်’ ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ‘အကုသိုလ်’ ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ‘အဗျာကတ’ ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။ (တိက်အမှတ် ၂-မှ ၂၂-အထိ ပေယျာလ ချန်ထားခဲ့ သည်။)[**၁]

၁။ အမှတ် (၂) ဝေဒနာတိက်မှ အမှတ် (၂၂) သနိဒဿနတိက်အထိ (တိက် ၂၁-ခုကို) ပေယျာလ လုံးဝ ချန်ထားခဲ့သည်။ ထိုတိက်တို့ကို ကုသလတိက် အမေးပုစ္ဆာအတိုင်း ချဲ့၍ ယူပါလေ၊ အန္တပေယျာလနည်း ဖြစ်သည်။

## ၂ - ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

## (ဒုက်အမှတ် ၁-မှ ၉၉-အထိ ပေယျာလ ချန်ထားခဲ့သည်)[**၁]

### (၁၀၀) သရဏဒုက် အမေးပုစ္ဆာ။

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော ‘သရဏ’ ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော ‘အရဏ’ ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း။

၁။ အမှတ် (၁) ဟေတုဒုက်မှ အမှတ် (၉၉) သဉတ္တရဒုက်အထိ (ဒုက် ၉၉-ခုကို) ပေယျာလ လုံးဝချန်ခဲ့သည်၊ ထိုဒုက် တို့ကို သရဏဒုက်အမေးပုစ္ဆာနည်းတူ ချဲ့၍ယူပါလေ၊ အာဒိပေယျာလနည်း ဖြစ်သည်။

# ခန္ဓဝိဘင်္ဂ

## ခန္ဓာငါးပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ၁ - တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### (၁) ကုသလတိက် အဖြေဝိသဇ္ဇနာ။ ။

၁၅၂။ ရုပ်အစု 'ရူပက္ခန္ဓာ' သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဖြစ်ကုန်၏ (ကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' ဖြစ်ကုန်၏ (ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။

### (၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ။ ။

(ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ) ခန္ဓာနှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း, ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း, အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ (သုခသဟဂုတ် စိတ် ၆၃-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ (ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်, ဒေါသမူဒွေနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါး တို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

### (၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော) တရား ဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာ စိတ္တုပ္ပါဒ်)။

## (၄) ဥပါဒိဏ္ဏတိက် အဖြေဝိသဇ္ဇနာ။ ။

အချို့သော ရူပက္ခန္ဓာသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (ကမ္မဇရုပ်)။

အချို့သော ရူပက္ခန္ဓာသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်၏ (ကမ္မဇရုပ်မှ ကြွင်းသော တိဇရုပ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ် သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

## (၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' တို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာ တို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာ တို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်)။

## (၆) ဝိတက္ကတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာဖြစ်၏ (ဝိတက်, ဝိစာရတို့နှင့် မယှဉ်)။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိကုန်၏ (သဝိတက္ကစိတ် ၅၅-ပါးနှင့် ၎င်းတို့၌ရှိသော ဝေဒနာ, သညာ)။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိကုန်၏ (ဒုတိယဈာန်စိတ် ၁၁-ပါးနှင့် ၎င်းတို့၌ ရှိသော ဝေဒနာ, သညာ)။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာများ ဖြစ်ကုန်၏ (အဝိတက္က အဝိစာရစိတ် ၅၅-ပါးနှင့် ၎င်းတို့၌ရှိသော ဝေဒနာ, သညာ)။အချို့သော သင်္ခါရက္ခန္ဓာသည် ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ခန္ဓာဖြစ်၏ (သဝိတက္က စိတ် ၅၅-ပါး၌ရှိသော ဝိတက်ဝိစာရကြဉ်သည့် သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိသော ခန္ဓာဖြစ်၏ (ဒုတိယဈာန်စိတ် ၁၁-ပါး၌ရှိသော ဝိစာရကြဉ်သည့် သင်္ခါရက္ခန္ဓာ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာဖြစ်၏ (အဝိတက္ကအဝိစာရစိတ် ၅၅-ပါး၌ရှိသော သင်္ခါရက္ခန္ဓာနှင့် ဒုတိယ ဈာန်စိတ် ၁၁-ပါး၌ရှိသော ဝိစာရ ၁၁-ပါး)။

### တိက်မုတ်။ ။

အချို့သော သင်္ခါရက္ခန္ဓာကို ဝိတက်လည်းရှိ၍ ဝိစာရလည်း ရှိသော ခန္ဓာဖြစ်၏ဟူ၍ လည်းကောင်း, ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ခန္ဓာဖြစ်၏ဟူ၍ လည်းကောင်း, ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာဖြစ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (သဝိတက္ကစိတ် ၅၅-ပါး၌ ရှိသော ဝိစာရ စေတသိက် ၅၅-ပါး)။ (ဏီ-၁၄၀၁)[၁]။

၁။ ဤနေရာ၌ သင်္ခါရက္ခန္ဓာကို သီးခြားထုတ်၍ ဟောထားသည်၊ အကြောင်းမှာ သင်္ခါရက္ခန္ဓာ၌ တိက်သုံးခုအပြင် တိက်မုတ်လည်း ရနိုင်သောကြောင့် ဖြစ်သည်၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိစာရစေတသိက် ၅၅-ခု သည် တိက်မုတ် ဖြစ်သည်၊ စင်စစ်မှာ ဝိစာရ ၆၆-ခုရှိသော်လည်း ဒုတိယဈာန်၌ရှိသော ဝိစာရ ၁၁-ခုမှာ တိက်၏ တတိယပဒ၌ တရားကိုယ်အရ ကောက်နိုင်သောကြောင့်တည်း။

## (၇) ပီတိတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာကို ပီတိနှင့်တကွဖြစ်၏ဟူ၍ လည်းကောင်း (ပီတိနှင့် ယှဉ်၏ဟူ၍ လည်းကောင်း), သုခ ဝေဒနာနှင့်တကွဖြစ်၏ဟူ၍ လည်းကောင်း, ဥပေက္ခာဝေဒနာနှင့်တကွဖြစ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ။

အချို့သော ဝေဒနာက္ခန္ဓာသည် ပီတိနှင့် တကွဖြစ်၍ (ပီတိနှင့်ယှဉ်၍) သုခဝေဒနာနှင့် တကွ မဖြစ်ချေ (သပ္ပီတိကစိတ် ၅၁-ပါးတို့၌ရှိသော ဝေဒနာ)၊ (အချို့သော ဝေဒနာက္ခန္ဓာသည် ပီတိနှင့်သာ တကွ ဖြစ်၍) ဥပေက္ခာဝေဒနာနှင့် တကွမဖြစ် (ပီတိသဟဂုတ်စိတ် ၅၅-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါး တို့၌ရှိသော ဝေဒနာ)။

### တိက်မုတ်။ ။

အချို့သော ဝေဒနာက္ခန္ဓာကို ပီတိနှင့်တကွဖြစ်၏ (ပီတိနှင့်ယှဉ်၏)ဟု မဆိုအပ်ချေ (ကာယဝိညာဉ် ဒွေ, ဒေါသမူဒွေး, ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါးတို့၌ ရှိသော ဝေဒနာ)။

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိသဟဂုတ်စိတ် ၅၁-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃-ပါးနှင့် ထိုစိတ်တို့၌ ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)။

**တိက်မုတ်။ ။**

အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ (ယှဉ်ကုန်၏) ဟူ၍ လည်းကောင်း, သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း, ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒုက္ခသဟဂုတ်ကာယဝိညာဉ်နှင့် ဒေါသမူစိတ်တို့၌ရှိသော သညာ, သင်္ခါရ, ဝိညာဉ်)။ (ဏီ-၁၄၀၄)

## (၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည့် ခန္ဓာလည်း မဟုတ်၊ (သောတာ ပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်သည့် ခန္ဓာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ) ၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

## (၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်း မဟုတ်၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်နှင့် မောဟကြွင်းသော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူ စိတ္တုပ္ပါဒ်၊ မောဟကြွင်းသော ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (မောဟမူဒွေ၌ရှိသော မောဟ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၄၁၀)

## (၁၀) အာစယဂါမိတိက် အဖြေ ဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်နှင့် အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

## (၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်သုံးပါး စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်) ၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၄၁၆)

## (၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် နည်းသော အာနုဘော်ရှိ၏ (နည်းသော အာနုဘော် ရှိသည့် 'ပရိတ္တ' (ကာမ) တရားဖြစ်၏)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာနုဘော် နည်းကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သည်ဖြစ်ကုန်၏ (မဟဂ္ဂတစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိုင်းယှဉ်တတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သည့်) 'အပ္ပမာဏ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်)။

## (၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏။

**တိက်မုတ်။ ။**

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပညတ်ကို ဧကန်အာရုံပြုသော နာမ်ခန္ဓာ

လေးပါးဖြစ်သော ရူပစိတ် ၁၅-ပါးနှင့် အရူပပထမနှင့် တတိယစိတ် ၆-ပါး၊ ၎င်းတို့၌ရှိသော ဝေဒနာ, သညာ, သင်္ခါရ)။ (ဏီ-၁၄၂၂)

## (၁၄) ဟီနတိက် အဖြေ ဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် အလယ်အလတ်တရား ဖြစ်၏။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ယုတ်ညံ့သော 'ဟီန' တရား ဖြစ်ကုန်၏ (အကုသိုလ် စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရားဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

## (၁၅) မိစ္ဆတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် မိစ္ဆတ္တနိယတလည်း မဟုတ်မူ၍ သမ္မတ္တနိယတလည်း မဟုတ်ချေ (အနိယတ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖောက်ပြန်တတ်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအား ဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူ စိတ်တို့၏ သတ္တမဇောစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဖောက်ပြန်သော သဘော ရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲကုန် (အနိယတ)။

## (၁၆) မဂ္ဂါရမ္မဏတိက် အဖြေ ဝိသဇ္ဇနာ။ ။

ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရား မဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဂ်ကို အာရုံ ပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ သည် မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော ပညာတည်းဟူသော အမောဟ ဟိတ်) ရှိကုန်၏ (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဂ်မည်သော အကြီး အမှူး 'မဂ္ဂါဓိပတိ' (ဝီမံသာဓိပတ = အမောဟ= သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ = ဝီရိယာဓိပတိ = ဝီရိယ) ရှိကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၄၂၉)

**တိက်မုတ်။ ။**

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း, မဂ်မည်သော အကြောင်းရင်းဟိတ် ရှိကုန်၏ဟူ၍ လည်းကောင်း, မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' ရှိကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (မဂ်ကို အာရုံမပြုသော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၂၉)

## (၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။ ။

အချို့သော ခန္ဓာငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန် ၏၊ အချို့သော ခန္ဓာငါးပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ် ကုန် (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ, ကမ္မဇရုပ်မှ

တစ်ပါး တိဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့သည် မချွတ်ဧကန် ဖြစ်လတ္တံ့ ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ (ဏီ-၁၄၃၀)

**(၁၈) အတီတတိက် အဖြေ ဝိသဇ္ဇနာ။ ။**

အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ပြီး 'အတိက်' တရား ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရား ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်ကုန်၏။

**(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။**

ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏။

**တိက်မုတ်။ ။**

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း, မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း, ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပညတ်နှင့်နိဗ္ဗာန်ကို အာရုံပြုသော တရားများ)။ (ဏီ-၁၄၃၄)

**(၂၀) အဇ္ဈတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။**

အချို့သော ခန္ဓာငါးပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

**(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။**

ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏။

**တိက်မုတ်။ ။**

အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း, အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံ ပြုကုန်၏ဟူ၍ လည်းကောင်း, အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နတ္ထိဘာဝပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ် ၃-ပါး)။ (ဏီ-၁၄၃၇)

**(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။**

နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန် (အနိဒဿနအပ္ပဋိဃ)။

အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘော မရှိမူ၍ ထိပါးတတ်သော သဘောသာ ရှိ၏ (ရူပါရုံမှ တစ်ပါးသော ဩဠာရိကရုပ် ၁၁-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (သုခုမရုပ် ၁၆-ပါး)။

**(ခန္ဓာငါးပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကိုပြသော ပဥှာပုစ္ဆကနည်း ပြီး၏)။**

# ခန္ဓဝိဘင်္ဂ

## ၂ - ဒုကဝိသဇ္ဇနာ

## (ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

## ၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၁) ဟေတုဒုက်**

၁၅၃။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ဟိတ်မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မည်၏ (ဟိတ်၆-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ် မမည်။

**(၂) သဟေတုကဒုက်။** ။ ရူပက္ခန္ဓာသည် ဟိတ်ရှိသောတရား (ဟိတ်နှင့် ယှဉ်သောတရား) မဟုတ်ချေ။

အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ဟိတ်ရှိသေ တရား (ဟိတ်နှင့် ယှဉ်သောတရား) ဖြစ်ကုန်၏ (မောဟမူဒွေ၌ရှိသော မောဟကြဉ်သည့် သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ် မရှိကုန် (မောဟမူဒွေး ၌ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်)။

**(၃) ဟေတုသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် ဟိတ်နှင့် မယှဉ်။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။

**(၄) ဟေတု သဟေတုကဒုက်။** ။ ရူပက္ခန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်သာ ရှိ၍ ဟိတ်မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ဟူ၍ မဆိုအပ်ကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (မောဟမူဒွေ၌ ရှိသော မောဟကြဉ်သည့် ဟိတ် ၆-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ချေ (သဟိတ်စိတ်၌ ရှိသည့် ဟိတ် ၆-ပါးကြဉ်သော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ဟူ၍လည်းကောင်း, ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေ၌ရှိသော မောဟ၊ အဟိတ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာများ)။ (ဏီ-၁၄၄၈)

**(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း, ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ။

(ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ကုန်။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ဟူ၍ မဆိုအပ်ကုန် (အဟိတ်စိတ်၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (မောဟမူဒွေ၌ရှိသော မောဟကြဉ်သည့် ဟိတ် ၆ ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၆-ပါးကြဉ်သည့် သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဟိတ် နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေး၌ရှိသော မောဟ၊ အဟိတ် စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၅၀)

**(၆) နဟေတု သဟေတုကဒုက်။** ။ ရူပက္ခန္ဓာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ။

အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန်။

အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (သဟိတ်စိတ်၌ရှိသော ဟိတ် ၆-ပါးကြဉ်သည့် သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည် မူ၍ ဟိတ်လည်းမရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဟိတ် ၆-ပါး)။ (ဏီ-၁၄၅၂)

**(ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

## ခန္ဓဝိဘင်္ဂ

### (၂ - စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ)

**(၇) သပ္ပစ္စယဒုက်။** ။ ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့နှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

**(၈) သင်္ခတဒုက်။** ။ ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်စီရင် အပ်သော 'သင်္ခတ' တရားဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

**(၉) သနိဒဿနဒုက်။** ။ နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သော သဘောမရှိကုန် (နာမ်ခန္ဓာတို့ကို မမြင်အပ်ချေ)။ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောရှိ၏ (မြင်အပ်၏) (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘော မရှိချေ (မမြင်အပ်ချေ) (ကြွင်းသောရုပ်များ)။

**(၁၀) သပ္ပဋိဃဒုက်။** ။ နာမ်ခန္ဓာလေးပါးတို့သည် ထိပါးတတ်သော သဘောမရှိကုန် (အပ္ပဋိဃ)။ အချို့သော ရူပက္ခန္ဓာ သည် ထိပါးတတ်သော သဘော ရှိ၏ (ဩဠာရိကရုပ် ၁၂-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် ထိပါးတတ် သော သဘော မရှိချေ (သုခုမရုပ် ၁၆-ပါး)။

**(၁၁) ရူပီဒုက်။** ။ ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော သဘောရှိ၏။ နာမ်ခန္ဓာလေးပါးတို့သည် (ရူပက္ခန္ဓာ ဖောက်ပြန် သကဲ့သို့) ဖောက်ပြန်တတ်သော သဘောမရှိကုန်။

**(၁၂) လောကိယဒုက်။** ။ ရူပက္ခန္ဓာသည် လောက၌ အကျုံးဝင်၏ (လောကီတရားဖြစ်၏)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏ (လောကီစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာ လေးပါး တို့သည် လောကမှ ထွက်မြောက်သော တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်)။

**(၁၃) ကေနစိဝိညေယျဒုက်။** ။ ခန္ဓာငါးပါးတို့သည် တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော တရား ဖြစ်ကုန်၏၊ ခန္ဓာငါးပါးတို့သည် တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော တရား မဟုတ်ကုန်။

**(စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## (၃ - အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

**(၁၄) အာသဝဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဏ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့၏သန္တန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝမည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရက္ခန္ဓာ သည် အာသဝ မမည်ချေ။

**(၁၅) သာသဝဒုက်။** ။ ရူပက္ခန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

**(၁၆) အာသဝသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်ကုန်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူဒွေးနှင့် မောဟမူ ဒွေးတို့၌ရှိသော မောဟ)။

**(၁၇) အာသဝသာသဝဒုက်။** ။ ရူပက္ခန္ဓာကို အာသဝလည်းမည်၍ အာသဝ၏အာရုံလည်း ဖြစ်၏ဟူ၍ မဆိုအပ်ချေ။ ရူပက္ခန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာ ဖြစ်၍ အာသဝ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံသာဖြစ်၍ အာသဝမမည်ကုန် (လောကီစိတ်, ၄င်းနှင့်ယှဉ်ဘက် ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ် ၄င်းနှင့်ယှဉ်ဘက် ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၇၂)

**(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန် (အကုသိုလ်စိတ်, ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် အာသဝ နှင့်သာ ယှဉ်၍ အာသဝမမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ စေတသိက်များ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အာသဝနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ၊ ဒေါသမူ ဒွေးနှင့် မောဟမူဒွေး တို့၌ရှိသော မောဟ)။ (ဏီ-၁၄၇၀, ၁၄၇၄)

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်။** ။ ရူပက္ခန္ဓာသည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, ဒေါသမူနှင့်မောဟမူစိတ်တို့၌ရှိသော မောဟ)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒေါသမူနှင့် မောဟမူစိတ်တို့၌ ရှိသည့် မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၇၆)

**(အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## (၄ - သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

**(၂၀) သံယောဇနဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ် မည်၏၊ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ် မမည်ချေ။

**(၂၁) သံယောဇနိယဒုက်။** ။ ရူပက္ခန္ဓာသည် သံယောဇဉ်၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာ လေးပါး တို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏၊ (လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် သံယောဇဉ်၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

**(၂၂) သံယောဇနသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ကြွင်းသော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၈၁, ၁၄၈၂)

**(၂၃) သံယောဇန သံယောဇနိယဒုက်။** ။ ရူပက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ (ရူပက္ခန္ဓာသည်) သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ကုန် (လောကီစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ, ခန္ဓာသုံးပါး)။ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (သံယောဇဉ် ၁၀-ပါး)။ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ် ၁၀-ပါးကြဉ်သော လောကီသင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၈၄)

**(၂၄) သံယောဇန သံယောဇနသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ် နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန် (အကုသိုလ်စိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မှတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ကုန် (သံယောဇဉ်နှင့် မယှဉ်သော ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့၌ ရှိသည့် ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (သံယောဇဉ် ၁၀-ပါး)။ အချို့သော သင်္ခါရက္ခန္ဓာသည် သံယောဇဉ်နှင့် သာယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရား ကိုယ်ကြဉ်သည့် အကုသိုလ်စိတ် တို့နှင့် ယှဉ်သော သင်္ခါရက္ခန္ဓာစေတသိက်များ)။

**ဒုက်မှတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့် သာယှဉ်၍ သံယောဇဉ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (သံယောဇဉ်နှင့် မယှဉ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၈၆)

**(၂၅) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်။** ။ ရူပက္ခန္ဓာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာ နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

**ဒုက်မှတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်းမယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (သံယောဇဉ်နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး= ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကြဉ်သည့် အကုသိုလ် နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၈၁, ၁၄၈၈)

**(သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## (၅ - ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

**(၂၆) ဂန္ထဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထမည်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထ မမည်ချေ။

**(၂၇) ဂန္ထနိယဒုက်။** ။ ရူပက္ခန္ဓာသည် ဂန္ထ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထ၏အာရုံဖြစ်ကုန်၏ (လောကီ နာမ်ခန္ဓာလေးပါး)၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

**(၂၈) ဂန္ထသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့်ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသည့် ဒေါသကြဉ်သော လောဘမူ, ဒေါသမူ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသမူ ဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၉၃, ၁၄၉၄)

**(၂၉) ဂန္ထ ဂန္ထနိယဒုက်။** ။ ရူပက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်၊ ရူပက္ခန္ဓာသည် ဂန္ထ၏အာရုံသာ ဖြစ်၍ ဂန္ထမမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ထ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏)့ အာရုံဖြစ်၍ ဂန္ထမမည်ကုန် (လောကီစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၍ ဂန္ထမမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သည့် လောကီစိတ်တို့၌ ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်းဖြစ်၏ ဟူ၍ လည်း ကောင်း၊ ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၉၆)

**(၃၀) ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင်) သာ ယှဉ်၍ ဂန္ထမမည်ကုန် (လောဘမူ, ဒေါသမူစိတ်နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ဟု မဆိုအပ်ကုန် (လောဘမူ, ဒေါသမူစိတ်တို့ကြဉ်သည့် ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု ၌ ရှိသော လောဘ, ဒိဋ္ဌိ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထ မမည်ချေ (ဂန္ထတရားကိုယ်ကြဉ်သည့် လောဘမူ, ဒေါသမူစိတ်တို့ ၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ထနှင့်သာယှဉ်၍ ဂန္ထမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဂန္ထနှင့်မယှဉ်သော သင်္ခါရက္ခန္ဓာ= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ၊ လောဘမူ, ဒေါသမူစိတ်တို့ ကြဉ်သည့် ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၄၉၈)

**(၃၁) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက်။** ။ ရူပက္ခန္ဓာသည် ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံ သာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ၊ လောဘမူ, ဒေါသမူ ကြဉ်သော လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ထနှင့်လည်းမယှဉ်မူ၍ ဂန္ထ၏အာရုံလည်း မဖြစ်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် ((ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူ နာမ်ခန္ဓာလေးပါး= ဂန္ထနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၅၀၀)

**(ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## (၆ - ဩဃဂေါစ္ဆကဒုက် ၆-ခုအဖြေ ဝိသဇ္ဇနာ)

**(၃၂)-(၃၇)။** (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝင်္ခုဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ'မမည်ကုန်။ပ။[**၁]

## (၇ - ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

**(၃၈)-(၄၃)။** (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ' မမည်ကုန်။ပ။

၁။ ** ဩဃဂေါစ္ဆကနှင့် ယောဂဂေါစ္ဆကဒုက်တို့သည် အာသဝဂေါစ္ဆကဒုက်နှင့် အလုံးစုံတူသည်၊ ထို့ကြောင့် ထိုဂေါစ္ဆကတို့၏ အဖွင့်အကျယ်ကို ပေယျာလချန်ထားခြင်းဖြစ်သည်၊ အာသဝဂေါစ္ဆကကဲ့သို့ အကျယ်ချဲ့၍ သိပါလေ။

## (၈ - နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ)

**(၄၄) နီဝရဏဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ် ခန္ဓာလေးပါးတို့သည်) (စျာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ 'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏမည်၏ (လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏမမည်ချေ (ကြွင်းသင်္ခါရက္ခန္ဓာများ)။

**(၄၅) နီဝရဏိယဒုက်။** ။ ရူပက္ခန္ဓာသည် နီဝရဏ၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)။ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

**(၄၆) နီဝရဏသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် နီဝရဏနှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏ နှင့် မယှဉ်ကုန်။

**(၄၇) နီဝရဏ နီဝရဏိယဒုက်။** ။ ရူပက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် နီဝရဏ၏အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏလည်းမည်၍ နီဝရဏ၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန် (လောကီစိတ်တို့နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

**ဒုက်မှတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏ၏ အာရုံသာ ဖြစ်၍ နီဝရဏမမည်ဟု မဆိုအပ်ကုန် (နီဝရဏ၏အာရုံမဟုတ်သော လောကုတ္တရာစိတ်နှင့် ၄င်းတို့

၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏလည်း မည်၍ နီဝရဏ၏အာရုံလည်း ဖြစ်၏ (နီဝရဏ တရားကိုယ် ရှစ်ပါး= လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏမမည်ချေ (နီဝရဏတရား ကိုယ်ကြဉ်သော လောကီ သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်းဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၁၀)

**(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်းယှဉ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏလည်းမည်၍ နီဝရဏနှင့်လည်းယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် နီဝရဏနှင့်သာယှဉ်၍ နီဝရဏ မမည်ကုန်။ (အကုသိုလ်စိတ်နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နီဝရဏနှင့်သာယှဉ်၍ နီဝရဏ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (နီဝရဏတရား ကိုယ် ၈-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် နီဝရဏနှင့်သာယှဉ်၍ နီဝရဏမမည်ချေ (နီဝရဏတရား ကိုယ် ၈-ပါး ကြဉ်သော အကုသိုလ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့် သာယှဉ်၍ နီဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နီဝရဏနှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ = ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၁၂)

**(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက်။** ။ ရူပက္ခန္ဓာသည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို နီဝရဏနှင့်မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (အကုသိုလ်စိတ္တုပ္ပါဒ်= နီဝရဏနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၅၁၄)

**(နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## (၉ - ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေ ဝိသဇ္ဇနာ)

**(၅၀) ပရာမာသဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသ မမည်ချေ။

**(၅၁) ပရာမဋ္ဌဒုက်။** ။ ရူပက္ခန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (လောကီနာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာနာမ်ခန္ဓာ လေးပါး)။

**(၅၂) ပရာမာသသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)၊ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိကြဉ်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော သင်္ခါရက္ခန္ဓာ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသနှင့် မယှဉ်ချေ။ (ဏီ-၁၅၁၉, ၁၅၂၀)

**ဒုက်မှတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ပရာမာသနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့် မယှဉ် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ-၁၅၂၀)

**(၅၃) ပရာမာသ ပရာမဋ္ဌဒုက်။** ။ ရူပက္ခန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (လောကီစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

**ဒုက်မှတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီ သင်္ခါရက္ခန္ဓာ)။

**ဒုက်မှတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၂၂)

**(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက်။** ။ ရူပက္ခန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု, ဒေါသမူဒွေး, မောဟမူဒွေး, လောကီကုသိုလ်, ဝိပါက်, ကြိယာ့နာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရာမာသနှင့် မယှဉ်မူ၍ ပရာမသ၏ အာရုံသာဖြစ်၏ ဟူ၍ လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိ, ဒိဋ္ဌိနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၅၂၄)

**(ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## ၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေ ဝိသဇ္ဇနာ

**(၅၅) သာရမ္မဏဒုက်။** ။ ရူပက္ခန္ဓာသည် အာရုံပြုတတ်သော သဘောမရှိ (အာရုံမပြုတတ်ချေ) (အနာရမ္မဏ)၊ နာမ်ခန္ဓာလေးပါးတို့သည် အာရုံပြုတတ်ကုန်၏ (သာရမ္မဏ)။

**(၅၆) စိတ္တဒုက်။** ။ ဝိညာဏက္ခန္ဓာသည် စိတ်မည်၏၊ (ကြွင်းသော) ခန္ဓာလေးပါးတို့သည် စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရ) ခန္ဓာသုံးပါးတို့သည် စေတသိက်မည်ကုန်၏၊ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စေတသိက် မမည်ကုန်။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ယှဉ်ကုန်၏။ ရူပက္ခန္ဓာသည် စိတ်နှင့်မယှဉ်ချေ။

**ဒုက်မုတ်။** ။ ဝိညာဏက္ခန္ဓာကို စိတ်နှင့် ယှဉ်ဟူ၍လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဏီ-၁၅၃၂)

**(၅၉) စိတ္တသံသဋ္ဌဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ရောနှော (ယှဉ်တွဲ) ကုန်၏၊ ရူပက္ခန္ဓာသည် စိတ်နှင့်မရောနှော (မယှဉ်)။

**ဒုက်မုတ်။** ။ ဝိညာဏက္ခန္ဓာကို စိတ်နှင့် ရောနှော၏ဟူ၍လည်းကောင်း၊ စိတ်နှင့် မရောနှောဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဏီ-၁၅၃၄)

**(၆၀) စိတ္တသမုဋ္ဌာနဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏၊ ဝိညာဏက္ခန္ဓာသည် စိတ်ကြောင့် မဖြစ်။ အချို့သော ရူပက္ခန္ဓာသည် စိတ်ကြောင့် ဖြစ်၏ (စိတ္တဇရုပ်)၊ အချို့သော ရူက္ခခန္ဓာသည် စိတ်ကြောင့် မဖြစ် (စိတ္တဇရုပ်မှ တစ်ပါးသော တိဇရုပ်)။

**(၆၁) စိတ္တသဟဘုဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာသည် စိတ်နှင့် တကွမဖြစ် (ဝိညာဏက္ခန္ဓာကို စိတ်နှင့် အတူဖြစ် အတူပျက်ဟု မဆိုအပ်ချေ)။ အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့်တကွဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏) (ဝိညတ်ဒွေး)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့် တကွမဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သည့် ကြွင်းသောရုပ် ၂၆-ပါး)။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာ သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်။ အချို့သော ရူပက္ခန္ဓာသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (ဝိညာတ်ဒွေး)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်သို့အစဉ်လိုက်၍ မဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ)။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်ကုန်၏၊ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်ကုန်။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွ (စိတ်နှင့်လည်း အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွ မဖြစ်ကုန်။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်။** ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ (စိတ်နှင့်လည်း အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှော မူ၍ စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်။

**(၆၆) အဇ္ဈတ္တိကဒုက်။** ။ ဝိညာဏက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ'သန္တာန်[၁]၌ ဖြစ်၏။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌[၂] ဖြစ်ကုန်၏။ အချို့သော ရူပက္ခန္ဓာသည် အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်၏ (ပသာဒရုပ် ၅-ပါး)၊ အချို့သော ရူပက္ခန္ဓာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်၏ (ကြွင်းသောရုပ်များ)။ (ဏီ-၁၅၄၇-၁၅၄၈)

၁။ အာယတန ၁၂-ပါးကို အတွင်း (အိမ်သည်) အာယတန ၆-ပါး,

၂။ အပြင် (ဧည့်သည်) အာယတန ၆-ပါးအားဖြင့် ပိုင်းခြား၍ ဟောထားခြင်း ဖြစ်သည်။

**(၆၇) ဥပါဒါဒုက်။** ။ နာမ်ခန္ဓာလေးပါးတို့သည် (မဟာဘုတ်လေးပါးကို) မှီ၍ မဖြစ်ကုန်။ အချို့သော ရူပက္ခန္ဓာသည် (မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်၏ (ဥပါဒါရုပ်များ)၊ အချို့သော ရူပက္ခန္ဓာသည် (ဥပါဒါရုပ်တို့မှီသကဲ့သို့) မှီ၍ မဖြစ် (မဟာဘုတ်လေးပါး)။

**(၆၈) ဥပါဒိန္နဒုက်။** ။ အချို့သော ခန္ဓာငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံကြောင့် ဖြစ်ကုန်၏) (လောကီဝိပါက် နာမ်ခန္ဓာလေးပါးနှင့် ကမ္မဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ် သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံကြောင့် မဖြစ်ကုန်) (ကြွင်းသော နာမက္ခန္ဓာနှင့် ကမ္မဇရုပ်မှ တစ်ပါးသော တိဇရုပ်များ)။

**(မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## ၁၁ - ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

**(၆၉) ဥပါဒါနဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပြင်းစွာစွဲလမ်းတတ်သော သဘော 'ဥပါဒါန်'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန် မမည်ချေ။

**(၇၀) ဥပါဒါနိယဒုက်။** ။ ရူပက္ခန္ဓာသည်ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီ စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်)။

**(၇၁) ဥပါဒါနသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့်ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘကြဉ်သည့် လောဘမူနာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ် ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ)။ (ဏီ-၁၅၅၇-၁၅၅၈)

**(၇၂) ဥပါဒါန ဥပါဒါနိယဒုက်။** ။ ရူပက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန် (လောကီ စိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာ စိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီ သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည် ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၆၀)

**(၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့် သာယှဉ်၍ ဥပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်နှင့်သာယှဉ်၍ (လောဘ, ဒိဋ္ဌိနှင့်သာ) ယှဉ်၍ ဥပါဒါန်မမည်ကုန် (လောဘမူစိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ကုန် (ဥပါဒါန်နှင့်မယှဉ်သော ဝေဒနာ, သညာ, ဝိညာဉ်= ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ခု ၌ရှိသော လောဘ, ဒိဋ္ဌိ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူ စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍လည်း ကောင်း၊ ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်လည်း မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥပါဒါန်နှင့် မယှဉ်သော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၅၈, ၁၅၆၂)

**(၇၄) ဥပါဒါန ဝိပ္ပယုတ္တဥပါဒါနိယဒုက်။** ။ ရူပက္ခန္ဓာသည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေး, မောဟမူဒွေး, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါးနှင့် ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ် ၄-ခု၌ရှိသော လောဘ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့်လည်းမယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဥပါဒါန်နှင့် ယှဉ်သော နာမ်ခန္ဓာလေးပါး= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘကြဉ် သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ဏီ-၁၅၆၄)

**(ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## ၁၂ - ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေ ဝိသဇ္ဇနာ

**(၇၅) ကိလေသဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာမည်၏ (လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာ မမည်ချေ (ကြွင်းသော သင်္ခါရက္ခန္ဓာ)။

**(၇၆) သံကိလေသိကဒုက်။** ။ ရူပက္ခန္ဓာသည် ကိလေသာ၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီနာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် ကိလေသာ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

**(၇၇) သံကိလိဋ္ဌဒုက်။** ။ ရူပက္ခန္ဓာသည် ကိလေသာတို့သည် မပူပန်စေအပ်သော တရားဖြစ်၏ (ကိလေသာနှင့် မယှဉ်)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်ကုန်၏ (ကိလေသာတို့နှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ တို့သည် ပူပန်စေအပ် သော သဘော မရှိကုန် (ကိလေသာတို့နှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်)။

**(၇၈) ကိလေသသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာသည် ကိလေသာနှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

**(၇၉) ကိလေသ သံကိလေသိကဒုက်။** ။ ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံ လည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန် (လောကီကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ်၊ ၎င်းတို့၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မှတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ (ကိလေသာတရားကိုယ် ၁၀-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော လောကီစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မှတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ ဟူ၍ လည်းကောင်း၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၇၄)

**(၈၀) ကိလေသ သံကိလိဋ္ဌဒုက်။** ။ ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် သာဖြစ်၍ (ကိလေသာ တို့နှင့်သာ ယှဉ်၍) ကိလေသာ မမည်ကုန် (အကုသိုလ်စိတ်, ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာတို့သည် ပူပန်စေ အပ်သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေ အပ်၏ (ကိလေသာတို့နှင့်လည်းယှဉ်၏) (ကိလေသာ တရားကိုယ်များ)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ် သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာ)။ (ဏီ-၁၅၇၆)

**(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက်။** ။ ရူပက္ခန္ဓာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ကုန် (အကုသိုလ်စိတ်, ၄င်း၌ရှိသော ဝေဒနာ, သညာ)။

**ဒုက်မုတ်။** ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်၊ ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ တရားကိုယ် ၁၀-ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ ၁၀-ပါး ကြဉ်သော အကုသိုလ်စိတ်၌ရှိသော သင်္ခါရက္ခန္ဓာ)။

**ဒုက်မုတ်။** ။ အချို့သော သင်္ခါရက္ခန္ဓာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရက္ခန္ဓာများ)။ (ဏီ-၁၅၇၈)

**(၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက်။** ။ ရူပက္ခန္ဓာသည် ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ တို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။** ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ ကိလေသာတို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏ အာရုံလည်း မဖြစ် ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (အကုသိုလ်နာမ်ခန္ဓာလေးပါး= အကုသိုလ်စိတ္တုပ္ပါဒ်များ)။ (ဏီ၁၅၈၀)

**(ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

------

# ခန္ဓဝိဘင်္ဂ

## ၁၃ - ပိဋ္ဌိဒုက် ၁၈-ခု အဖြေ ဝိသဇ္ဇနာ

**(၈၃) ဒဿနေန ပဟာတဗ္ဗဒုက်။** ။ ရူပက္ခန္ဓာကို (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်နှင့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

**(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက်။** ။ ရူပက္ခန္ဓာကို (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်နှင့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်တို့ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ် သုံးပါး တို့သည် မပယ်အပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။

**(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်။** ။ ရူပက္ခန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသော တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့ သော နာမ်ခန္ဓာ လေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်)။

**(၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်။** ။ ရူပက္ခန္ဓာသည် (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက် မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသောတရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်နှင့် ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ)။

**(၈၇) သဝိတက္ကဒုက်။** ။ ရူပက္ခန္ဓာသည် ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (သဝိတက္ကစိတ်၅၅-ပါး, ၎င်းနှင့်ယှဉ်ဘက် ဝိတက်ကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (အဝိတက္ကစိတ် ၆၆-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ သဝိတက္ကစိတ် ၅၅-ပါး၌ရှိသော ဝိတက် ၅၅-ပါး)။

**(၈၈) သဝိစာရဒုက်။** ။ ရူပက္ခန္ဓာသည် ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိစာရရှိကုန်၏ (ဝိစာရနှင့်ယှဉ်ကုန်၏) (သဝိစာရစိတ် ၆၆ ပါး, ၎င်းနှင့်ယှဉ်ဘက် ဝိစာရကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (အဝိစာရစိတ် ၅၅-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ သဝိစာရစိတ်၆၆-ပါး၌ရှိသော ဝိစာရ ၆၆-ပါး)။

**(၈၉) သပ္ပီတိကဒုက်။** ။ ရူပက္ခန္ဓာသည် ပီတိရှိသော (ပီတိနှင့် ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁-ပါး, ၎င်းနှင့်ယှဉ်ဘက် ပီတိကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (အပ္ပီတိကစိတ္တုပ္ပါဒ်နှင့် သပ္ပီတိကစိတ် ၅၁-ပါး၌ရှိသော ပီတိ ၅၁-ပါး)။

**(၉၀) ပီတိသဟဂတဒုက်။** ။ ရူပက္ခန္ဓာသည် ပီတိနှင့်တကွ မဖြစ် (ပီတိနှင့်မယှဉ်)။ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏)၊ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်)။

**(၉၁) သုခသဟဂတဒုက်။** ။ (ရုပ်, ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်)။ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာ နှင့်တကွ ဖြစ်ကုန်၏ (သုခ ဝေဒနာနှင့် ယှဉ်ကုန်၏) (သုခသဟဂုတ်စိတ် ၆၃-ပါး, ၎င်း၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်။** ။ (ရုပ်, ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်)။ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး, ၎င်း၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်။** ။ ရူပက္ခန္ဓာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရားဖြစ်၏ (ကာမာဝစရမည်၏)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကာမာဝစရတရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကာမာဝစရတရား မဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

**(၉၄) ရူပါဝစရဒုက်။** ။ ရူပက္ခန္ဓာသည် ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ'တရား မဟုတ်ချေ (ရူပါဝစရမမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရား မည်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရား မမည်ကုန် (ကာမာဝစရ, အရူပါဝစရ, လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

**(၉၅) အရူပါဝစရဒုက်။** ။ ရူပက္ခန္ဓာသည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ'တရား မဟုတ်ချေ (အရူပါဝစရတရား မမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မည်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မမည်ကုန် (ကာမာဝစရ, အရူပါဝစရ, လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

**(၉၆) ပရိယာပန္နဒုက်။** ။ ရူပက္ခန္ဓာသည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဘုံသုံးပါး၌ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၀၇) အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဘုံသုံးပါး၌ဖြစ်သည့် ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န' တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၀၈)

**(၉၇) နိယျာနိကဒုက်။** ။ ရူပက္ခန္ဓာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက' တရား ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ-၁၆၀၉) အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ်ဆင်းရဲမှ မထွက်မြောက်စေတတ်သော 'အနိယျာနိက'တရား ဖြစ်ကုန်၏ (ကြွင်းသောစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၁၀)

**(၉၈) နိယတဒုက်။** ။ ရူပက္ခန္ဓာသည် အကျိုးပေးမမြဲသော 'အနိယတ'တရားမည်၏ (ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားလည်း မဟုတ်ချေ) (နိယတ မမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေးမြဲ ကုန်၏ (နိယတ) (နိယတမိစ္ဆဒိဋ္ဌိကံ၏ အစွမ်း အားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်သတ္တမဇောစိတ္တုပ္ပါဒ် နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ် တို့၏ သတ္တမဇောစိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေး မမြဲကုန် (အနိယတ) (ကြွင်းသော စိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၁၁, ၁၆၁၂)

**(၉၉) သဥတ္တရဒုက်။** ။ ရူပက္ခန္ဓာသည် မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဥတ္တရ'တရား ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သော တရားရှိသည့် 'သဥတ္တရ'တရား ဖြစ်ကုန်၏။ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ'တရား ဖြစ်ကုန်၏။ (လောကုတ္တရာစိတ္တုပ္ပါဒ်)။ (ဏီ-၁၆၁၃, ၁၆၁၄)

**(၁၀၀) သရဏဒုက်။** ။ ရူပက္ခန္ဓာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ငိုကြွေး ကြောင်း (ရာဂ စသောကိလေသာ) မရှိသော 'အရဏ'တရား ဖြစ်ကုန်၏ (ကြွင်းသောစိတ္တုပ္ပါဒ်များ)။ (ဏီ-၁၆၁၅, ၁၆၁၆)။

**(ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။**

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော ပဉှာပုစ္ဆကနည်း ပြီး၏)။
ခန္ဓာငါးပါး တို့ကို တိက် ဒုက် တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော ပဉှာပုစ္ဆကနည်း ပြီး၏။

## ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့်

## 'ခန္ဓဝိဘင်း' ပြီးပြီ။

------